ကြေးမုံ
*The Mirror Daily*
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကို ရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 14 July 2019 ၉၇၁၀

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဘောလခဲ)တွင် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဘောလခဲမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဘောလခဲ)တွင် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံစဉ်။

**နေပြည်တော် ဇူလိုင် ၁၃**

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသည့် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးတင်မြင့်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဘောလခဲမြို့နယ်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဘောလခဲ)သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတအား သင်တန်းကျောင်းခန်းမ၌ ညွှန်ကြားရေးမှူး ဦးသောင်းထိုက်က သင်တန်းကျောင်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို တည်ထောင်ဖွင့်လှစ်ခဲ့သည့် ရည်ရွယ်ချက်များ အောင်မြင်အောင် ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာကို ကြိုးစားသင်ယူကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ငွေများကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို လည်းကောင်း ပေးအပ်ကြပြီး ကျောင်းသားအိပ်ဆောင်အား ကြည့်ရှုသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

## ထန်းတပင်မြို့နယ်နှင့် လှည်းကူးမြို့နယ်တို့တွင် ပြုလုပ်မည့် စက်မှုဥယျာဉ်မြို့တော်စီမံကိန်းများ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အတည်ပြု

**ရန်ကုန် ဇူလိုင် ၁၃**

ယမန်နေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် ထန်းတပင်မြို့နယ်နှင့် လှည်းကူးမြို့နယ်တို့၌ ပြုလုပ်မည့် စက်မှုဥယျာဉ်မြို့တော် စီမံကိန်းများနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ရာ ကန့်ကွက်သူမရှိ အတည်ပြုခဲ့ကြောင်း သိရသည်။

စက်မှုဥယျာဉ်မြို့တော် စီမံကိန်းများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခဲ့မှုအပေါ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူမရှိသည့်အတွက် အတည်ပြုကြောင်း လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကြေညာခဲ့သည်။

ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက စက်မှုဥယျာဉ်မြို့တော် စီမံကိန်းများနှင့် ပတ်သက်၍ ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

ကြေးမုံ ယနေ့ ဖတ်စရာ

ရန်ကုန်စတော့အိတ်ချိန်းတွင် နိုင်ငံခြားသားများ ပါဝင်လာခြင်းကြောင့် အစုရှယ်ယာများ ဈေးတက်နိုင် စာမျက်နှာ » ၄

တရုတ်-မြန်မာစီးပွားရေးစင်္ကြံနှင့် မြန်မာနိုင်ငံ၏ ဒေသတွင်း မဟာဗျူဟာတန်ဖိုးအလှည့်အပြောင်းဆွေးနွေးပွဲ ကျင်းပ စာမျက်နှာ » ၅



## ကြေးမုံ

# ပညာအရည်အသွေး အဆင့်မြှင့်တင်

"ကျွန်မတို့ရဲ့ ရန်ကုန်တက္ကသိုလ်ဟာ ပိုပြီးတော့ပြီးပြည့်စုံမယ့် လူသားတွေကိုမွေးထုတ်ပေးနိုင်မယ့် ပညာရေးဌာနကြီး၊ အဆင့်မြင့်ပညာရေးဌာနကြီးဖြစ်ဖို့ ကျွန်မတို့ ဦးတည်ပါတယ်။ ပညာအရည်အသွေးမြှင့်တင်ရေးကော်မတီဟာ ပညာအရည်အသွေးဆိုတာ ဘာလဲဆိုတာကို စဉ်းစားပြီးတော့ ပိုပြီးလေးလေးနက်နက် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် လုပ်လိမ့်မယ်လို့ ကျွန်မတို့မျှော်လင့်ပါတယ်"ဟု ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်၊ ရာပြည့်သဘင်အခမ်းအနားကျင်းပရေးဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၉)တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မှာကြားသည့် ပညာအရည်အသွေးဆိုသည်မှာ ပိုမိုပြီးပြည့်စုံမည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည့် ပညာရေးဌာနကြီးကို ရည်ညွှန်းထားပြီး ထိုပညာရေးဌာနကြီးမှာ အတိတ်တစ်ချိန်က မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာတွင်ပါ ထင်ရှားကျော်ကြားခဲ့သော ရန်ကုန်တက္ကသိုလ်ကြီးပင်ဖြစ်သည်။ ထိုစဉ်ကာလက ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူ အများစုသည် ထူးချွန်ထက်မြက်သော လူသားအရင်းအမြစ်များဖြစ်ခဲ့ကြသည်။

စတင်တာထွက်သည်မှ အစဉ်အလာကောင်းခဲ့သော ရန်ကုန်တက္ကသိုလ်ကြီးသည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားပညာရေး၊ အမျိုးသားလွတ်မြောက်ရေး၊ နိုင်ငံလွတ်လပ်ရေးအတွက် မျိုးစေ့ချရာ ဘူမိနက်သန် နေရာမှန်ဖြစ်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးကို ဆောင်ကြဉ်းပေးနိုင်မည့် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်တို့ကဲ့သို့ ခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးနိုင်ခဲ့သည်။ မြကျွန်းညိုတက္ကသိုလ်ဟု ဂုဏ်ယူခေါ်တွင်ခဲ့သော ကျောင်းတော်ကြီးမှ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်များပေါ်ထွက်ခဲ့သလို နိုင်ငံတကာမှ ထင်ရှားသောပညာရှင်များလည်း လာရောက်လေ့လာဆည်းပူးခဲ့ကြသည်။

စစ်ကြိုခေတ်နှင့်လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်သည် ကမ္ဘာပေါ်တွင် ထင်ရှားသည့် တက္ကသိုလ်များ၌ အပါအဝင်ဖြစ်ပြီး ပညာရည်အားဖြင့် အရှေ့တောင်အာရှတွင် အကောင်းဆုံးဖြစ်ခဲ့သည်။ တက္ကသိုလ်ပရိဝုဏ်နှင့်ဥပမိရုပ်မှာလည်း အရှေ့တောင်အာရှတွင် အလှပဆုံးဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့အလယ်တွင် ဂုဏ်ကျက်သရေထွန်းလင်းတောက်ပသော တက္ကသိုလ်အဖြစ် ဂုဏ်မြင့်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလမှစတင်၍ တရားဝင်အသိအမှတ်ပြု တက္ကသိုလ်ဖြစ်ခဲ့ပြီး လာမည့်နှစ် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နှစ်(၁၀၀)တိတိပြည့်ပြီဖြစ်သည်။ ဂုဏ်သတင်းပြောင်မြောက်ခဲ့သည့် တက္ကသိုလ်ပညာအရည်အသွေးသည် ခေတ်ကာလအလျောက် နိမ့်ကျသက်ဆင်းခဲ့ရပြီး ကျောင်းပတ်ဝန်းကျင်သည်လည်း သွေ့ခြောက်ခဲ့ရသည်။ ထင်ရှားခဲ့သော တက္ကသိုလ်ကြီးအဖြစ် ပြန်လည်အသက်ဝင်လှုပ်ရှားလာရေးကို နိုင်ငံတော်အစိုးရ၏ ဦးစီးဦးဆောင်ပြုမှုနှင့်အတူ ပညာရေးဘက်ဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင်သူများက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ကြတော့မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်၏ ဦးဆောင်ကြိုးပမ်းမှု၊ ရန်ကုန်တက္ကသိုလ်၏ ပညာရင်ငွေ့ကို ခိုလှုံခံစားရရှိခဲ့ကြသည့် အတွေ့အကြုံရှိသော ကျောင်းသားဟောင်းပညာရှင်များ၏ ပါဝင်ကြိုးပမ်းအားထုတ်မှုတို့ဖြင့် လာမည့်နှစ် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်ကာလတွင် အတိတ်တစ်ချိန်ကကဲ့သို့ ဂုဏ်သတင်းကျော်စောသော တက္ကသိုလ်ကြီးအဖြစ် ပြန်လည်ပေါ်ထွန်းလာအောင် ကြိုးပမ်းစွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ရာ သမိုင်းကြောင်းဂုဏ်သတင်းအစဉ်အလာကြီးမားခဲ့သော ရန်ကုန်တက္ကသိုလ်ကြီးကို ပြန်လည်အဆင့်မြှင့်တင်ပြီး ရှေးယခင်ကဲ့သို့ အသက်ဝင်အောင် ကြိုးပမ်းအားထုတ်နေခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားများ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေး၊ တန်းတူလိုက်နိုင်ရေးအတွက် ပညာအရည်အသွေးမြှင့်တင်ပေးခြင်း ဖြစ်သည်ဟု ရှင်းရှင်းလင်းလင်း ရှုမြင်ရပါကြောင်း။ ။

# ဒဿနိကဗေဒပညာရပ်ဆိုင်ရာဟောပြောပွဲ ကျင်းပ




**ရန်ကုန် ဇူလိုင် ၁၃**

နိုင်ငံအတွင်းရှိ ပြည်သူများအတွက် တွေးခေါ်မြော်မြင်မှုပညာရပ်ဖြစ်သော ဒဿနိကဗေဒ ဘာသာရပ် အခန်းကဏ္ဍ ပြန့်ပွားသိရှိစေရန် ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာနက အသစ်ဖွင့်လှစ်လိုက်သည့် အသုံးချဒဿနပညာ ဘွဲ့လွန်ဒီပလိုမာ သင်တန်းသားများ၏ ပထမဆုံးအကြိမ် ဦးစီးပြုလုပ်သော ဒဿနိကဗေဒပညာရပ်ဆိုင်ရာ ဟောပြောပွဲကို ဗိုလ်တထောင် ဘုရားလမ်းရှိ House Of Orchid ဟိုတယ်၌ ယနေ့ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကျင်းပခဲ့ကြောင်း သိရသည်။

**အနာဂတ်နှင့် နိုင်ငံတော်အတွက်**

ဒဿနိကဗေဒ ဘာသာရပ်သည် နေ့စဉ်ဘဝအတွက် အသုံးကျနေသောကြောင့် ပြည်သူလူထုအကြား အသိပညာပေးခြင်းဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများတွင် ဒဿနိကဗေဒဘာသာရပ်ကို အဓိကဘာသာရပ်အနေဖြင့် လုပ်ဆောင်နေသောကြောင့် ပြည်သူလူထုအကြား ဒဿနိကဗေဒဘာသာရပ် အခန်းကဏ္ဍကို ကျယ်ပြန့်စွာ ပြန့်ပွားစေရန်နှင့် သိရှိစေရန်အတွက် ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အနာဂတ်တွင် ပခုံးပြောင်း တာဝန်ထမ်းကြမည် ဖြစ်သောကြောင့် ယခုကဲ့သို့ ဟောပြောပွဲကို တက်ရောက်ခြင်းဖြင့် လက်တွေ့ဘဝတွင် အသုံးချနိုင်ကြမည်ဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန (ပါမောက္ခ၊ ဌာနမှူး) ပါမောက္ခ ဒေါက်တာလဲ့လဲ့ဝင်းက ပြောသည်။

**အသိပညာပေးဟောပြော**

"လူငယ်တွေအနေနဲ့ စီးပွားရေးနဲ့ နိုင်ငံရေးနယ်ပယ်မှာ ကျယ်ပြန့်စွာ လှုပ်ရှားနေကြသူတွေ ဖြစ်ပါတယ်။ လူမှုရေးသိပ္ပံကဏ္ဍနဲ့ နိုင်ငံရေးသိပ္ပံကဏ္ဍမှာ ကိုယ့်ရဲ့ကိုယ်ပိုင် Philosophy တစ်ခုကိုရှိစေချင်လို့ အခုလိုဟောပြောပွဲကို စီစဉ်ဖြစ်တာပါ။ နောက်ပိုင်းမှာ တကယ်အလေးထားလုပ်ကိုင်နေကြတဲ့ လူငယ်တွေနဲ့ ချိတ်ဆက်ပြီး အခုလိုမျိုးအသိပညာပေးဟောပြောပွဲတွေကို ပြုလုပ်သွားဖို့ ရှိပါတယ်"ဟု ဒဿနိကဗေဒ ဒီပလိုမာသင်တန်း အမှတ်စဉ်(၁)မှ ပွဲစီစဉ်သူ ဒေါ်မေမိုးမြင့်ခိုင်က ပြောသည်။

**သဟဇာတရှိရှိ နေထိုင်နိုင်ရေး**

အဆိုပါဟောပြောပွဲ၌ ဒဿနိကဗေဒဘာသာရပ်မှ ရရှိလာသည့်အသိပညာများကိုအသုံးပြု၍ လက်တွေ့ဘဝတွင် နေထိုင်ရှင်သန်သည့်အခါ ကြုံလာရသည့် ဘဝတစ်သက်တာရှိ အခက်အခဲများအတွက် ထိန်းညှိပေးသည့်အကြောင်းအရာများကို ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန (ပါမောက္ခ၊ ဌာနမှူး) ပါမောက္ခ ဒေါက်တာလဲ့လဲ့ဝင်းက လည်းကောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင် လိုအပ်သော နိုင်ငံရေးဆိုင်ရာ ဒဿနိကဗေဒ အကြောင်းအရာများကို ပါမောက္ခ ဒေါက်တာဦးဆောင်က လည်းကောင်း၊ လူအများရှင်သန်နေထိုင်သည့်အခါတွင် သဟဇာတရှိရှိ နေထိုင်နိုင်ရေး၊ ကိုယ်ကျင့်တရား၊ ပညာနှင့်ပတ်သက်သည့် အကြောင်းအရာများကို ဒေါက်တာဆန်းထွန်း (စာရေးဆရာ ဆန်းထွန်းသောင်)က လည်းကောင်း ဟောပြောခဲ့ရာ တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ပွင့်သစ္စာ**

## သတိပေး နှိုးဆော်ချက်

၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၄ နာရီမှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းဆုံ၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံတို့မှ လမ်းလွှဲစနစ်ဆောင်ရွက်မည်ဖြစ်ပြီး အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရွှေတိဂုံဘုရား အနောက်ဘက်မုခ်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ (အာဇာနည်လမ်းထိပ်)၊ ရွှေတိဂုံဘုရား မြောက်ဘက်မုခ် (သွေးဆေးကန်)လမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# မော်လမြိုင်ကျွန်းတွင် (၇၂)နှစ်မြောက် အာဇာနည်နေ့အကြို ဆေးရောင်စုံပန်းချီပြိုင်

**မော်လမြိုင်ကျွန်း ဇူလိုင် ၁၃**

(၇၂)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို မူလတန်းအဆင့် ဆေးရောင်စုံကလေးပန်းချီပြိုင်ပွဲကို မော်လမြိုင်ကျွန်းမြို့နယ် ပြန်ကြားရေးနှင့်



ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပန်းချီအသင်းတို့က ကြီးမှူး၍ ယနေ့နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အ‌ေ (၉) လမ်း မူလတန်းကျောင်းတို့၌ နှစ်နေရာခွဲ၍ကျင်းပသည်။

ယင်းကျောင်းပေါင်းစုံ မူလတန်းအဆင့် ကလေးပန်းချီပြိုင်ပွဲတွင် မြို့ပေါ်ရှိ မူလတန်းကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၄၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျောင်းပေါင်းစုံ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ဆေးရောင်စုံပန်းချီပြိုင်ပွဲကို မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ဆက်လက်ကျင်းပရာ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၀၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မော်ကျွန်း - မြင့်အောင်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

## တစ်ဦးနှင့်တစ်ဦး ညီညီညွတ်ညွတ် လုပ်ကြဖို့တော့လိုတယ်

**လွတ်လပ်ပြီးတဲ့ ဗမာပြည်မှာ တစ်ဦးနှင့်တစ်ဦး ညီညီညွတ်ညွတ် လုပ်ကြဖို့တော့လိုတယ်။ ဒီလိုမှ မဟုတ်ရင် လွတ်လပ်တဲ့ ဗမာပြည်ဟာ လွတ်လပ်ရေးအရသာကို ကျပ်ပြည့်တင်းပြည့် ခံစားရမှာမဟုတ်ဘူး။**

(၁၉၄၇ ခုနှစ် မတ်လအတွင်း ရေဒီယိုမှ ထုတ်လွှင့်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)







ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သံလွင်တံတား(ဖားဆောင်း) ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

✻ **ရွှေဖုံးမှ**

အဆိုပါသင်တန်းကျောင်းကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုနှစ်တွင် ကျောင်းသား ကျောင်းသူ ၁၈၅ ဦးအား ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဖားဆောင်း-မယ်စဲ့လမ်းမိုင်တိုင်အမှတ်(၁၁၈)ရှိ View Point သို့ ရောက်ရှိပြီး Ardent Alliance ကုမ္ပဏီကဆောင်ရွက်မည့် သဘာဝအခြေပြု ကန္နားကယက်လေ့စီးခရီးသွားအပန်းဖြေစခန်းဆောင်ရွက်မည့်နေရာအား ကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် သံလွင်တံတား(ဖားဆောင်း)သို့ ရောက်ရှိရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က တံတားအထက်နှင့် တံတားအောက်ပိုင်း ရေလမ်းကြောင်း ထိန်းသိမ်းထားရှိမှုအခြေအနေများကိုလည်းကောင်း၊ တံတားဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးက တံတားစတင်တည်ဆောက်သည့် ၂၀၁၅ ခုနှစ်မှစတင်ပြီး ယနေ့အချိန်ထိ တံတားအောက်ကြမ်းပြင်တွင် မြစ်ရေတိုက်စားမှုမရှိသည့် အခြေအနေနှင့် မြစ်ကြမ်းပြင် နုန်းမြေမြင့်တက်လာမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် တံတားကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုပြီး မြစ်ကမ်းပါးရေတိုက်စားမှုမရှိစေရေးအတွက် ကမ်းထိန်းနံရံအား ဆက်လက်ဆောင်ရွက်သွားရန်မှာကြားသည်။

**နှစ်စဉ်ကုန်သွယ်မှုပမာဏ တိုးတက်**

ယင်းနောက် ဒုတိယသမ္မတသည် မယ်စဲ့ကုန်သွယ်ရေးစခန်းသို့ ရောက်ရှိရာ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူရက မယ်စဲ့ကုန်သွယ်ရေးစခန်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မယ်စဲ့ကုန်သွယ်ရေးစခန်းကို ၂၀၁၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်စဉ်ကုန်သွယ်မှုပမာဏ တိုးတက်ခဲ့ရာ ၂၀၁၈-၂၀၁၉ ခုနှစ် ဇွန်လကုန်အထိ ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉၉ သန်းရှိကြောင်း သိရသည်။

**ကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတသည် မယ်စဲ့မြို့ မြန်မာ-ထိုင်းနှစ်နိုင်ငံနယ်စပ် BP -13 သို့ ရောက်ရှိပြီး နယ်စပ်စစ်ဆေးရေးစခန်းတည်ဆောက်မည့်နေရာအား ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက နယ်စပ်စစ်ဆေးရေးစခန်း တည်ဆောက်ရာတွင် လိုအပ်သည့် မြေထိန်းနံရံတည်ဆောက်ရေးနှင့် သောက်သုံးရေရရှိရေးတို့ကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစေရေးနှင့် သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် မယ်စဲ့မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာများအား ထောက်ပံ့ငွေများပေးအပ်ကာ ဆေးရုံအဆောက်အအုံသစ်တည်ဆောက်နေမှုကို ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် မယ်စဲ့မြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် လွိုင်ကော်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မယ်စဲ့မြို့ ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေသည့်လူနာများအား ထောက်ပံ့ငွေများပေးအပ်ပြီး အားပေးစကားပြောကြားစဉ်။

✻ **ထန်းတပင်မြို့နယ်မှ**

စီမံကိန်းများ အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် Media Corner ၌ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များအား ရှင်းလင်းဆွေးနွေးခဲ့ပြီး ဇူလိုင် ၃ ရက်တွင် ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးပို့သော ထန်းတပင်မြို့နယ်နှင့် လှည်းကူးမြို့နယ်များတွင် စက်မှုဥယျာဉ်မြို့တော် စီမံကိန်းများ အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ဇူလိုင် ၉ ရက်တွင်ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် ထန်းတပင်မြို့နယ်၌ ပြုလုပ်မည့် စက်မှုဥယျာဉ်မြို့တော် စီမံကိန်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးက ဆွေးနွေးခဲ့ပြီး ဇူလိုင် ၁၀ ရက်တွင် ကျင်းပသော လွှတ်တော်အစည်းအဝေးတွင် လှည်းကူးမြို့နယ်၌ ပြုလုပ်မည့် စက်မှုဥယျာဉ်မြို့တော် စီမံကိန်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ငါးဦးက ဆွေးနွေးခဲ့ကြကာ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ဖြစ်သည့် ဇူလိုင် ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက စက်မှုဥယျာဉ်မြို့တော် စီမံကိန်းအကောင်အထည်ဖော်နိုင်ရေး အဆိုကိုတင်သွင်းခဲ့ရာ ဇူလိုင် ၁၂ ရက်တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် တိုင်းဒေသကြီး လွှတ်တော်က သဘောတူအတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**တစ်ဦးတစ်ပင် စိုက်စေချင်**
**အစဉ်လှပ ပြည်ကြွယ်ဝ**

**တစ်ပင်မှသည် တစ်တောဆီ**
**စီရီစိုက်ပျိုး ပြည့်တန်ဖိုး**

# အဆင့်မြင့်ပညာ ပုဂ္ဂလိကကျောင်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၃**

အဆင့်မြင့်ပညာ ပုဂ္ဂလိကကျောင်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပါမောက္ခချုပ်များကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**အဓိပ္ပာယ်ဖွင့်ဆိုထား**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားပညာရေးဥပဒေ(၂၀၁၄)နှင့် ပြင်ဆင်သည့်ဥပဒေ(၂၀၁၅)အရ ဆောင်ရွက်နေသည့် လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားလိုကြောင်း၊ အမျိုးသားပညာရေးဥပဒေပုဒ်မ ၂(ဓ)အရ အဆင့်မြင့်ပညာရေးဆိုသည်မှာ အခြေခံပညာရေး၏အမြင့်ဆုံးအဆင့်သို့မဟုတ် ယင်းနှင့်တူညီသောအဆင့် အောင်မြင်ပြီးသူများကို အမျိုးသားပညာရေးမူဝါဒကော်မရှင်က အသိအမှတ်ပြုထားသည့် ကျောင်းတစ်ခုခုက လေ့ကျင့်သင်ကြားပေးသည့် ပညာရေးကိုဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါကြောင်း။

အမျိုးသားပညာရေးဥပဒေအရ အဆင့်မြင့်ပညာကျောင်းများသည် ကိုယ်ပိုင်တက္ကသိုလ်ပဋိညာဉ် စာတမ်းနှင့်အညီ တက္ကသိုလ်ကောင်စီများ ဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိက၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးသည့်အနေဖြင့် ပုဂ္ဂလိကကျောင်းဥပဒေကို ရေးဆွဲပြုစုလျက်ရှိပါကြောင်း၊ ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများကို မှတ်ပုံတင်နိုင်သည့်အခွင့်အလမ်းရရှိရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာပြဋ္ဌာန်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ မှတ်ပုံတင်ဆောင်ရွက်ရာတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုဖြစ်သည့်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ သွားရောက်လျှောက်ထားခြင်းကို အားပေးပါကြောင်း။

**ဘွဲ့ရလူငယ်များ ပြုစုပျိုးထောင်**

ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများသည် သုတေသနနှင့် ပညာရပ်ဖွံ့ဖြိုးမှုတို့ကို ဆောင်ရွက်မည်ဖြစ်သည့်အတွက် တက္ကသိုလ်ပဋိညာဉ်စာတမ်းများကိုပြုစုပြီး တက္ကသိုလ်ကောင်စီများ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးကိုလည်း အချိန်ယူကာ အတည်ပြုချက်ရရှိရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့၏ တက္ကသိုလ်သည် အရည်အသွေးအာမခံမှုရှိသော၊ နိုင်ငံ့အကျိုးကိုပံ့ပိုးပေးနိုင်သော၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော အရည်အချင်းပြည့်ဝသည့် ဘွဲ့ရလူငယ်များ ပြုစုပျိုးထောင်ပေးရမည်ဖြစ်ပါကြောင်း၊ ယခုတွေ့ဆုံခြင်းသည် ပုဂ္ဂလိကကဏ္ဍရှိ အဆင့်မြင့်ပညာကျောင်းများကို အကောင်းဆုံးဖြေရှင်းဖြည့်ဆည်းဆောင်ရွက်ရမည့် ကိစ္စဖြစ်၍ ခေါ်ယူတွေ့ဆုံပြီး သိရှိလိုသည်များကို ပြန်လည်ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ Myanmar National Qualification Framework (MNQF) မူကြမ်းကိုလည်း ရှင်းလင်းပြောကြားလိုကြောင်း၊ အမျိုးသားပညာရည် စစ်ဆေးအကဲဖြတ် မူဝါဒများနှင့်ပတ်သက်ပြီး အလွတ်ကျက်မှတ်သည့် ပညာရေးစနစ်မှ စဉ်းစားတွေးခေါ်မှုကိုအားပေးသည့် ပညာရေးစနစ်သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆင့်မြင့်ပညာ ပုဂ္ဂလိကကျောင်းများဆိုင်ရာလုပ်ငန်းများ အောင်မြင်စေရေး အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်က ပုဂ္ဂလိကကျောင်းများ၏ သင်ကြား၊ သင်ယူမှုအရည်အသွေးရှိစေရန်၊ နိုင်ငံတော်၏ လိုအပ်ချက်၊ ကျောင်းသားများ၏ အလုပ်အကိုင်ရရှိမှုအခွင့်အလမ်းပေါ်မူတည်၍ သင်တန်းများကို ဖွင့်လှစ်စေလိုပါကြောင်း ပြောကြားသည်။

**အမှာစကားပြောကြား**

ယင်းနောက် အမျိုးသားပညာရေးအဆင့်အတန်းနှင့်အရည်အသွေးအာမခံမှုအကဲဖြတ်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဝင့်က အမှာစကားပြောကြားရာတွင် မှန်ကန်၍ စည်းကမ်းပြည့်ဝသော ပြည်သူ့အကျိုးပြုပုဂ္ဂလိကပညာရေးစနစ် ဖြစ်ထွန်းလာစေရန်၊ ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများ၏ ပညာအရည်အသွေး ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပညာအရည်အသွေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုတို့ကို စစ်ဆေးအကဲဖြတ်ရန်နှင့် ၎င်းတို့ကို အများပြည်သူတို့ ယုံကြည်ကိုးစားလာစေရန် ရည်ရွယ်လျက် ပညာအရည်အသွေးစစ်ဆေးအကဲဖြတ်ရေးကော်မတီကို ဖွဲ့စည်းမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းတာဝန်များအနေဖြင့် နိုင်ငံတကာ တက္ကသိုလ်များနှင့် အဖွဲ့အစည်းများမှ လာရောက်ဖွင့်လှစ်ထားသော ပညာရေးအဆင့်အသီးသီးရှိ ကျောင်းများ၊ သင်တန်းများ၏ သက်ဆိုင်ရာ နိုင်ငံတကာကွန်ရက်များနှင့် ချိတ်ဆက်၍ ဆောင်ရွက်နေသည့် အခြေအနေများကို သိရှိရန်နှင့် မှန်ကန်မှု ရှိ၊ မရှိ စိစစ်ရန်၊ ကျောင်းတွင်းအရည်အသွေး(Internal Quality Assurance) စနစ် ရှိ၊ မရှိနှင့် ဆောင်ရွက်ထားသည့်အခြေအနေကို စိစစ်ရန်၊ ကျောင်းများ၏ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ မှန်ကန်မှုနှင့် ခိုင်မာမှု ရှိ၊ မရှိ စိစစ်ရန်၊ သင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ လုံလောက်မှု ရှိ၊ မရှိနှင့် ၎င်းတို့၏ ပညာအရည်အချင်း သင်ကြားရေး အတွေ့အကြုံများ စိစစ်ရန်၊ သင်ကြား၊ စီမံဝန်ထမ်းများ၏ အရည်အသွေး၊ ကျွမ်းကျင်မှုနှင့် စဉ်ဆက်မပြတ် တိုးတက်စေရေး ဆောင်ရွက်မည့် အစီအစဉ်များ ရှိ၊ မရှိကို စိစစ်အကဲဖြတ်ရန်၊ သင်ကြား၊ သင်ယူမှုနည်းလမ်းများနှင့် စစ်ဆေးအကဲဖြတ်ခြင်းစနစ်တို့ကို စိစစ်ရန်၊ ထို့ပြင် ကျောင်းများ၏ အခြေခံအဆောက်အအုံပြည့်စုံမှု ရှိ၊ မရှိ၊ သန့်ရှင်းလုံခြုံ၍ သင့်တင့်လျောက်ပတ်သော ကျောင်းပရိဝုဏ် ရှိ၊ မရှိ၊ သင်ကြား၊ သင်ယူမှု အထောက်အကူပြုပစ္စည်းလုံလောက်မှု ရှိ၊ မရှိ စိစစ်ရန်၊ ကျောင်းများနှင့် သင်တန်းအစီအစဉ်များကို အရည်အသွေး အကဲဖြတ်ဆန်းစစ်သောလုပ်ငန်းကို ဆောင်ရွက်ရန်၊ ကျောင်းအမျိုးအစားအလိုက် အပ်နှင်းသည့် သင်တန်းဆင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ဒီဂရီ၊ ဘွဲ့လွန်ဒီဂရီများကို စိစစ်ရန်၊ ဘွဲ့အမျိုးအစားအလိုက် သုတေသနဆောင်ရွက်မှုများ၊ စာတမ်းရေးသားတင်သွင်းမှုများ စနစ်တကျဆောင်ရွက်မှု ရှိ၊ မရှိ စိစစ်ရန်၊ ကျောင်းများ၏ အရည်အသွေးများကို စိစစ်ရန်အတွက် နိုင်ငံတကာကွန်ရက်များ၊ အဖွဲ့အစည်းများနှင့် လိုအပ်သလို ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စစ်ဆေးတွေ့ရှိချက်များကို အမျိုးသားပညာရေး အဆင့်အတန်းနှင့်အရည်အသွေးအာမခံမှုအကဲဖြတ်ရေး ကော်မတီမှတစ်ဆင့် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး ဦးစီးကော်မတီသို့ တင်ပြရန်ဖြစ်ကြောင်း ပြောကြားသည်။

**ပြန်လည်ဖြေကြား**

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ကော်မရှင်နှင့် ကော်မတီများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

အဆင့်မြင့်ပညာ ပုဂ္ဂလိကကျောင်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ American University of Yangon၊ Assumption University - ABAC Myanmar Professional Training Center၊ Benchmark Management College International၊ British University College၊ Business Institute Yangon၊ Career Core Institute၊ Change U Myanmar International College၊ Chindwin College(UK)၊ Ever Up College၊ Excellence Choice, Institute of Finance and Management၊ F.A.M.E Education Myanmar၊ Forever Academic Accountancy and Management Education Co.,Ltd၊ Guarantee International College၊ Info Myanmar University (IMCS Co., Ltd)၊ Institute of Business and Investment Management(IBIM)၊ Kaplan Myanmar University College၊ Knowledge Hub Institute၊ MESI Entrepreneur SMEs၊ MMC Training Institute (Myanmar Computer Company)၊ MMAC College၊ Myanmar Human Resources Institute(MHR)၊ Myanmar Imperial University၊ Myanmar International Business Academy(MIBA)၊ Myanmar Management Institute၊ Myanmar Metropolitan College၊ Myanmar Supply Chain College(MSCC)၊ Oxford Myanmar Medical College၊ Parami Institute of Liberal Arts and Sciences၊ PS Business School၊ Robinson Business School၊ Rvi Institute (Myat Thit OO)၊ Science and Tech International Myanmar University (STI)၊ SME Business Institute၊ Star Academy၊ Strategy First University၊ Temasek International College၊ Victoria University College၊ WISE College၊ Yangon Institute for University Studies(YIUS) ကျောင်း ၃၈ ကျောင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်ကြရန်လို**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကျောင်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အသင်းအဖွဲ့အနေဖြင့် ဖွဲ့စည်းတည်ထောင်ရန်၊ ပညာရေးဝန်ကြီးဌာနက ကျင်းပမည့် တက္ကသိုလ်ပညာရေးဆိုင်ရာ ညီလာခံတွင် ပုဂ္ဂလိကကျောင်းများမှ စာတမ်းများဖတ်ကြားနိုင်ရန်၊ အစိုးရနှင့် ပုဂ္ဂလိကတက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့သည်။

ပုဂ္ဂလိကကျောင်းများ၏ အရည်အသွေးကို လေ့လာဆန်းစစ်နိုင်ရန် ပညာရေးဝန်ကြီးဌာန၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ ပါမောက္ခချုပ်များကော်မတီနှင့် ပုဂ္ဂလိကကျောင်းများကြီးကြပ်ရေးအဖွဲ့တို့သည် အစည်းအဝေး(၅)ကြိမ် ကျင်းပခဲ့၍ အဆင့်မြင့်ပညာ ပုဂ္ဂလိကကျောင်းများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို (၂)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်စတော့အိတ်ချိန်းတွင် နိုင်ငံခြားသားများပါဝင်လာခြင်းကြောင့် အစုရှယ်ယာများ ဈေးတက်နိုင်




**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်စတော့အိတ်ချိန်းတွင် နိုင်ငံခြားသားများ ပါဝင်လာခြင်းကြောင့် အစုရှယ်ယာများ ဈေးတက်နိုင်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ အမှုဆောင် အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက ပြောသည်။

"ပုံမှန်အားဖြင့်တော့ စတော့အိတ်ချိန်းမှာ နိုင်ငံခြားသားဝင်တယ်ဆိုရင်တော့ ဒါအလားအလာကောင်းတာပေါ့။ ဒါပေမယ့် နိုင်ငံခြားသားဆိုတာကတော့ မြန်မာကုမ္ပဏီတွေရဲ့အခြေအနေတွေကို သူတို့က သေချာကြည့်ဦးမှာပါ။ လေ့လာပြီးတော့ သူတို့အတွက် အနာဂတ် မှာကောင်းနိုင်တယ်ဆိုရင် ဝင်မှာပါ။ သူတို့အဝင်များရင်တော့ ဈေးကွက်ရဲ့သဘာဝအရ အစုရှယ်ယာဈေးတက်နိုင်ပါတယ်"ဟု ဦးသက်ထွန်းဦးက ပြောသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ နေ့စဉ်အရောင်းအဝယ်ပြုလုပ်ရာ၌ နိုင်ငံခြားသားများ ပါဝင်ဆောင်ရွက်ခွင့်ပြုကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်(SECM)မှ ဇူလိုင် ၁၂ ရက်က ထုတ်ပြန်ထားသည်။

အဆိုပါ နိုင်ငံခြားသားများကို မြန်မာကုမ္ပဏီ ဥပဒေသစ်အရ ၃၅ ရာခိုင်နှုန်းအထိ ပါဝင်ခွင့်ပြုခြင်းဖြစ်ရာ ယင်းသတ်မှတ်ထားသည့်ပမာဏထက် ကျော်လွန်မသွားရန် ရန်ကုန်စတော့အိတ်ချိန်းနှင့် Securities ကုမ္ပဏီများမှ ထိန်းသိမ်းသွားမည်ဖြစ်ပြီး Process များ အဆင့်ဆင့်လုပ်ဆောင်ရန်ရှိသည့်အတွက် နိုင်ငံခြားသားများ အစုရှယ်ယာအရောင်းအဝယ်ကို သုံးလအတွင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် FMI ကုမ္ပဏီ၊ မြန်မာသီလဝါ(MTSH)ကုမ္ပဏီ၊ တယ်လီကွန်းကုမ္ပဏီ(TMH)၊ မြန်မာနိုင်ငံသားများဘဏ်(MCB)၊ ပထမပုဂ္ဂလိကဘဏ် (FPB) စသည့် စာရင်းဝင်ကုမ္ပဏီ ငါးခုရှိပြီး လက်ရှိတွင် အစုရှယ်ယာအရောင်းအဝယ်များမှာ ပုံမှန်ရှိကြောင်း သိရသည်။

ထို့အပြင်ရန်ကုန်စတော့အိတ်ချိန်းအနေဖြင့် ပြည်သူများ စတော့ဈေးကွက်တွင် ပိုမိုရင်းနှီးမြှုပ်နှံလာစေရေး စာရင်းဝင်ကုမ္ပဏီများ ပိုမိုပေါ်ထွက်လာစေရေးနှင့် စတော့ဈေးကွက်တွင်း ရင်းနှီးမြှုပ်နှံသောပြည်သူများအား အကာအကွယ်ပေးရေး စသည်ဖြင့် ရည်မှန်းချက်ထားလုပ်ကိုင်လျက်ရှိပြီး စတော့ဈေးကွက်နှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ကျင်းပကာ ပညာပေးအစီအစဉ်များ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**ဇာနည်မောင်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်



**နေပြည်တော် ဇူလိုင် ၁၃**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ The Suu Foundation နှင့် Total E & P Myanmar (Yadanar CSR Program) တို့၏ မြန်မာနိုင်ငံတွင် Road Safety Audit and Road Safety Inspection In Myanmar ဖွဲ့စည်းရေးနားလည်မှုစာချွန်လွှာ (Memorandum of Understanding) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် တက္ကသိုလ်များ (လှိုင်နယ်မြေ)ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် Function Hall ၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီတို့မှ နာယကများ၊ ဥက္ကဋ္ဌများ၊ ဗဟိုကော်မတီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသားယာဉ်အန္တရာယ်ကင်းရှင်းရေးကောင်စီမှ တာဝန်ရှိသူများ၊ Suu Foundation Project Office မှ တာဝန်ရှိသူများ၊ Total E & P Myanmar မှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အဖွင့်အမှာစကားပြောကြားသည်။

၎င်းနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ ဦးအောင်မြင့်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ လည်းကောင်း၊ Total E & P Myanmar မှ Operation, Project & Technical Support Manager ဦးစိုးသောင်းမြင့်နှင့် Suu Foundation မှ Project Officer ဒေါ်မြသဉ္ဇာခိုင်တို့က မြန်မာနိုင်ငံတွင် Road Safety Audit and Road Safety Inspection In Myanmar ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆက်လက်၍ အခမ်းအနားအစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့၏ ရှေ့မှောက်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ Suu Foundationမှ Project Officer ဒေါ်မြသဉ္ဇာခိုင်နှင့် Total E & P Myanmar မှ Operation, Project &Technical Support Manager ဦးစိုးသောင်းမြင့်တို့က မြန်မာနိုင်ငံတွင် Road Safety Audit and Road Safety Inspection In Myanmar ဖွဲ့စည်းရေးအတွက် နားလည်မှုစာချွန်လွှာပေါ်တွင် လက်မှတ်များ အသီးသီးရေးထိုးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

Total E & P Myanmar ၏ ပံ့ပိုးမှုဖြင့် စုဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံ ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက်များအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ၂၀၁၇ ခုနှစ်မှစ၍ လုပ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ လမ်းများပေါ်တွင် ဖြစ်ပေါ်လျက်ရှိသော ယာဉ်မတော်တဆမှုများ လျှော့ချရေးဆောင်ရွက်ရာတွင် လမ်းအသုံးပြုနေသည့် ယာဉ်များ၊ လူများ၏ စည်းကမ်းလိုက်နာခြင်း ဘေးကင်းလုံခြုံရေးများအပြင် တည်ဆောက်ထားသော (သို့မဟုတ်) အသစ်တည်ဆောက်မည်ဖြစ်သော လမ်းများတွင် အန္တရာယ်ကင်းရှင်းရေး တိုင်းတာစစ်ဆေးချက်များအား ထည့်သွင်းတွက်ချက်ထားသော လမ်းအန္တရာယ်ကင်းရှင်းရေးစစ်ဆေးခြင်း လုပ်ငန်းများကို လမ်းတည်ဆောက်မှုအဆင့်ဆင့်တွင် စနစ်တကျ ထည့်သွင်းဆောင်ရွက်သွားနိုင်ရန်ရည်ရွယ်၍ Road Safety Audit and Road Safety Inspection စနစ်ကို မြန်မာနိုင်ငံတွင် စတင်အသုံးပြုနိုင်ရန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်မှ ဦးဆောင်၍ မြန်မာအင်ဂျင်နီယာများက လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် ဖော်ဆောင်သွားမည်ဖြစ်သည်။ ယခု စီမံကိန်းအား စုဖောင်ဒေးရှင်းနှင့် Total E & P Myanmar တို့မှပံ့ပိုး၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်မှ တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

**သတင်းစဉ်**

# တရုတ်-မြန်မာစီးပွားရေးစင်္ကြံနှင့် မြန်မာနိုင်ငံ၏ ဒေသတွင်း မဟာဗျူဟာတန်ဖိုးအလှည့်အပြောင်းဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်) ရွှေဥဒေါင်းခန်းမ၌ မြန်မာရေးရာလေ့လာရေးအဖွဲ့ (Centre for Myanmar Affairs Studies) က ကမ္ဘာ့ရေးရာ ဆွေးနွေးပွဲများကို အပတ်စဉ် ကျင်းပပေးလျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့် မြန်မာနိုင်ငံ၏ ဒေသတွင်းမဟာဗျူဟာတန်ဖိုးအလှည့်အပြောင်းခေါင်းစဉ်ဖြင့် ဦးဇော်အောင်က ဆွေးနွေးသည်။

**ပြည်သူများအကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်**

ယင်းဆွေးနွေးပွဲအစီအစဉ်များသည် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြန်မာရေးရာ လေ့လာရေးအဖွဲ့က မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ် အထောက်အပံ့ဖြစ်စေမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများတွင် ပြည်သူများ အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပပေးလျက်ရှိသော အစီအစဉ်များဖြစ်သည်။

ဆွေးနွေးပွဲတွင် ဦးဇော်အောင်က တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်မှုနှင့်ဆိုင်သော စိန်ခေါ်မှုများ၊ အစိုးရသစ်လက်ထက် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချုပ်ဆိုခဲ့သော နားလည်မှုစာချွန်လွှာများ၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်များ၊ ရေရှည်ဖွံ့ဖြိုးရေးဆိုင်ရာ စီမံချက်များနှင့် အလွှာစုံ ချိတ်ဆက်ဆောင်ရွက်မှုများ၊ တရုတ်-မြန်မာစီးပွားရေး စင်္ကြံလမ်းမ ( China-Myanmar Economic Corridor –CMEC) ကို နှစ်နိုင်ငံအကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဒေသတွင်းမဟာဗျူဟာတန်ဖိုး အလှည့်အပြောင်းကို ဆောင်ကြဉ်းပေးနိုင်မှု အခွင့်အလမ်း၊ တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် လမ်းကြောင်းမဟာဗျူဟာစီမံကိန်း (Belt and Road Initiative -BRI) ဖော်ဆောင်မှုနှင့် မြန်မာဒီမိုကရေစီအသွင်ကူးပြောင်းမှုတို့ တိုက်ဆိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့မှ နှစ်နိုင်ငံ နိုင်ငံရေးနှင့် စီးပွားရေး အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည့်အခြေအနေများ အကြောင်းကို ဆွေးနွေးသည်။

**သတင်းအချက်အလက်တွေ စုစည်းဆွေးနွေး**

ဦးဇော်အောင်က "သုတေသီတစ်ယောက်အနေနဲ့ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့် ရပ်ဝန်းလမ်းကြောင်း မဟာဗျူဟာစီမံကိန်းကို ၂၀၁၇ ခုနှစ်လောက်ထဲက စိတ်ဝင်တစားလေ့လာဖြစ်တယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ တရုတ်နိုင်ငံ ခရီးစဉ်တွေမှာ ပြောကြားခဲ့တဲ့ မိန့်ခွန်းတွေကို နားထောင်ဖြစ်တယ်။ နှစ်နှစ်တာကာလအတွင်း နေရာမျိုးစုံမှာ ပြောင်းလဲတိုးတက်လာတဲ့ သတင်းအချက်အလက်တွေကို နားထောင်တယ်။ ဖတ်မှတ်တယ်။ လေ့လာတယ်။ နိုင်ငံတကာက BRI နဲ့ ပတ်သက်ပြီး ရေးထားတဲ့ ဆောင်းပါးသုတေသနစာတမ်းတွေကို လေ့လာတယ်။

"မြန်မာရေးရာမှာ ပင်တိုင်ဆောင်းပါးတွေ ရေးဖြစ်တယ်။ ဒီစီမံကိန်းတွေနဲ့ပတ်သက်ပြီး ထင်မြင်ယူဆချက်အမျိုးမျိုးတွေ ထုတ်ပြန်နေတာဖြစ်တယ်။ အမှန်တကယ်ဖြစ်ပေါ်နေတဲ့ အနေအထားတွေနဲ့ပတ်သက်ပြီး ကွဲလွဲနေတယ်ဆိုတာကို တွေ့ရတယ်။ ဒါတွေနဲ့ပတ်သက်ပြီး လူထုကို ပြောပြချင်တယ်။ နိုင်ငံစုံပါဝင်တဲ့ စီမံကိန်းဆိုတာကိုလည်း ပြောပြချင်တယ်။ အခြေခံအဆောက်အအုံတွေ တည်ဆောက်တဲ့အပိုင်းနဲ့ ကုန်သွယ်မှုအပိုင်း နှစ်မျိုးမတူညီဘူးဆိုတာကိုလည်း သိစေချင်တယ်။ ဒါကြောင့် ဒီနေ့ပွဲမှာ လက်လှမ်းမီတဲ့ သတင်းအချက်အလက်တွေ စုစည်းပြီး လူထုကို ဒီကနေတစ်ဆင့် ပြည့်ပြည့်စုံစုံပေးချင်တဲ့ ရည်ရွယ်ချက်နဲ့ ဆွေးနွေးတာပါ" ဟု ပြောသည်။

ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်လာကြသူများကလည်း သိရှိလိုသည့် အကြောင်းအရာများကို ကဏ္ဍအလိုက် မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့မှ အကြီးတန်းသုတေသနမှူး ဦးအေးမောင်ကျော်က "တရုတ်-မြန်မာ စီမံကိန်းတွေနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် နားမလည်သေးတာတွေရှိတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ပိုပြီးနားလည်စေဖို့အတွက် ဒီလို ကမ္ဘာ့ရေးရာဆွေးနွေးပွဲတွေလုပ်ပြီး အသိပညာဖလှယ်တာပါ။ နိုင်ငံတိုင်းမှာ နှစ်နိုင်ငံ ချစ်ကြည်ရေးခိုင်မြဲအောင်၊ စီးပွားရေးဖွံ့ဖြိုးအောင် ပူးပေါင်းဆောင်ရွက်မှုတွေရှိတယ်။ ဒါတွေနဲ့ပတ်သက်ပြီး လူထုနဲ့ လူမှုအဖွဲ့အစည်းတွေရဲ့ အမြင်ပုံဖော်မှုတွေက အနည်းငယ်ကွဲလွဲမှုရှိတယ်။ ဒါတွေကို ဘယ်လိုတွေ လုပ်သင့်တယ်၊ မလုပ်သင့်ဘူးဆိုတာ သွားသင့်တဲ့လမ်းကြောင်းကို သွားနိုင်ဖို့အတွက် ဒီလိုဆွေးနွေးပွဲတွေ နားထောင်ပြီး ဝေဖန်သုံးသပ်နိုင်ဖို့ ကျင်းပတာဖြစ်ပါတယ်။ အကျိုးသက်ရောက်မှု တစ်စုံတစ်ရာရှိပါလိမ့်မယ်"ဟု ဆိုသည်။

ဇွန် ၁၆ ရက်က တရုတ်-အမေရိကန်ကုန်သွယ်ရေးစစ်ပွဲ၊ ယီမင်စစ်ပွဲနှင့် နောက်ဆက်တွဲပြဿနာများ ခေါင်းစဉ်ဖြင့် ကမ္ဘာ့ရေးရာဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ကမ္ဘာတွင် လတ်တလောဖြစ်နေသည့် အကြောင်းအရာများပေါ်မူတည်ပြီး ကမ္ဘာ့ရေးရာဆွေးနွေးပွဲများကို အခါအားလျော်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သုတေသနစာပေများကို ရေးသား**

ဆွေးနွေးသူ ဦးဇော်အောင်သည် ထိုင်းနိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ်မှ နိုင်ငံတကာဖွံ့ဖြိုးရေးဘာသာရပ်ဖြင့် မဟာဘွဲ့ရရှိခဲ့ပြီး မြန်မာရေးရာစာအုပ်တွင် သုတေသနဆောင်းပါးများ ရေးသားလျက်ရှိကာ လက်ရှိတွင် ဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနစာပေများကို ရေးသားလျက်ရှိသည်။

ယနေ့ ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာရေးရာ လေ့လာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ စာပေချစ်မြတ်နိုးသူများ၊ ကမ္ဘာ့ရေးရာ လေ့လာသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

**ရတီ**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဇူလိုင် ၁၃**

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မျက်ရည်သွန်းဖြိုး ၁၉ ဇူလိုင် မေ့ပါနိုင်

မြင့်စိုး (နတလ)

(၇၂)နှစ် တိုင်ခဲ့ပြီ။

တစ်နိုင်ငံလုံးမမေ့နိုင်၊ တစ်မျိုးသားလုံး မမေ့နိုင်။ ဤနေ့ဤရက်ဖြစ်သော နှစ်စဉ် ဇူလိုင်လ ၁၉ ရက်နေ့သို့ ရောက်သည့်အခါတိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားများ၊ ကိုယ်ကျိုးစွန့် အနစ်နာခံဆောင်ရွက်ခဲ့မှုများကို မမေ့မလျော့ သတိတရရှိကြစေရန် အာဇာနည်နေ့အခမ်းအနားများကို နိုင်ငံနှင့်တစ်ဝန်း တောရောမြို့ပါမကျန် ကျင်းပပြုလုပ်ခဲ့ကြစမြဲဖြစ်သည်။ လွတ်လပ်ရေးရဖို့၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးရဖို့ အပြင် လွတ်လပ်ပြီး နိုင်ငံတော်အတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဟောပြောခဲ့သည့် ဗိုလ်ချုပ်၏ မိန့်ခွန်းများ၊ အမှာစကားများကိုလည်း ပြန်လည်သတိပြု သုံးသပ်ဆင်ခြင်ကြားနာခွင့်ရခဲ့ကြသည်။ နိုင်ငံတော်၏ အခါကြီးရက်ကြီး၊ နေ့ကြီးရက်ကြီးများထဲမှာ အပူလုံးကြွ ယူကျုံးမရ ဖြစ်ခဲ့ကြသည့် ဤနေ့ဤရက်ကို မကြုံဆုံခဲ့ကြဘူးဆိုပါလျှင် ၁၉၄၇ ခုနှစ်၏သည်ဘက် နိုင်ငံတော်၏ ရှေ့ခရီးသည်လည်းပဲ မည်သို့မည်ပုံရှိနေမည်ကို စဉ်းစားတွေးတောဆင်ခြင်စရာတွေ အများကြီး ရှိလာခဲ့သည်။ သို့သော် ကျွန်တော်တို့ ကြုံခဲ့ကြပြီ။

**ငယ်စဉ်ကာလ အာဇာနည်နေ့ပုံရိပ်များ**

မသိနိုးနားအရွယ် မူလတန်းကျောင်းသားဘဝမှာ အာဇာနည်ဆိုသော ဝေါဟာရ၏အဓိပ္ပာယ်၊ အာဇာနည်နေ့ဖြစ်ပေါ်လာပုံ အကြောင်းခြင်းရာတို့ကို ဂဃနဏ မသိရိုးအမှန်ပင်ဖြစ်၏။ နိုင်ငံတော်အလံကို တိုင်တစ်ဝက် လွှင့်ထူ၍ အလေးပြုခဲ့ကြရသည်ဆိုသည်မျှလောက်သာ ဝိုးတိုးဝါးတား ပုံဖော်၍ရခဲ့သည်။ အလယ်တန်းကျောင်းသားဘဝမှာတော့ ပို၍ပို၍သိနားလည်လာခဲ့သည့်အပြင် "လောကခံ၏ ရိုက်ပုတ်ခြင်းဒဏ်ကြောင့် ငါ၏ ဦးခေါင်းသည် သွေးသံတို့ဖြင့် ရဲရဲနီ၏။ သို့သော်... ညွတ်ကား မညွတ်" ဆိုသော အဆိုအမိန့်စကားတစ်ခွန်းကို ရေရွတ်မိလေတိုင်း ဗိုလ်ချုပ်အောင်ဆန်း၏ တက္ကသိုလ်ကျောင်းသားဘဝ၊ တို့ဗမာအစည်းအရုံးနှင့် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေးပုံရိပ်များက တဖျပ်ဖျပ် ပြန်လည်ပေါ်ပေါက်လာစမြဲဖြစ်သည်။ ထိုစဉ်က မိမိနေခဲ့ဖူးသောကျောင်းသည် အလယ်တန်းကျောင်း ဖွင့်ခွင့်ရခါစအချိန်မျှသာ။ သို့တစေ လှော်ကထား(အလက)၏ ပဲ့ကိုင်ရှင်ကျောင်းအုပ်ဆရာကြီး ဦးကြင်မောင်၏ ဦးဆောင်လမ်းပြမှုနောက်မှာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူအားလုံး ညီညီညာညာ လိုက်ပါခဲ့ကြသည်။ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့နှင့် ဆိုင်သော အမှတ်တရပြိုင်ပွဲများ၊ ဟောပြောပွဲများ ကျင်းပခဲ့ကြသလို အာဇာနည်နေ့လို အခမ်းအနားမှာလည်း ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်းအား ကျောင်းသား ကျောင်းသူများကိုယ်တိုင် လေ့လာကျက်မှတ်၍ အားလုံး၏ရှေ့မှာ ပြန်လည်ဟောပြောစေခဲ့သည်ကို အမှတ်ရမိသည်။

ထိုမှ လေးမျက်နှာ(အထက)သို့ ပြောင်းရွှေ့ပညာသင်ကြားချိန်မှာတော့ နှစ်စဉ် အာဇာနည်နေ့ရောက်တိုင်း ဗိုလ်ချုပ်မိန့်ခွန်းတွေကို အသံချဲ့စက်ဖြင့် (မြို့နယ်ပါတီယူနစ်ရုံးမှနေ၍) ဖွင့်ပြသည်ကို စတင်ကြားဖူးခဲ့သည်။ ယနေ့ခေတ် လူငယ်များကတော့ အင်တာနက်မှတစ်ဆင့် ဗိုလ်ချုပ်မိန့်ခွန်းများ၊ ရှားပါးဓာတ်ပုံများ၊ မမြင်ဖူးခဲ့သော မှတ်တမ်းရုပ်ရှင်များကို အချိန်မရွေး ရှာဖွေလေ့လာ ကြည့်ရှုခွင့်ရနေကြပြီဖြစ်၏။ ကြည့်ရှုလေ့လာမှတ်သားလိုက်နာကျင့်ကြံ ကြိုးကုတ်အားထုတ်ချင်စိတ်ရှိဖို့ပဲ လိုပါမည်။ ထိုနေ့ထိုရက်မှာ မပျက်မကွက်စောင့်၍ နားထောင်မိတာတစ်ခုလည်း ရှိသေးသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသွားချိန် နံနက် ၁၀ နာရီ ၃၇ မိနစ်တိတိ၌ မြန်မာ့အသံရေဒီယိုက ထုတ်လွှင့်ပေးသော ဥသြဆွဲသံပင် ဖြစ်၏။ ထိုအချိန်မျိုးမှာ မိုးလေးဖွဲဖွဲရွာနေပါက ရန်ကုန်မြို့အတွင်းဝန်ရုံးထဲ၌ ၁၉၄၇ ခုနှစ်က ဖြစ်ပျက်ခဲ့သော နိုင်ငံတော်လုပ်ကြံမှုကြီးအား ပို၍ပီပီပြင်ပြင်မြင်ယောင်လာသလို စိတ်ဝယ်ခံစားခဲ့ရသည်။ ရေနွေးငွေ့ဘွိုင်လာသုံးသော ဆန်စက်များ(သုံးလုံးခန့်ရှိပါသည်)ကလည်း ဥသြများဆွဲ၍ ဝမ်းနည်းမှုကို ဖော်ပြပေးကြ၏။

**ယုံသလင်းကျေးရွာ ဇာတိဖွား မန်းဘခိုင်**

ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်အပါအဝင် နိုင်ငံတော်သမ္မတကြီးများ ပေါ်ထွန်းခဲ့ရာ မိမိတို့ဧရာဝတီတိုင်းဒေသကြီး၏ ဂုဏ်ကိုဆောင်မည့် ပုဂ္ဂိုလ်ကြီးများထဲတွင် အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်လည်း တစ်ဦးအပါအဝင်ဖြစ်ပါသည်။ မန်းဘခိုင်သည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်အပိုင် ယုံသလင်းကျေးရွာဇာတိဖွား ဖြစ်သည်။ ထိုစဉ်က ယုံသလင်းကျေးရွာသူကြီးဖြစ်သော အဖမန်းပေကုန်း၊ အမိ ဒေါ်ပုတို့က ၁၉၀၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ဖွားမြင်ခဲ့ပြီး ပဥ္စမမြောက်သား ဖြစ်သည်။ ငယ်စဉ်က ဟင်္သာတမြို့ အေဘီအမ်ကျောင်းတွင် ပညာသင်ကြားခဲ့ကြောင်း၊ ၁၉၂၀ ပြည့်နှစ်တွင် ခုနှစ်တန်းအောင်မြင်ခဲ့ကြောင်း၊ ၁၉၃၇ ခုနှစ်တွင် ပုသိမ်မြောက်ပိုင်းဒေသ အမတ်အဖြစ် အရွေးခံရကြောင်း၊ ဖက်ဆစ်တော်လှန်ရေးကာလ၌ ယုံသလင်းတွင် ကရင်လူငယ်များကို စုစည်း၍ ရှုပ်ရှုပ်ချုံချုံ တော်လှန်တိုက်ခိုက်ခဲ့ကြောင်း၊ ကရင်-ဗမာ ချစ်ကြည်ရေးကိုလည်း အထူးကြိုးပမ်းတည်ဆောက်ခဲ့ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဝန်ကြီးအဖွဲ့တွင် စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးဌာနဝန်ကြီးအဖြစ် တာဝန်ယူခဲ့ကြောင်း သိရှိရပြီး အဆိုပါအကြောင်းအရာများပါဝင်သော ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ယုံသလင်းကျေးရွာအလယ်ရှိ ကားလမ်းမကြီးဘေးတွင် စိုက်ထူထားပါသည်။ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက မိမိတို့မွေးရပ်မြေ လှော်ကထားကျေးရွာ(အထက)၏ (၁၃)ကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲသို့သွားရောက်စဉ် ခါတိုင်းသွားနေကျ ပုသိမ်-မုံရွာကားလမ်းမကြီးမှမသွားဘဲ ဇလွန်မှ ဟင်္သာတကိုဖြတ်ပြီး ထိုမှတစ်ဆင့် နတ်မော်-နိဗ္ဗာန်-ယုံသလင်း-ခမောက်စု-အိုင်သပြု-ငါးသိုင်းချောင်းလမ်းကို အမှတ်ရစွာ ပြန်လည်မောင်းနှင်ရင်း ယုံသလင်းကျေးရွာသို့အရောက် အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ ရုပ်တုနှင့် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို သွားရောက်ကြည့်ရှုဂါရဝပြုခဲ့ပါသည်။

ကျွန်တော်တို့ငယ်စဉ် အလယ်တန်းကျောင်းသားဘဝ ဟင်္သာတမြို့တွင် ဒေါက်တာမြင့်ဆိုင် ဆိုသူ ဆရာဝန်တစ်ဦးသည် ကုသရေးဘက်၌ ထူးချွန်သလို လူငယ်များအား ကရာတေးသင်ပေးသောကြောင့် နာမည်ကြီးခဲ့သည်။ နောင်မှသိရသည်မှာ ဒေါက်တာမြင့်ဆိုင်သည် အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ ညီအစ်ကိုတော်သူ မန်းဘဆိုင်၏သားဖြစ်ကြောင်း သိရသည်။ မန်းဘခိုင်၏ မြေးတော်စပ်သူ ယခု အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မန်းဝင်းခိုင်သန်းကိုမူ ၂၀၁၈ ခုနှစ် မတ်လ ၃ ရက်နေ့က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် လုံဟေးကျေးရွာတွင် ကျင်းပပြုလုပ်ခဲ့သော နိပ္ပန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့)၏ ကျောင်းပေါင်း ၃၀၀ ပြည့် ဖွင့်ပွဲအခမ်းအနား၊ ဆီဆိုင်မြို့ပေါ် (၆)ရပ်ကွက် သောက်သုံးရေဖြန့်ဝေပေးခြင်းနှင့် စိုက်ပျိုးမြေဧက ၃၉၀ အား စိုက်ပျိုးရေသွယ်ယူပေးခြင်းလုပ်ငန်းဖွင့်ပွဲအခမ်းအနားများ၌ အနီးကပ်ဆုံခဲ့ဖူးသည်။ ထိုနေ့အခမ်းအနားများသို့ မသွားရောက်မီ တောင်ကြီးမြို့ ပြည်နယ်အစိုးရအဖွဲ့ရိပ်သာ၌ နံနက်စာစားခဲ့ကြရာ မထင်မှတ်ဘဲ ၎င်း၏မိသားစုဝင်များနှင့် တစ်ဝိုင်းတည်းစားခွင့်ရခဲ့သည်။ ရိုးသားပွင့်လင်းဖော်ရွေမှုများက ကရင်တိုင်းရင်းသားများ၏ မွေးရာပါ အမှတ်သင်္ကေတတစ်ခုပဲလားတော့ မပြောတတ်တော့ပေ။

**အာဇာနည်နေ့အား မမေ့ခြင်းမှ...သည်**

ကျောင်းသားဘဝမှ တပ်မတော်သားဘဝသို့ ရောက်၊ ထိုမှ နတလဝန်ထမ်းဖြစ်လာသောအခါ အတွင်းဝန်ရုံး (ဝန်ကြီးများရုံး)အတွင်း၌ ၁၉၉၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်လောက်အထိ နေခဲ့ရသည်။ ထိုသောအခါ တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးခန်းမ၊ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့်ခန်းမ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းဝင်မော်ကွန်းကျောက်စာတိုင်နေရာတို့နှင့် ရင်းနှီးကျွမ်းဝင်ခဲ့ရသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားများနှင့် ကိုယ်ကျိုးစွန့် အနစ်နာခံမှုများအား ပြန်လည်အမှတ်ရအောက်မေ့စေသော သမိုင်းဝင်နေရာတစ်ခု။ ကျွန်တော်တို့အားလုံး ဝန်ကြီးများရုံးကိုစွန့်ခွာ၍ နေပြည်တော်သို့ ပြောင်းရွှေ့ချိန်၌ နောင်တွင် အမှတ်တရသိမ်းဆည်းနိုင်ရန် အလို့ငှာ ဝန်ကြီးများရုံး၏ ခန်းမဆောင်အသီးသီးအား မှတ်တမ်းဓာတ်ပုံများ လိုက်လံရိုက်ကူးထားခဲ့သည်။ ယနေ့ခေတ် ကျောင်းသား ကျောင်းသူလေးများလက်ထက်တွင်မူ နှစ်စဉ် အာဇာနည်နေ့ရောက်တိုင်း အထိမ်းအမှတ်ဟောပြောပွဲများ၊ ပန်းချီ၊ စာစီစာကုံး၊ ဆောင်းပါးပြိုင်ပွဲများ ကျင်းပပြုလုပ်၍ အာဇာနည်စိတ်ဓာတ်များ ကိန်းအောင်းရှင်သန်စေရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ နိုင်ငံလွတ်လပ်ရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံကြိုးပမ်းဆောင်ရွက်မှုများနှင့် မိမိအသက်ကိုပင် မငဲ့ကွက်ဘဲ စွန့်လွှတ်ဆောင်ရွက်ခဲ့မှုများအား သိရှိနားလည်စေရေး အသိပညာပေးဆောင်ရွက်လျက်ရှိကြသည်။ ပြည်သူလူထုတစ်ရပ်လုံးတွင်လည်း ထိုစိတ်ဓာတ်များ ကိန်းအောင်းလျက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။



" ယနေ့ခေတ် လူငယ်များကတော့ အင်တာနက်မှတစ်ဆင့် ဗိုလ်ချုပ်မိန့်ခွန်းများ၊ ရှားပါးဓာတ်ပုံများ၊ မမြင်ဖူးခဲ့သော မှတ်တမ်းရုပ်ရှင်များကို အချိန်မရွေး ရှာဖွေလေ့လာ ကြည့်ရှုခွင့်ရနေကြပြီဖြစ်၏။ ကြည့်ရှုလေ့လာ မှတ်သားလိုက်နာကျင့်ကြံ ကြိုးကုတ် အားထုတ်ချင်စိတ်ရှိဖို့ပဲ လိုပါမည်။ ထိုနေ့ထိုရက်မှာ မပျက်မကွက်စောင့်၍ နားထောင်မိတာတစ်ခုလည်း ရှိသေးသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသွားချိန် နံနက် ၁၀ နာရီ ၃၇ မိနစ်တိတိ၌ မြန်မာ့အသံရေဒီယိုက ထုတ်လွှင့်ပေးသော ဥသြဆွဲသံပင် ဖြစ်၏။ ထိုအချိန်မျိုးမှာ မိုးလေးဖွဲဖွဲရွာနေပါက ရန်ကုန်မြို့အတွင်းဝန်ရုံးထဲ၌ ၁၉၄၇ ခုနှစ်က ဖြစ်ပျက်ခဲ့သော နိုင်ငံတော်လုပ်ကြံမှုကြီးအား ပို၍ ပီပီပြင်ပြင် မြင်ယောင်လာသလို စိတ်ဝယ်ခံစားခဲ့ရသည်။ ရေနွေးငွေ့ဘွိုင်လာသုံးသော ဆန်စက်များ (သုံးလုံးခန့်ရှိပါသည်)ကလည်း ဥသြများဆွဲ၍ ဝမ်းနည်းမှုကို ဖော်ပြ ... "

# ကရင်ပြည်နယ်အတွင်းရှိ နေရပ်ပြန်တိုင်းရင်းသားပြည်သူများနှင့် မိသားစုဝင်များအား ကြိုဆိုအားပေးခြင်းနှင့် ထောက်ပံ့ခြင်းများဆောင်ရွက်




**နေပြည်တော် ဇူလိုင် ၁၃**

ကရင်ပြည်နယ်အတွင်းရှိ နေရပ်ပြန်တိုင်းရင်းသားပြည်သူများနှင့် မိသားစုဝင်များအား ကြိုဆိုအားပေးခြင်းနှင့် ထောက်ပံ့ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ကရင်ပြည်နယ်ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နေရပ်ပြန်တိုင်းရင်းသားပြည်သူများနှင့် မိသားစုဝင်များအား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးစသည့် ရည်မှန်းချက် သုံးခု ချမှတ်ထားပါကြောင်း။

**နည်းဥပဒေများကိုဖော်ဆောင်**

ထိုရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် သက်ဆိုင်ရာလုပ်ငန်းတာဝန်များအလိုက် ဝန်ကြီးဌာနများက တာဝန်ယူ၍ ဆောင်ရွက်နေကြပါကြောင်း၊ လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် တရားဥပဒေစိုးမိုးမှုရရှိစေရန် တရားသောဥပဒေ၊ နည်းဥပဒေများကို ဖော်ဆောင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ပေါင်းစည်းလာကြသည့် တိုင်းရင်းသားပြည်သူများသည် မိမိတို့၏ ဘဝရပ်တည်မှုအာမခံချက်ရှိအောင် ကြိုးစားခွင့်ရကြမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်နိုင်ရန် လတ်တလောစားဝတ်နေရေးကိစ္စများကို ကူညီထောက်ပံ့မည်ဖြစ်ပါကြောင်း၊ သင့်တော်မည့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် ပြည်နယ်အစိုးရနှင့်ညှိနှိုင်း၍ သက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် အစိုးရနှင့်အတူ အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ယခုနေရပ်ပြန်လည်ဝင်ရောက်လာကြသူများသည် မိမိတို့တိုင်းရင်းသားပြည်သူများဖြစ်ကြ၍ မိမိတို့ပိုင်ဆိုင်သည့် ပြည်နယ်၊ မိမိတို့ပိုင်ဆိုင်သည့် ပြည်ထောင်စုနိုင်ငံအတွင်း အေးချမ်းလုံခြုံစွာနေထိုင်နိုင်ကြပြီဖြစ်၍ ဝမ်းမြောက်ပါကြောင်း၊ မိမိတို့၏ သားစဉ်မြေးဆက် အေးချမ်းလုံခြုံသော လူနေမှုစနစ်ကို လက်ဆင့်ကမ်းပေးနိုင်တော့မည်ဖြစ်ပါကြောင်း၊ စားဝတ်နေရေး အဆင်ပြေစေရန် လိုအပ်သော ပံ့ပိုးမှုများ၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေရပ်ပြန်တိုင်းရင်းသားပြည်သူများအတွက် ထောက်ပံ့မှုများပေးအပ်ရာ အိမ်ထောင်စု ၁၀၂ စုအတွက် အိမ်ထောင်စုတစ်စုလျှင် စားနပ်ရိက္ခာဖိုး သုံးလစာအပါအဝင် ငွေကျပ် ၁၂၅၀၀၀ နှုန်းနှင့် ထောက်ပံ့ရေးပစ္စည်းများကိုလည်းကောင်း၊ ကရင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီက အိမ်သုံးပစ္စည်းများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် ပစ္စည်း ၂၂ မျိုးပါဝင်သော Family Kit တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နေရပ်ပြန်တိုင်းရင်းသားပြည်သူများကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကရင်ပြည်နယ် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက တာဝန်ယူဆောင်ရွက်နေသည့် ဘားအံခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တနိုင်းမြို့နယ် ရေဘေးသင့်နေအိမ်များအား သွားရောက်ထောက်ပံ့



**တနိုင်း ဇူလိုင် ၁၃**

တနိုင်းမြို့နယ်တွင် ရေဝင်ရောက်နေသော ဆင်မ်ဆော့ရပ်ကွက် (ကွက်သစ်)နှင့် အောက်ချိုင့်ပုန်ခုန်းရပ်ကွက်(ကွက်သစ်)၊ မကောကျေးရွာအုပ်စု၊ မိုင်းခွန်ကျေးရွာအုပ်စု ဂျိဆာဒီကျေးရွာနှင့် လမုန်ကျေးရွာ နယ်မြေ( ၅ )အပိုင်းများသို့ ဌာနဆိုင်ရာများ၊ ဒကစလက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ လုပ်ငန်းရှင်များနှင့် အလှူရှင်များက ထမင်းထုပ်များ၊ အစားအသောက်များ၊ သောက်ရေသန့်ဘူးများ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ဆန်များကို ရေဘေးသင့်အိမ်များသို့ ဇူလိုင် ၁၂ ရက်က အိမ်အရောက်သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ဆင်မ်ဆော့ရပ်ကွက်မှ အိမ်ထောင်စု ၂၈ စု (လူဦးရေ ၉၁ ဦး)နှင့် ပုန်ခုန်းရပ်ကွက် အိမ်ထောင်စု ငါးစု(ဦးရေ ၂၅ ဦး) စုစုပေါင်း လူဦးရေ ၁၁၆ ဦးသည် တနိုင်းမြို့ မုန်ဒိန်ရပ်ကွက်ရှိ မြို့မဘုန်းကြီးကျောင်းတိုက်၌ လည်းကောင်း၊ မုန်ဒိန်ရပ်ကွက် အိမ်ထောင်စု ခုနစ်စု (လူဦးရေ ၃၂ ဦး)က မုန်ဒိန်ရပ်ကွက် သာယာရွှေပြည်ကျောင်းတိုက်၌ လည်းကောင်း အသီးသီး ယာယီရွှေ့ပြောင်းနေထိုင်နေကြကြောင်း သိရသည်။

ဇူလိုင် ၁၂ ရက် ညနေ ၆ နာရီအချိန် တိုင်းထွာချက်အရ တနိုင်းချောင်းမှာ ၂၂ ဒသမ ၅ ပေသို့ ပြန်လည်မြင့်တက်လာလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားရန်၊
- အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားရန်၊
- ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားရန်၊
- လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားရန်၊
- သိုလှောင်ထားသောငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေးဆောင်ရွက်ထားရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားရန်၊
- အစိုးရပိုင် ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ရာသီတုပ်ကွေး H1 N1 ရောဂါအကြောင်း အသိပညာပေးဟောပြော

**ကန်ကြီးထောင့် ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးဆောင်ပြုလုပ်သော ရာသီတုပ်ကွေး H1N1 ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၂ ရက် ညနေ ၃ နာရီက အမှတ်(၁)ရပ်ကွက်ရှိမဟာသိရီမင်္ဂလာရာမကျောင်းတိုက်နှင့် စံဇေတဝန်ကျောင်းတိုက်တို့၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကျောင်းတိုက်များမှ ရဟန်းရှင်သာမဏေများနှင့် သီလရှင်များကို မြို့နယ်ကျန်းမာရေးမှူး ဆရာမ ဒေါ်မြင့်မြင့်သန်းက ရာသီတုပ်ကွေး H1N1 ရောဂါလက္ခဏာများ၊ ရောဂါဖြစ်ပွားကူးစက်တတ်သည့် အခြေအနေများနှင့် နေထိုင်သွားလာရာတွင် သတိပြုရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ နှာခေါင်းစည်းကို မှန်ကန်စွာအသုံးပြုပုံများကို လည်းကောင်း၊ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်စိုးစိုးကြည်က သွေးလွန်တုပ်ကွေး ရောဂါအကြောင်း သိကောင်းစရာများနှင့် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများကို လည်းကောင်း၊ ကျန်းမာရေးမှူး အဆင့်(၁)ဒေါ်တင်တင်ဦးက တီဘီရောဂါအကြောင်း သိကောင်းစရာများကို လည်းကောင်း အသီးသီးဟောပြောခဲ့ကြပြီး ရာသီတုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးလက်ကမ်း စာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**

# တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်လို့ပြောထားကတည်းက တက္ကသိုလ်ဝင်မယ့် ကျောင်းသား ကျောင်းသူတိုင်းက ဦးစားပေးတက္ကသိုလ်တွေ မလျှောက်ခင်မှာ ဖတ်ကိုဖတ်ရမှာပါ

ဒေါက်တာမြတ်သန္တာ

## ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်မည့်စနစ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းအကြောင်းသိကောင်းစရာ စကားဝိုင်း

သတင်းအဖွဲ့

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်မည့်စနစ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းအကြောင်းသိကောင်းစရာ စကားဝိုင်းတွင် ဆေးတက္ကသိုလ်-၁ (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုး၊ သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာမြတ်သန္တာ၊ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစောစန္ဒာအေး၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းဝင်းတို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-

**ယမန်နေ့မှ အဆက်**

**အစီအစဉ်မှူး။ ။တက္ကသိုလ်ဝင်ခွင့်လျှောက်ထားမယ့် ကျောင်းသား ကျောင်းသူတွေအနေနဲ့ တည်နေရာကိုထည့်ပြီး လျှောက်ထားခွင့်ရှိသလား၊ ဒါမှမဟုတ် တက်ရောက်ခွင့်ရှိသလား ဒါကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာဒေါ်သန်းသန်းဝင်း။** ။တည်နေရာအပေါ်မှာလျှောက်ထားခြင်းနဲ့ ပတ်သက်လို့ နှစ်မျိုးရှိတယ်။ ပထမအသုတ်ရွေးတဲ့ တက္ကသိုလ်ထဲမှာပါတဲ့ သီးခြားရွေးချယ်တဲ့ တက္ကသိုလ် ၁၄ ခုကတော့ တစ်နိုင်ငံလုံးက စာစစ်ဌာနတွေကအောင်တဲ့ ကျောင်းသားအားလုံး တက်ရောက်ခွင့်ရှိပါတယ်။ ဒါကြောင့် လျှောက်ထားခွင့်ရှိတယ်။ နမူနာအားဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်ကို တက်ချင်တယ်ဆိုရင် ရန်ကုန်နည်းပညာတက္ကသိုလ်ဆိုပြီး လျှောက်လို့ရတယ်။ မန္တလေးနည်းပညာတက္ကသိုလ်ကို တက်ချင်တယ်ဆိုရင် မန္တလေးနည်းပညာတက္ကသိုလ်ဆိုပြီး တည်နေရာလေးပြောပြီး လျှောက်လို့ရတယ်။

ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွေအပိုင်းကျတော့ ဝိဇ္ဇာ၊ သိပ္ပံမှာ သင်ကြားတဲ့ ဘာသာရပ်ကိုပဲ ဖော်ပြပြီး လျှောက်ဖို့လိုတယ်။ ဘယ်တက္ကသိုလ်ကို တက်ရောက်ခွင့်ပေးမလဲဆိုရင် ဥပမာ-မြစ်ကြီးနားစာစစ်ဌာနက အောင်ခဲ့တယ်ဆိုရင် မြစ်ကြီးနား တက္ကသိုလ်ပဲဝင်ခွင့်ပေးမှာဖြစ်တဲ့အတွက်ကြောင့် သူဖြေဆိုအောင်မြင်ခဲ့တဲ့ စာစစ်ဌာနအပေါ်မူတည်ပြီးတော့ တက္ကသိုလ်တွေကို တက်ရောက်ခွင့်ပေးမှာပါ။

**အစီအစဉ်မှူး။ ။တက္ကသိုလ်ဝင်ခွင့် လျှောက်ထားတဲ့အခါမှာ သင်တန်းရွေးချယ်မှုကတ်ပြားမှာ ဖြည့်စွက်ဖို့ ဆရာမကြီးအနေနဲ့ ဘာတွေများ မှာချင်ပါသလဲ။**

**ဒေါက်တာဒေါ်သန်းသန်းဝင်း။** ။ရွေးချယ်မှုကတ်ပြားရဲ့ အပေါ်ပိုင်းမှာ ကျောင်းသားရဲ့အချက်အလက်တွေ ဖြည့်ရမှာဖြစ်ပါတယ်။ ရွေးချယ်မှုကတ်ပြားအပေါ် ပိုင်းမှာ စုစုပေါင်းရမှတ်ဆိုတဲ့ နေရာရှိပါတယ်။ စာမေးပွဲမှာ အောင်ခဲ့တဲ့အမှတ်ကို မှန်မှန်ကန်ကန် ဖြည့်ဖို့လိုပါတယ်။ ဒီအမှတ်ကို ကြည့်ပြီး ရွေးချယ်ရေးမှာ သုံးရမှာဖြစ်ပါတယ်။ ကျွန်မတို့ အဖွဲ့မှာက စိစစ်တဲ့အဖွဲ့ရှိပါတယ်။ စစ်ပေမယ့်လည်း တကယ်ဖြည့်ရမယ့်အမှတ်ကိုတော့ မှန်မှန်ကန်ကန်ဖြည့်ဖို့လိုတယ်။

ဒါ့အပြင် ကျောင်းသားရဲ့အချက်အလက်တွေ ဖြစ်တဲ့ အမည်၊ အဖအမည်၊ အမိအမည်၊ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့တဲ့ ခုံနံပါတ်၊ ခုနှစ်ကတော့ ၂၀၁၉လို့ ဖော်ပြပေးရပါမယ်။ စာစစ်ဌာနက ဘယ်စာစစ်ဌာနက အောင်သလဲ စတဲ့ အဓိကအချက်အလက်တွေကို ပြည့်ပြည့်စုံစုံဖော်ပြဖို့လိုပါတယ်။ ဖြည့်တဲ့အချက်အလက်တွေက တက္ကသိုလ်ဝင်စာမေးပွဲဖြေဖို့ Form တင်ထားတဲ့ Exam Form ပါ အချက်အလက်တွေနဲ့ တူဖို့တော့ လိုပါတယ်။ ကွဲပြားခဲ့ရင် ရွေးချယ်တဲ့အခါမှာ ဘာကြောင့်ကွဲလွဲနေသလဲဆိုတာ ဆက်သွယ်မေးမြန်းပြီး လုပ်ရတဲ့အခါ နှောင့်နှေးမှုဖြစ်ပေါ်လာနိုင်တဲ့အတွက် တူအောင် ဖြည့်ပေးဖို့လိုကြောင်း မှာချင်ပါတယ်။

**အစီအစဉ်မှူး။ ။ဆရာမကြီးအနေနဲ့ သီးခြားဝင်ခွင့်ရွေးချယ်ရာမှာ ဆေးနဲ့ဆေးပညာနီးနွယ်တက္ကသိုလ်တွေမှာ တက္ကသိုလ်ဘယ်နှခုရှိသလဲ။ ဘာတွေပါဝင်သလဲဆိုတာ ရှင်းလင်းပြောကြားပေးစေလိုပါတယ်။**

**ဒေါက်တာမြတ်သန္တာ။** ။အဲဒီအုပ်စုမှာ တက္ကသိုလ် ၁၅ ခုရှိပါတယ်။ ဆေးတက္ကသိုလ် ငါးခု၊ ရန်ကုန်မှာ ဆေးတက္ကသိုလ်(၁)နဲ့(၂)နှစ်ကျောင်း၊ မန္တလေး၊ မကွေး၊ တောင်ကြီး၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နှစ်ခု၊ သူနာပြုတက္ကသိုလ် နှစ်ခု၊ ဆေးဝါးတက္ကသိုလ် နှစ်ခု၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်နှစ်ခု ရန်ကုန် တစ်ခု၊ မန္တလေး တစ်ခုပါ။ အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) နဲ့ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)တို့ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။အဲဒီကျောင်းတွေကို ဝင်ခွင့်လျှောက်ချင်တယ်ဆိုရင် ဘယ်နေရာတွေမှာ လျှောက်ရမလဲ။ ဘယ်လိုလျှောက်ရမလဲဆိုတာ ဆရာမကြီး ပြောပြပေးပါဦး။**

**ဒေါက်တာမြတ်သန္တာ။** ။အဲဒီတက္ကသိုလ်တွေကို ဝင်ခွင့်လျှောက်ချင်တယ်ဆိုရင် ပြည်နယ်နဲ့ တိုင်းဒေသကြီးအလိုက် ဒေသအသီးသီးမှာ လျှောက်လွှာစာအိတ်တွေ ပေးပို့နိုင်တဲ့၊ လက်ခံတဲ့တက္ကသိုလ်၊ ကောလိပ် ၂၃ ခုရှိပါတယ်။ မြစ်ကြီးနားတက္ကသိုလ်၊ လှိုင်ကော်တက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ ဟားခါးကောလိပ်၊ မုံရွာတက္ကသိုလ်၊ စစ်ကိုင်းတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ပဲခူးတက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ ပခုက္ကူတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ တောင်ကုတ် ဒီဂရီကောလိပ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်၊ လားရှိုးတက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်တို့ ဖြစ်ပါတယ်။

တက္ကသိုလ်တွေက လျှောက်လွှာတွေကိုလက်ခံပြီးသွားရင် အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်)ကို ပေးပို့ရမှာဖြစ်ပြီး ဆေးနဲ့ ဆေးပညာနီးနွယ်အုပ်စုတွေက တာဝန်ပေးထားတဲ့ သူတွေက စိစစ်ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ ဒုတိယပိုင်းအနေနဲ့ လျှောက်လွှာတွေကို ဘယ်လိုဖြည့်ရမလဲ၊ လျှောက်လွှာစာအိတ်ပေါ်မှာ ဘယ်လိုအမှတ်ခြစ်ရမလဲဆိုတာနဲ့ ပတ်သက်ပြီး တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာတွေကိုဖြည့်ရာမှာ အခြားတက္ကသိုလ် ဖြည့်သလိုပါပဲ။ တက္ကသိုလ်ဝင်ခွင့်စာအိတ်ထဲမှာပါရမယ့် စာရွက်စာတမ်းတွေကလည်း အကုန်အတူတူပါပဲ။ ဝင်ခွင့်လျှောက်လွှာ၊ အမှတ်စာရင်း ရမှတ်စာရင်း အကုန်လုံး သေသေချာချာဖြည့်သွားရမှာဖြစ်ပါတယ်။ သင်တန်းရွေးချယ်မှု ကတ်ပြားမှာလည်း ပေးထားတဲ့ ဦးစားပေးတက္ကသိုလ်အလိုက် တက်ချင်တဲ့တက္ကသိုလ်တွေကို အကွက်တွေ အားလုံး ၂၂ ကွက်စလုံးကို ရမှတ်အပေါ်အခြေခံပြီးတော့ ဖြည့်ဖို့အရေးကြီးပါတယ်။ ဘာလို့လဲဆိုတော့ ဒီ ၂၂ ကွက်ထဲမှာမပါတဲ့ တက္ကသိုလ်ကို တက်ချင်လို့ မရပါဘူး။ စဉ်းစားမှာမဟုတ်ပါဘူး။ ဒါကြောင့် ဒီ ၂၂ ကွက်စလုံးကို ဖြည့်ရမှာဖြစ်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ လျှောက်လွှာစာအိတ်ပေါ်မှာ ဘယ်လိုဖြည့်ရမလဲ၊ ကိုယ်ဦးစားပေးလျှောက်ချင်တဲ့ တက္ကသိုလ်ဘေးနားမှာရှိတဲ့အကွက်ကို ခြစ်ရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ဘာသတိပြုရမလဲဆိုတော့ သတ်မှတ်ရက်အတွင်းဆိုတာကို ထပ်ခါတလဲလဲ ပြောထားပါတယ်။ ဇူလိုင်လ ၂၃ ရက်နေ့မတိုင်ခင် တက္ကသိုလ်၊ ကောလိပ် ၂၃ ခုကို မပေးပို့နိုင်ခဲ့ဘူးဆိုရင် နောက်ကျမှ ရောက်လာတဲ့လျှောက်လွှာတွေကို ခုနက တက္ကသိုလ် ၂၃ ခုကို ပေးပို့လျှောက်ထားလို့မရပါဘူး။ အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်)ကို တိုက်ရိုက်ပေးပို့လျှောက်ထားရမှာဖြစ်ပါတယ်။

ဒီလိုလျှောက်ထားတဲ့အခါမှာလည်း ဆေးနဲ့ ဆေးနီးနွယ်အုပ်စုတွေက သီးခြားဝင်ခွင့်ရတဲ့ တက္ကသိုလ်တွေကို ရွေးတဲ့နေရာမှာ ပထမအသုတ်ကိုရွေးတဲ့အထဲမှာ ပါမှာဖြစ်တဲ့အတွက် ကိုယ်ရဲ့လျှောက်လွှာနောက်ကျပြီးမှ ရောက်လာမယ်ဆိုရင် ရွေးချယ်တဲ့လုပ်ငန်းစဉ်တွေ ပြီးသွားခဲ့ပြီဆိုရင် ကိုယ်ဦးစားပေးတက်ချင်တဲ့တက္ကသိုလ်ရဲ့ အမှတ်စာရင်းထဲမှာ ဝင်ရင်တောင်မှ ရွေးပြီးသွားပြီဖြစ်တဲ့အတွက် လက်ခံနိုင်မယ့်ဦးရေ ပြည့်သွားပြီဖြစ်တဲ့အတွက်ကြောင့် ထပ်ပြီးတော့ လက်ခံနိုင်မှာမဟုတ်တော့ပါဘူး။ ဒါကြောင့်မို့ သတ်မှတ်ရက်အတွင်းမှာ လျှောက်ဖို့အရေးကြီးတယ်ဆိုတာ ထပ်ပြီးပြောလိုပါတယ်။

**အစီအစဉ်မှူး။ ။ကျောင်းသား ကျောင်းသူတွေအနေနဲ့ ဝင်ခွင့်လျှောက်တဲ့အခါမှာ ဆေးနှင့် ဆေးပညာနီးနွယ်အုပ်စုထဲက တက္ကသိုလ်တစ်ခုခုကို ဒုတိယဦးစားပေးအနေနဲ့ လျှောက်ထားမိတဲ့အခါ ဘယ်လိုများဖြစ်နိုင်ပါသလဲ။**

**ဒေါက်တာမြတ်သန္တာ။** ။သီးခြားဝင်ခွင့် ရွေးချယ်မယ့် ၂၉ ကျောင်းကတော့ သူတို့ကျောင်းကို လျှောက်တဲ့ဦးစားပေး (၁)လျှောက်လွှာတွေကို အမှတ်အများဆုံးကနေစပြီးတော့ အရေအတွက်ပြည့်တဲ့အထိ ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ ရွေးချယ်သွားပြီးတဲ့အခါကျရင် ဒီ ၂၉ ကျောင်းနဲ့ တာဝန်ရှိဦးစီးဌာနတွေက အကုန်လုံးပြန်ထိုင်ကြပြီး ရွေးချယ်ထားမှုအခြေအနေကို စိစစ်သွားမှာဖြစ်ပါတယ်။ နောက်ပြီးတော့မှ ဦးစားပေး(၁) မရလို့ကျန်ခဲ့တဲ့ လျှောက်လွှာတွေကို ဦးစားပေး (၂) ဘာတွေလျှောက်ထားသလဲ၊ အဲဒီ ဦးစားပေး (၂)ကျောင်းတွေရဲ့ ဝင်ခွင့်အမှတ်ထဲမီသလား ကြည့်ပါမယ်။ မီတယ်ဆိုရင်တော့ ထည့်သွင်းစဉ်းစားပေးမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ဆေးနှင့် နီးနွယ် တက္ကသိုလ်တစ်ခုခုကို လျှောက်တဲ့အခါမှာ နာမည်ကိုတန်းပြီးတပ်ရမလား၊ ဥပမာ-သူနာပြုတက္ကသိုလ်(ရန်ကုန်)၊ ဆေးတက္ကသိုလ်(၁) နာမည်တပ်တဲ့အခါ ဘယ်လိုတပ်ရမလဲဆိုတာ ရှင်းပြပေးပါ။**

**ဒေါက်တာမြတ်သန္တာ။** ။အဲဒါတန်းပြီး တပ်ဖို့မလိုပါဘူး။ ဝင်ခွင့်လမ်းညွှန် စာမျက်နှာ ၉၆၊ ဥပမာ (၇) မှာဖော်ပြထားပါတယ်။ အဲဒီမှာလည်း ဆေးတက္ကသိုလ်တွေ လျှောက်ချင်တယ်ဆိုရင် ဆေးတက္ကသိုလ်တွေ၊ သူနာပြုတက္ကသိုလ်ဆိုလည်း သူနာပြုတက္ကသိုလ်တွေ တစ်ကွက်ထဲမှာ ဖြည့်လိုက်ရုံပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဆေးတက္ကသိုလ် (၁) ကိုတက်ရမှာလား၊ (၂)လား၊ မန္တလေးလား၊ မကွေးလားဆိုတာ အဲဒီကျောင်းသားက ဘယ်စာစစ်ဌာနမှာ ဖြေတာလဲအပေါ်မှာ မူတည်ပါတယ်။ ဘယ်စာစစ်ဌာနကဖြေရင် ဘယ်တက္ကသိုလ်တက်ရမယ်ဆိုတာ သတ်မှတ်ထားတာရှိပါတယ်။ ဒါပေမယ့် တစ်ခါတလေကျတော့လည်း ကျောင်းကလက်ခံနိုင်တဲ့ဦးရေ၊ လျှောက်ထားတဲ့ ကျောင်းသားအရေအတွက်ပေါ် မူတည်ပြီး အနည်းအကျဉ်း ပြောင်းလဲတာရှိပါတယ်။

စာမျက်နှာ ၉ သို့



**ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွေ အပိုင်းကျတော့ ဝိဇ္ဇာ၊ သိပ္ပံမှာ သင်ကြားတဲ့ ဘာသာရပ်ကိုပဲ ဖော်ပြပြီး လျှောက်ဖို့လိုတယ်။ ဘယ်တက္ကသိုလ်ကို တက်ရောက်ခွင့်ပေးမလဲဆိုရင် ဥပမာ-မြစ်ကြီးနားစာစစ်ဌာနက အောင်ခဲ့တယ်ဆိုရင် မြစ်ကြီးနား တက္ကသိုလ်ပဲ ဝင်ခွင့်ပေးမှာဖြစ်တဲ့အတွက်ကြောင့် သူ ဖြေဆို အောင်မြင်ခဲ့တဲ့ စာစစ်ဌာနအပေါ်မူတည်ပြီးတော့ တက္ကသိုလ်တွေကို တက်ရောက်ခွင့်ပေးမှာပါ။**

○ စာမျက်နှာ ၈ မှ

**တခြားကွန်ပျူတာတက္ကသိုလ်တွေကို လျှောက်ထားလိုတဲ့ ကျောင်းသား ကျောင်းသူတွေကတော့ ကိုယ်လျှောက်ထားလိုတဲ့ တက္ကသိုလ်ဝင်စာအိတ်ပေါ်မှာ ကွန်ပျူတာတက္ကသိုလ်ဆိုတာတွေကို အမှန်ခြစ်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တက္ကသိုလ်ဝင်ခွင့် လက်ခံတဲ့တက္ကသိုလ်တွေမှာ ပေးပို့လျှောက်ထားလို့ရပါတယ်။**

အဲဒီအခါကျရင် သက်ဆိုင်ရာတက္ကသိုလ်နဲ့ ဦးစီးဌာန အကြီးအကဲတွေ ဝိုင်းပြီးတော့ ညှိနှိုင်းဖြေရှင်းကြတာမျိုးလေးတွေ လုပ်ပါတယ်။ တစ်ကွက်တည်းပဲ ဆေးတက္ကသိုလ်တွေရယ်လို့ ဖြည့်လိုက်တဲ့အခါကျတော့ ဖြည့်ရတဲ့အကွက်လည်း သက်သာပါတယ်။

**အစီအစဉ်မှူး။ ။ဦးစားပေးတက္ကသိုလ် ရွေးချယ်လျှောက်တဲ့အခါမှာ တက္ကသိုလ်ဝင်ခွင့် အမှတ်အပေါ်ကြည့်ပြီး ဝင်နိုင်/မဝင်နိုင်ဆိုတာ ဘယ်လိုသိနိုင်မလဲ ရှင်းပြပေးပါဦး။**

**ဒေါက်တာမြတ်သန္တာ။ ။**အဲဒါ တပ်အပ်မပြောနိုင်ပါဘူး၊ ချင့်ချိန်ရပါတယ်။ အရင်နှစ်တုန်းက အမှတ်၊ အရင့်အရင်နှစ်တုန်းကအမှတ် ယောကျ်ားလေး အနိမ့်ဆုံးအမှတ်က ဘယ်လောက်လဲ၊ မိန်းကလေး အနိမ့်ဆုံးအမှတ်က ဘယ်လောက်လဲ၊ ယောကျ်ား၊ မိန်းမ Ratio ဒါတွေအားလုံးချင့်ချိန်ရပါတယ်။ ဒါတွေတင်မကဘူး၊ ဒီနှစ်မှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်တဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ အမှတ်အနေအထား၊ သူတို့ရဲ့ဦးစားပေးလျှောက်ထားမှု အနေအထားအပေါ်မှာလည်း မူတည်ပါတယ်။ လျှောက်တဲ့အခါမျိုးမှာ ကိုယ်လျှောက်ချင်တဲ့ တက္ကသိုလ်က မနှစ်တုန်းက ဒီအမှတ်ဆိုရင်ဝင်တယ်။ ဒီနှစ်ကိုယ်ရတဲ့အမှတ်ကလည်း ဒီလောက်အမှတ်ရှိတဲ့အခါ ကျိန်းသေပေါက်တွက်ပြီးတော့ ဒီတက္ကသိုလ်တစ်ခုတည်းပဲ လျှောက်တော့မယ်။ ဝင်မှာပဲဆိုပြီးတော့ စွန့်စားတာမျိုး မလုပ်သင့်ပါဘူး။

အမှတ်တွေက အပြောင်းအလဲရှိနိုင်တဲ့အတွက်ကြောင့်မို့လို့ မနှစ်တုန်းက ဒီတက္ကသိုလ် ဒီလောက်အမှတ်မှဝင်တယ်၊ တက်ချင်ရဲ့သားနဲ့ မဝင်နိုင်တော့ပါဘူးဆိုပြီး အားလျှော့ပြီး မလျှောက်မိတာမျိုးလည်း မလုပ်သင့်ပါဘူး။ လျှောက်တဲ့အခါမှာ အားလုံးကို ချင့်ချိန်ပြီး လျှောက်ဖို့ အရေးကြီးပါတယ်။

**အစီအစဉ်မှူး။ ။ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်တစ်ခုခုမှာ လျှောက်ထားတဲ့အခါမှာဆိုရင် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ကို ဖတ်ဖို့လိုလား၊ မလိုဘူးလား ရှင်းပြပေးစေချင်ပါတယ်။**

**ဒေါက်တာမြတ်သန္တာ။ ။**ဆေးနှင့် ဆေးပညာနီးနွယ်မှ မဟုတ်ပါဘူး။ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်လို့ ပြောထားကတည်းက တက္ကသိုလ်ဝင်မယ့် ကျောင်းသား ကျောင်းသူတိုင်းက ဦးစားပေးတက္ကသိုလ်တွေ မလျှောက်ခင်မှာ ဖတ်ကိုဖတ်ရမှာပါ။ ဘာလို့လဲဆိုတော့ ကိုယ်ဦးစားပေးလျှောက်ချင်တဲ့ တက္ကသိုလ်တစ်ခုရဲ့ အနေအထား၊ သူ့ရဲ့လိုအပ်ချက်တွေ၊ ပြီးတော့ သင်တန်းကာလ ဘယ်လောက်လဲ၊ ဘာဘွဲ့ရမှာလဲ၊ ကျား၊မ Ratio စသဖြင့် ဒါတွေအကုန်ပါပါတယ်။ ဒါ့အပြင် တခြားတက္ကသိုလ်တွေအကြောင်းလည်း အများကြီးပါပါတယ်။ တချို့တက္ကသိုလ်တွေဆိုရင် အနိမ့်ဆုံးအမှတ်က ဘယ်လောက်ဆိုပြီး သတ်မှတ်ထားတာတွေရှိနေပါတယ်။ အဲဒီအတွက်ကြောင့် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ကို မဖတ်ဘဲနဲ့တော့ ဒီလျှောက်လွှာတွေကို မဖြည့်သင့်ဘူးလို့ ပြောလိုပါတယ်။

**အစီအစဉ်မှူး။ ။ဝင်ခွင့်ပြုစာရင်း ကြေညာပြီးတော့မှ တခြားတက္ကသိုလ်ကို ပြောင်းချင်တယ်ဆိုရင်ရော ဘယ်လိုများလုပ်လို့ရမလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာမြတ်သန္တာ။ ။**တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်ရဲ့ စာမျက်နှာ (၁၀၆-၁၀၇)မှာ အသက်မွေးဝမ်းကျောင်းပညာတက္ကသိုလ်တစ်ခုကနေ တစ်ခုပြောင်းချင်ရင် ဘာတွေ ဘယ်လိုဆောင်ရွက်ရမလဲ ဆိုတာ ရေးထားပါတယ်။ သာမန်အားဖြင့် တက္ကသိုလ်ပြောင်းရွှေ့ခြင်းကို ခွင့်မပြုပါဘူး။ ဒါပေမယ့် ကိုယ်ပြောင်းချင်တဲ့ တက္ကသိုလ်ရဲ့အမှတ်ကို မီတယ်ဆိုရင်တော့ ဝင်ခွင့်ရတဲ့တက္ကသိုလ်ကနေတစ်ဆင့် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်)ကို လျှောက်ပြီးတဲ့အခါကျတော့ ပြောင်းဖို့ကြိုးစားကြည့်နိုင်ပါတယ်။ ဘာဖြစ်လို့ သာမန်အားဖြင့် လက်မခံနိုင်ဘူးလဲဆိုရင် အကုန်လုံးရွေးပြီးသွားပြီ၊ သတ်မှတ်ထားတဲ့ ဦးရေပြည့်တဲ့အထိ ရွေးသွားတယ်ဆိုတဲ့ အခါကျတော့ အမှတ်ထဲကို ဝင်တယ်ဆိုရင်တောင်မှ လက်ခံနိုင်တဲ့ဦးရေ ပြည့်သွားပြီဆိုရင် လက်မခံတော့ပါဘူး။

ဆေးတက္ကသိုလ်တွေဆိုရင် လက်ခံတဲ့ ဦးရေက ၁၂၀၀၊ သူနာပြုတက္ကသိုလ်တွေဆိုရင် ၅၀၀ စသဖြင့် သတ်မှတ်ထားတာရှိပါတယ်။ တကယ်လို့များ ပြောင်းရွှေ့ခွင့်ရသွားပြီဆိုရင်တော့ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့က နေရာချထားပေးထားတဲ့ တက္ကသိုလ်မှာပဲ သင်တန်းပြီးဆုံးအောင် တက်သွားရမှာဖြစ်ပါတယ်။ ဆေးနှင့်ဆေးပညာနီးနွယ်အုပ်စုအနေနဲ့ ကျောင်းပြောင်းတာတို့၊ အပ်နှံတာတို့ကို နိုဝင်ဘာလ ၂၉ ရက်နေ့ နောက်ဆုံးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စတွေအားလုံးကို နိုဝင်ဘာလ ၂၉ ရက်နေ့ မတိုင်ခင်မှာ အပြီးတိုင် ဆောင်ရွက်နိုင်ဖို့ အရေးကြီးပါတယ်။ တကယ်လို့ ဆေးနီးနွယ်အုပ်စုက ဝိဇ္ဇာ၊ သိပ္ပံနေ့သင်တန်းတွေကို တက်ချင်တယ်ဆိုရင်တော့ ဒီဇင်ဘာလ ၁၃ ရက်နေ့အထိ လျှောက်လွှာတွေကို ပေးပို့နိုင်တယ်။ အဝေးသင်ဆိုရင်တော့ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ အချိန်ရပါတယ်။

**အစီအစဉ်မှူး။ ။အင်ဂျင်နီယာ၊ ဗိသုကာ နည်းပညာဝါသနာပါတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် ဒီနိုင်ငံမှာ ဘယ်တက္ကသိုလ်တွေရှိတယ်၊ အဲဒီထဲကမှ သီးခြားဝင်ခွင့်ရွေးချယ်မယ့် တက္ကသိုလ်တွေက ဘယ်တက္ကသိုလ်တွေဆိုတာရယ်၊ နောက်ပြီး တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်ပေးမယ့် တက္ကသိုလ်တွေက ဘယ်တက္ကသိုလ်တွေရှိလဲဆိုတာ ဆရာကြီးကရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာမြင့်သိန်း။ ။**ဒီနှစ်မှာ သီးခြားဝင်ခွင့် ရွေးချယ်မယ့် တက္ကသိုလ်ပေါင်း ၁၄ ကျောင်းရှိပါတယ်။ အဲဒီ ၁၄ ကျောင်းထဲမှာ အင်ဂျင်နီယာနှင့် ဗိသုကာနည်းပညာ ဝါသနာပါတဲ့ ကျောင်းသားတွေ တက်နိုင်တဲ့ကျောင်း ငါးကျောင်းပါတယ်။ အဲဒီ ငါးကျောင်းကတော့ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မန္တလေး)၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး)တို့ ဖြစ်ပါတယ်။ အဲဒီ ငါးကျောင်းကတော့ သီးခြားဝင်ခွင့် ရွေးချယ်မယ့် တက္ကသိုလ်တွေ ဖြစ်ပါတယ်။ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်မယ့်တက္ကသိုလ်တွေကတော့ အားလုံး ၂၈ ကျောင်းရှိပါတယ်။ အဲဒီ ၂၈ ကျောင်းကတော့ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၊ ပြည်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(သန်လျင်)၊ နည်းပညာတက္ကသိုလ်(မော်ဘီ)၊ နည်းပညာတက္ကသိုလ်(ပုသိမ်)၊ နည်းပညာတက္ကသိုလ်(မအူပင်)၊ နည်းပညာတက္ကသိုလ်(ဟင်္သာတ)၊ နည်းပညာတက္ကသိုလ်(မော်လမြိုင်)၊ နည်းပညာတက္ကသိုလ်(ထားဝယ်)၊ နည်းပညာတက္ကသိုလ် (မြိတ်)၊ နည်းပညာတက္ကသိုလ်(တောင်ငူ)၊ နည်းပညာတက္ကသိုလ်(ရမည်းသင်း)၊ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၊ နည်းပညာတက္ကသိုလ်(မုံရွာ)၊ နည်းပညာတက္ကသိုလ်(စစ်ကိုင်း)၊ နည်းပညာတက္ကသိုလ်(ကလေး)၊ နည်းပညာတက္ကသိုလ်(လားရှိုး)၊ နည်းပညာတက္ကသိုလ်(တောင်ကြီး)၊ နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)၊ နည်းပညာတက္ကသိုလ်(ပင်လုံ)၊ နည်းပညာတက္ကသိုလ်(မြစ်ကြီးနား)၊ နည်းပညာတက္ကသိုလ်(လွိုင်ကော်)၊ နည်းပညာတက္ကသိုလ်(ဗန်းမော်)၊ နည်းပညာ တက္ကသိုလ်(စစ်တွေ)၊ နည်းပညာတက္ကသိုလ်(မကွေး)၊ နည်းပညာတက္ကသိုလ်(ပခုက္ကူ)နဲ့ နည်းပညာတက္ကသိုလ်(ဘားအံ)တို့ ဖြစ်ပါတယ်။ အဲဒီ ၂၈ ကျောင်းကတော့ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့က ရွေးချယ်မယ့်တက္ကသိုလ်များ အုပ်စုဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ဘယ်အုပ်စုတွေက ဘယ်ကို လိပ်မူပြီး လျှောက်လွှာတွေကို ဘယ်လို ပေးပို့ပေးရမလဲဆိုတာကို ဆက်ပြီးရှင်းပြပေးပါဦး။**

**ဒေါက်တာမြင့်သိန်း။ ။**သီးခြားဝင်ခွင့်ရွေးချယ်မယ့် နည်းပညာတက္ကသိုလ် ငါးကျောင်းကိုတော့ သက်ဆိုင်ရာတက္ကသိုလ်ရဲ့ ပါမောက္ခချုပ်ဆီကို တိုက်ရိုက်ပေးပို့ရမှာ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ ရန်ကုန်နည်းပညာတက္ကသိုလ်ကို ပထမဦးစားပေးလျှောက်ထားမယ်ဆိုရင် ပါမောက္ခချုပ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်ကို လိပ်မူပြီး ပေးပို့နိုင်ပါတယ်။ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကို ဦးစားပေးလျှောက်ထားမယ်ဆိုရင်တော့ ပါမောက္ခချုပ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကို လိပ်မူပေးပို့ရမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ဦးစားပေး ရွေးချယ်တဲ့အခါမှာ စိတ်ကြိုက် ဘယ်လိုရွေးချယ်ခွင့် ရှိသလဲဆိုတာ ရှင်းပြပေးပါဦး။**

**ဒေါက်တာမြင့်သိန်း။ ။**ဦးစားပေးအနေနဲ့ သင်ယူလိုသူ ကျောင်းသားရဲ့ ဆန္ဒအတိုင်း လျှောက်လို့ရပါတယ်။ သီးခြားဝင်ခွင့်ရွေးချယ်မယ့် တက္ကသိုလ်တွေကို လျှောက်တဲ့အခါမှာ ပါမောက္ခချုပ်၊ သက်ဆိုင်ရာနည်းပညာတက္ကသိုလ်ဆီကို ပေးပို့ပြီး လျှောက်ထားရပါမယ်။ လျှောက်ထားတဲ့အခါမှာ ဦးစားပေးအစီအစဉ်ကို ပြည့်အောင်ဖြည့်ပြီး လျှောက်ထားဖို့ လိုပါလိမ့်မယ်။ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့ကနေပြီး ရွေးချယ်မယ့် နည်းပညာတက္ကသိုလ် ၂၈ ကျောင်းကို လျှောက်ထားမယ်ဆိုရင်တော့ နည်းပညာတက္ကသိုလ်ရဲ့ နောက်မှာ စောစောကတင်ပြသွားတဲ့ နာမည်လေးတွေ ထည့်ပြီးတော့ လျှောက်ထားဖို့လိုပါတယ်။

**အစီအစဉ်မှူး။ ။ကွန်ပျူတာပညာရပ်နှင့်သတင်းအချက်အလက် နည်းပညာတွေနဲ့ဆိုင်တဲ့ ဘွဲ့အမျိုးအစားတွေကိုသာ ချီးမြှင့်ပေးတဲ့ IT Specialize တက္ကသိုလ်တွေကို ပထမဦးစားပေး လျှောက်ထားချင်တယ်ဆိုရင် ဘယ်လိုလျှောက်ထားရမလဲ ဆရာမကြီးက ဆွေးနွေးပေးပါ။**

**ဒေါက်တာစောစန္ဒာအေး။ ။**IT Specialize သတင်းအချက်အလက်နည်းပညာနဲ့ ကွန်ပျူတာဘာသာရပ်တွေကို လေ့လာသင်ကြားလိုတဲ့ ကျောင်းသား ကျောင်းသူတွေဟာ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ကွန်ပျူတာတက္ကသိုလ်တွေကို ပေးပို့လျှောက်ထားနိုင်ပါတယ်။ အဲဒီထဲမှာမှ သီးခြားတိုက်ရိုက်လျှောက်ထားတဲ့ တက္ကသိုလ်သုံးခုရှိပါတယ်။ အဲဒါတွေကတော့ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်မှာရှိတဲ့ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (UCSY)၊ လှိုင်မြို့နယ် ပါရမီလမ်းပေါ်မှာရှိတဲ့ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်(UIT)၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်မှာရှိတဲ့ မန္တလေးကွန်ပျူတာတက္ကသိုလ်(UCSM) အဲဒီတက္ကသိုလ်သုံးခုကတော့ သီးခြားတိုက်ရိုက်လျှောက်ထားရမှာ ဖြစ်ပါတယ်။ တက္ကသိုလ်သုံးခုကို ပထမဦးစားပေးအနေနဲ့ လျှောက်ထားလိုသူတွေက တက္ကသိုလ်ဝင်ခွင့်စာအိတ်ပေါ်မှာ အဲဒီတက္ကသိုလ်အမည်ကို အမှန်ခြစ်ပြီး အဲဒီတက္ကသိုလ်တွေကို လူကိုယ်တိုင် ဒါမှမဟုတ် စာတိုက်ကပေးပို့ရမှာ ဖြစ်ပါတယ်။

တခြားကွန်ပျူတာတက္ကသိုလ်တွေကို လျှောက်ထားလိုတဲ့ ကျောင်းသား ကျောင်းသူတွေကတော့ ကိုယ်လျှောက်ထားလိုတဲ့ တက္ကသိုလ်ဝင်စာအိတ်ပေါ်မှာ ကွန်ပျူတာတက္ကသိုလ်ဆိုတာတွေကို အမှန်ခြစ်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တက္ကသိုလ်ဝင်ခွင့် လက်ခံတဲ့ တက္ကသိုလ်တွေမှာ ပေးပို့လျှောက်ထားလို့ရပါတယ်။ အဲဒီလို လျှောက်ထားတဲ့အခါမှာ သတင်းအချက်အလက်နည်းပညာနဲ့ ကွန်ပျူတာဘာသာရပ်ကို သင်ကြားလိုတဲ့ ကျောင်းသား ကျောင်းသူတွေဟာ ဝင်ခွင့်လျှောက်လွှာမှာ ကိုယ်တက်လိုတဲ့ကျောင်းတွေကို ပထမဦးစားပေးတက္ကသိုလ်တွေအလိုက်၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေး စသည်ဖြင့် အစဉ်အလိုက် ဖြည့်စွက်ထားဖို့ လိုပါတယ်။

တကယ်လို့သာ ပထမဦးစားပေးတက္ကသိုလ်ကို မရခဲ့ဘူးဆိုရင် ဒုတိယဦးစားပေး လျှောက်ထားတဲ့ IT Specialize တက္ကသိုလ်တက်ခွင့်ရဖို့ အဆင့်ဆင့် ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် လျှောက်လွှာမှာ ရေးတဲ့အခါ ဥပမာအားဖြင့် ပထမဦးစားပေး သတင်းအချက်အလက် နည်းပညာတက္ကသိုလ်ပြီးရင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၊ ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)၊ ကွန်ပျူတာတက္ကသိုလ်(မအူပင်) အစရှိသဖြင့် တက်လိုတဲ့ ဦးစားပေး အစီအစဉ်အလိုက် သေချာရေးပြီးလျှောက်ထားဖို့ လိုအပ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

## သတင်းလမ်းညွှန်

### မန္တလေးမြို့တွင် လူငယ်အသံဖိုရမ်(၂၀၁၉) ကျင်းပမည်

လူငယ်အသံဖိုရမ်(၂၀၁၉) ကို မန္တလေးမြို့မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီတွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### (၇၂)နှစ်မြောက် အာဇာနည်နေ့အကြို စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်မည်

မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပသော (၇၂)နှစ်မြောက် အာဇာနည်နေ့အကြို စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန၌ ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### မန္တလေးတက္ကသိုလ်တွင် ဇာတ်ညွှန်းအနုပညာဟောပြောပွဲ ကျင်းပမည်

ဇာတ်ညွှန်းအကယ်ဒမီသုံးဆုရှင် အမျိုးသားစာပေဆုရ ဆရာငြိမ်းမင်းက ပညာဒါနအဖြစ် ဇာတ်ညွှန်းအနုပညာ ဟောပြောဆွေးနွေးပွဲကို မန္တလေးတက္ကသိုလ်မြန်မာစာဌာနတွင် ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်ထိ နှစ်ရက်ကြာ ဟောပြောဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

### မန္တလေးမြို့တွင် လူနေမှုနှင့် သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စွန့်ဦးတီထွင်ပြိုင်ပွဲ ကျင်းပမည်

မန္တလေးတိုင်းဒေသကြီး စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ ဦးဆောင်ကျင်းပမည့် လူနေမှုနှင့် သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စွန့်ဦးတီထွင်ပြိုင်ပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်။**

# မတော်တဆမဟုတ်သော ကလေးသူငယ် ထိခိုက်နစ်နာမှု

## လက်ာရည်ကျော်

မတော်တဆမဟုတ်သော ထိခိုက်မှုများကို အုပ်စုငါးစုခွဲနိုင်ပါသည်။

၁။ ကိုယ်ထိလက်ရောက်ထိခိုက်စေခြင်း(Physical abuse)
၂။ ကလေးများကိုလိင်မှုကိစ္စအတွက်အသုံးချခြင်း(Sexual abuse)
၃။ စိတ်ခာတ်ပျက်ပြားစေခြင်း(Emotional abuse)
၄။ လုံလောက်သော ဂရုစိုက်မှုမပေးခြင်း(Neglect)
၅။ ရောဂါရှိသယောင် အတုဖန်တီးခြင်း (Manchausen Syndrome by proxy)ဟူ၍ ဖြစ်ပါသည်။

အင်္ဂလန်နိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်က တရားဝင်ထုတ်ပြန်ထားသော ကိန်းဂဏန်းများအရ ထိုကဲ့သို့ "မတော်တဆမဟုတ်သော ထိခိုက်မှုတစ်ခုခုကို ခံစားခဲ့ရသော သို့မဟုတ် ခံစားခဲ့ရဖွယ်ရှိသောကလေးများအဖြစ် အထူးသတိထားစောင့်ကြပ်ကြည့်ရှုရန် စာရင်းသွင်းထားခံရသော ကလေးပေါင်း သုံးသောင်းကျော်ရှိသည်"ဟု ဆိုပါသည်။

ဒီအထဲတွင်မှ ကိုယ်ထိလက်ရောက်ထိခိုက်ခံရစေမှုပေါင်းမှာ တစ်နှစ်လျှင် တစ်သိန်းခန့်ရှိသည်ဟု အင်္ဂလန်နိုင်ငံအမျိုးသားကော်မရှင်တစ်ရပ် (National Commission of inquiry into the prevention of Child abuse and neglect) က ဆိုပါသည်။

၁။ ကိုယ်ထိလက်ရောက်ထိခိုက်စေခြင်း (Physical abuse)ဆိုတာက ကလေးတကယ်နာကျင်ခံစားရအောင် ကိုယ်ထိလက်ရောက်လုပ်ခြင်း ဖြစ်သည်။ ထိုနိုင်ငံမှာ ပညာတော်သင်စဉ်ကတော့ ရေနွေးပူနှင့် လောင်းချခံရသည့်ကလေးကို ကိုယ်တိုင်ကုသပေးခဲ့ရဖူးသည်။ ပခုံးရိုးကျိုးအောင် တရွတ်ဆွဲခံရသည့် ကလေး၏ ခာတ်မှန်ကိုလည်း လေ့လာခဲ့ရဖူးသည်။ မျက်လုံးကြီး ဖူးရောင်အောင် အထိုးခံထားရသည့် ကလေးခာတ်ပုံကိုလည်း တွေ့ဖူးသည်။ တမင်နှိပ်စက်လိုသောစိတ်မျိုးနှင့်လုပ်ခြင်း ဖြစ်ချင်မှ ဖြစ်မည်ဖြစ်သော်လည်း လူမှုရေးပြဿနာပေါင်းစုံ အရှုပ်ဝိုင်းဖြစ်နေ၍ ဆောက်တည်ရာမရဖြစ်နေသော ငယ်ရွယ်သည့်မိဘများသည် သေးကွေးသော ပြဿနာလေးတစ်ခု ကလေးကလုပ်လိုက်သည်နှင့် စိတ်ကထပေါက်ကွဲပြီး သတိလက်လွတ်လုပ်တတ်ကြသည်။ လုပ်ပြီးမှ ယူကြုံးမရဖြစ်ပြီး ပြေးလာတတ်ကြသည်။ အဘိုးအဘွားနှင့်အတူနေသော မိသားစုမျိုးတွင် သည်ပြဿနာမျိုးနည်းသည်။ ကျွန်တော်တို့ဆီမှာတော့ အဘိုးအဘွားနှင့် နေကြသည့် မိသားစုများ များနေသည်ကိုက ဝမ်းသာစရာ။ အဘိုးအဘွားတို့ကလည်း မြေးတို့ကို မိဘထက်ပင် ဂရုစိုက်တတ်ကြသေးသည်။

သို့သော် တစ်ခါက နယ်မြို့တစ်မြို့တွင် မိဘနှစ်ပါးအပြင်သွားခိုက်တွင် မတိတ်တမ်း ကျွက်ကျွက်ညံအောင် ငိုနေသော ခြောက်လသားကလေးကို ထိန်းနေရသည့် ဆယ်ကျော်သက်အရွယ် အိမ်ဖော်မကလေးက ကလေးကို စောင်ပုခက်ထဲထည့်၍ နံရံနှင့်ခေါင်းတိုက်မိအောင် အချက်ပေါင်းများစွာ တမင်ဆောင့်လွှဲပစ်ခဲ့ကြောင်း ပြန်လည်ကြားဖူးရသည့်အခါ သည်ပြဿနာကို ပြန်သတိရမိသည်။ ဖြစ်မှာမဟုတ်ပါဘူးဟုတော့ ပေါ့ပေါ့တန်တန်ထား၍ မရသည့် သဘောတရားပါပေ။

၂။ Sexual Abuse ကလေးများကို လိင်မှုကိစ္စအတွက် အသုံးချခြင်းဆိုသည်မှာ တကယ်လိင်ဆက်ဆံမှုမဟုတ်။ လူကြီးတစ်ဦးတစ်ယောက်က သူ့စိတ်အာသီသအလို့ငှာ ကလေးကိုအသုံးပြုသည်နှင့် သည်ထဲတွင် အကျုံးဝင်သည်။ ဥပဒေအရရော၊ လူမှုရေးအရ ခွင့်မလွှတ်သင့်သည့် အပြစ်ကြီးပါပေ။ ထိုနိုင်ငံတွင်တော့ တစ်နှစ်တွင် သည်လိုအမှုမျိုး တစ်သိန်းခန့်ရှိသည်ဟု ဆိုသည်။ ခံရသည့်ကလေးများမှာတော့ ယောက်ျားလေးများရော၊ မိန်းကလေးများရော ပါသည်။

ရှက်ကြောက်စရာပြဿနာကြီးမျိုးဖြစ်၍ ထုတ်ဖော်၍ ဆွေးနွေးလေ့မရှိကြ။ သည်တော့ သည်ပြဿနာအကြောင်း အသိနည်းကြသည်။

၃။ "နင်ဟာ နည်းနည်းမှအသုံးကျတဲ့ကောင်မဟုတ်ဘူး၊ ကြီးလာရင်လည်း နင့်အဖေလို အရက်သမား၊ ဖဲသမားဖြစ်မှာပဲ"ဟု မြည်တွန်တောက်တီးနေသောအမေသည် သူ၏အရွယ်မရောက်သေးသော သားငယ်ကို "စိတ်ခာတ်ပျက်ပြားစေခြင်း" (emotional abuse)လုပ်နေခြင်းဖြစ်ပါသည်။ ပေါ့ပေါ့တွေးပြီး ဦးနှောက်နုနုနယ်နယ် ကလေးများကို ပေါ့ပေါ့ကလေး မထိခိုက်ကြစေချင်ပါ။

၄။ တစ်ခါက အမေရိကန်ပြည်ထောင်စုတွင် ဆယ်ကျော်သက်တစ်ဦးက လူသတ်မှုကျူးလွန်သောအခါ ရဲတပ်ဖွဲ့က ကလေး၏ အိပ်ခန်းကို စစ်ဆေးပါသည်။ အိပ်ခန်းအတွင်းတွင် အနိဋ္ဌာရုံ သတ်ဖြတ်ညှဉ်းဆဲသည့် ပုံများကပ်ထားကြောင်းတွေ့သည့်အခါ ရဲက မိဘကို "လုံလောက်သော စောင့်ရှောက်သွန်သင်ပြုစုမှုမပေးခြင်း"(Neglect)နှင့် တရားစွဲပါသည်။ ကျွန်တော် ယူကေနိုင်ငံတွင် ရှိနေစဉ်ကလည်း မဆင်းရဲပါဘဲနှင့် ကလေးကိုညစ်ပတ်ပေရေစွာ ပစ်ထား၍ ပိန်လှီဝဲစွဲနေသောကလေးတစ်ယောက်ကို တွေ့ခဲ့ရာ လူမှုဝန်ထမ်းအဖွဲ့(Social Department)က မိဘကို သည် 'Neglect' နှင့်တရားစွဲသည်ကို တွေ့ဖူးပါသည်။

မိဘဖြစ်ပြီးလျှင် မိဘတာဝန်ကျေပွန်ရန်မှာ သူများပြောမှ၊ သူများ တရားစွဲမှာ ကြောက်မှတော့လည်း မဖြစ်သင့်ပါ။

၅။ ၁၉၉၃ ခုနှစ်ခန့်ကဖြစ်သည်။ ကျွန်တော်တာဝန်ကျနေသည့်အဆောင်တွင် ကလေးတစ်ဦး ရက်ရှည်ဝမ်းသွားရောဂါနှင့် ဆေးရုံတက်နေသည်။ ကောင်းမလိုလိုဖြစ်လာလိုက် ဝမ်းတွေဒလဟောပြန်သွားပြီး ခြေဖျားလက်ဖျားအေးစက်သွားကာ မနည်းအသက်ပြန်လုရလိုက်၊ ပြန်ကောင်းလာလိုက် သံသရာလည်နေသည်မှာ လပေါင်းများစွာကြာသည်အထိ ဆေးရုံက မဆင်းရ။ လုပ်နိုင်သမျှလည်း အကုန်လုပ်ပေးပြီးပြီ။ ရှာနိုင်သမျှလည်း အကုန်ရှာသည်မှာ အမျိုးသားခာတ်ခွဲခန်းနှင့် ဆေးသုတေသနဦးစီးဌာနမှ ဌာနပေါင်းစုံကပါဝိုင်းကူညီရှာကြသော်လည်း ရောဂါက ရှာမတွေ့။

အဲသည်တုန်းက ကျွန်တော့်ကို သင်ကြားလေ့ကျင့်ပေးသည့် ဆရာတွေ ပြောပြဖူးသည်။ နည်းမှာပဲဟု ထင်ထားကြသည်ပေါ့။

ကြာလာတော့ နည်းတာမဟုတ်။ ရှာမတွေ့သေးတာဟု သဘောပေါက်လာကြသည်။ အချိန်တန်တော့ တွေ့တာပါပဲ။

လွန်ခဲ့သည့် အနှစ် ၂၀ ကျွန်တော် ယူကေက ပြန်ရောက်လာခါစက မြန်မာနိုင်ငံမှာလည်း အဲသည်ကိစ္စတွေ သိပ်ကျယ်ကျယ်ပြန့်ပြန့် မပြောဖြစ်ကြသေး။ ယခုတော့ အားလုံး ကြားသိကြသည့်အတိုင်းပဲဟုပင် ပြောရမည် ဖြစ်သည်။

ပြဿနာက ရှိသော်လည်း ပြဿနာကို ဖြေရှင်းသော အတွေ့အကြုံကတော့ အနည်းသား။ ယခုတလော အဲသည်ပြဿနာတွေအကြောင်း ကြားလိုက်ရမှုဖြင့် တရားခံဖော်ထုတ်အရေးယူဖို့ကိုပဲ မဲနေကြသလို ကျွန်တော် မြင်မိသည်။ အဲသည်အပိုင်းက လုပ်ရမှာမှန်သော်လည်း Law Enforcement ခေါ် ဥပဒေထိန်းသိမ်းရေးဝန်ထမ်းတွေမှာသာ အဓိကတာဝန်ရှိသည်။ ဆေးပညာရှင်တွေနှင့် မိဘဆွေမျိုးတွေ၏ တာဝန်က Case Conference လုပ်နိုင်ဖို့ဖြစ်သည်။

Case Conference ဟု ခေါ်သော်လည်း ကွန်ဖရင့်ကြီးမဟုတ်။ ဝိုင်းထိုင်ဆွေးနွေးကြတာဖြစ်သည်။ ဘယ်သူတွေက ဝိုင်းထိုင်ဆွေးနွေးကြတာလဲဆိုတော့ ကလေးကို ပြုစုကုသပြန်လည်ပျိုးထောင်ရေးမှာ ပါဝင်ဆောင်ရွက်နေသူ ဆရာဝန်၊ ဆရာမ၊ ကျောင်းဆရာ ဆရာမ၊ စိတ်ပညာရှင်၊

"Case Conference ဟု ခေါ်သော်လည်း ကွန်ဖရင့်ကြီးမဟုတ်။ ဝိုင်းထိုင်ဆွေးနွေးကြတာဖြစ်သည်။ ဘယ်သူတွေက ဝိုင်းထိုင်ဆွေးနွေးကြတာလဲဆိုတော့ ကလေးကို ပြုစုကုသပြန်လည်ပျိုးထောင်ရေးမှာ ပါဝင်ဆောင်ရွက်နေသူ ဆရာဝန်၊ ဆရာမ၊ ကျောင်းဆရာ ဆရာမ၊ စိတ်ပညာရှင်၊ လူမှုဆက်ဆံရေးအရာရှိ၊ မိဘ၊ ဆွေမျိုးစသူတို့ဖြစ်သည်။ ဘာကို ဆွေးနွေးကြတာလဲဆိုတော့ ကလေးကို ကိုယ်ကာယပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ ထပ်မံထိခိုက်မှုမရှိရစေအောင် ထိခိုက်ပြီးသားကိစ္စကနေ မြန်မြန်ပြန်နာလန်ထနိုင်အောင် အကောင်းဆုံးဘယ်လိုလုပ်ကြမလဲဆိုတာ ဖြစ်သည်"

လူမှုဆက်ဆံရေးအရာရှိ၊ မိဘ၊ ဆွေမျိုးစသူတို့ဖြစ်သည်။ ဘာကို ဆွေးနွေးကြတာလဲဆိုတော့ ကလေးကို ကိုယ်ကာယပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ ထပ်မံထိခိုက်မှုမရှိရစေအောင် ထိခိုက်ပြီးသားကိစ္စကနေ မြန်မြန်ပြန်နာလန်ထနိုင်အောင် အကောင်းဆုံး ဘယ်လိုလုပ်ကြမလဲဆိုတာ ဖြစ်သည်။ အဲသည် Case Conference ကနေ ကလေးရှေ့ရေးအတွက် ဆုံးဖြတ်ချက်တွေ ချသည်။

အပြစ်ပေးသည့်ကိစ္စတွေလည်း မရှိဘူးလားဆိုတော့ရှိတာပေါ့။ ရှိတာမှ ကျူးလွန်သူကို မဆိုထားနှင့်၊ ကာကွယ်ဖို့ ပျက်ကွက်သူ ရင်ဆိုင်ရသည့် အမှုအခင်းကလည်း မသေး။ ဒါမှသာ အဲသည့်ကလေးရော တခြားကလေးတွေပါ ကာကွယ်ရာရောက်မှာ ဖြစ်သည်။

အဲသည်မှာတုန်းက ကလေးက ကားနောက်ခန်းတံခါးဖွင့်လိုက်မိ၍ ပြုတ်ကျတာ ဘာမှသိပ်မဖြစ်တာတောင် ရှေ့ကကားမောင်းနေသည့် မိဘက ကလေးကို ကလေးထိုင်ခုံနှင့်မထားသည့်အတွက် တရားစွဲတာ တွေ့ဖူးသည်။

ပြဿနာတွေက ရှိနေပြီဆိုရင်တော့ ဖြေရှင်းနည်း၊ ကာကွယ်နည်းတွေလည်း တိုးတက်သင့်ပြီဟု ကျွန်တော်ထင်သည်။ ။

ကံအားလျော်စွာပင် ပတ်ဝန်းကျင်ခုတင်မှ လူနာတစ်ဦးက အရေးကြီးသည့်သတင်းတစ်ခုလာပေးလေသည်။

ထိုကလေး၏အမေမှာ ယောက်ျားနှင့်ကွဲနေသည်။ သူနှင့် သူ့ကလေးကို ယောက်ျားက မထောက်ပံ့။ ပစ်ထားသည်။ သို့သော် ဆေးရုံတက်ရသည်ကြားတော့ ငွေလာပေးသည်။ ပထမတစ်ခေါက်ဆင်းရတော့ လာမပေးတော့။ သည်တော့ ဒီအမျိုးသမီးက ကလေးကို မြန်မာဝမ်းနုတ်ဆေးဝယ်တိုက်၍ ဆေးရုံပြန်တင်သည်။ သကောင့်သားက ငွေလာပေး ပြန်သည်။ နောက်ပိုင်းတွင် ကလေးနည်းနည်းသက်သာလာသည်နှင့် ဒီမိန်းမက ဆေးရုံပင်အဆင်းမခံတော့။ ဆေးရုံနှင့် မလှမ်းမကမ်းဆိုင်မှပင် မြန်မာဝမ်းနုတ်ဆေး ဝယ်ဝယ်တိုက်လေရာ လအတန်ငယ်ကြာလာတော့ ခုတင်နီးချင်း ကလေးအမေနှင့် ဆိုင်မှာ ပက်ပင်းတိုးတော့သည်။ ဒါနဲ့ပင် ယောက်ျားကိုပါ ခေါ်ဆွေးနွေးဆုံးမ၍ လိုအပ်သလို အရေးယူဆောင်ရွက်လိုက်ရာ မြန်မာနိုင်ငံတွင် ပထမဦးဆုံး စတင်တွေ့ရှိရသော "Manchausen Syndrome by proxy" (ရောဂါရှိသယောင် အတုဖန်တီးခြင်း) ပြဿနာဖြစ်ခဲ့လေသည်။

ယူကေနိုင်ငံမှာ ထိုပြဿနာများအကြောင်းကို စတင်ကျယ်ကျယ်ပြန့်ပြန့် တွေ့ရှိလာကြချိန်က အမေရိကန်ပြည်ထောင်စုမှာ သိပ်မတွေ့ရသေးဟု

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ စီမံအုပ်ချုပ်မှု ငါးနှစ်စီမံကိန်း မြို့နယ်သုံးမြို့နယ်တွင် လုပ်ဆောင်မည်

**မကွေး ဇူလိုင် ၁၃**

Save The Children ၏ ဦးဆောင်မှုဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ ပေါက်နှင့် မြိုင် စသည့် မြို့နယ်သုံးမြို့နယ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ စီမံအုပ်ချုပ်မှုလုပ်ငန်းများကို ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ငါးနှစ်စီမံကိန်းဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း Guardian Network စီမံကိန်းမန်နေဂျာ ကိုလင်းသူအောင်ထံမှ သိရသည်။

ကလေးသူငယ်များအတွက် ပညာရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် အခွင့်အရေးဆိုင်ရာများကို ယင်းစီမံကိန်းမှ လုပ်ဆောင်မည်ဖြစ်ပြီး Save The Children (Myanmar)နှင့် Social Care Volunteer Group (Magway)၊ Guardian Network တို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

"ဒီစီမံကိန်းမှာ ကလေးများကို ဘေးကင်းတဲ့ အစားအသောက်တွေ စားသုံးနိုင်စေဖို့ကိုလည်း ဖြည့်စွက်ဆောင်ရွက်ကြစေလိုပါတယ်။ ကျွန်တော်တို့ဘက်ကလည်း ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ပါ"ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းက သဘောထားမှတ်ချက်ပြုပြောကြားသည်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်တွင် မိဘ၊ ဆရာများက ကလေးများကို ရိုက်နှက်ဆုံးမခြင်းများ ပပျောက်စေရန်၊ ကလေးများအပေါ် မတော်မတရားပြုမူခြင်း၊ အကြမ်းဖက်ခြင်းများ လျော့နည်းပပျောက်စေရန်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ စီမံအုပ်ချုပ်မှုအစီအစဉ်တွင် ကလေးသူငယ်များ၏ အခွင့်အရေးကို မြှင့်တင်ပေးနိုင်ရန်၊ ကလေးများ ကိုယ်ရည်ကိုယ်သွေးမြင့်စေရန်၊ ၎င်းတို့ရပိုင်ခွင့်ရှိသည့် အခွင့်အရေးပိုင်းဆိုင်ရာများကို သိရှိစေရန်နှင့် ပညာရေးဆိုင်ရာ အစီအစဉ်တွင် မိဘဆရာအသင်းများ အားကောင်းလာစေရန်၊ ပညာရေးပိုင်းဆိုင်ရာ သင်ယူရေးအခွင့်အလမ်းများ ပိုမိုအားကောင်းလာစေရန်တို့ကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇေယျာတု(မကွေး)

## ရောဝတီမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေ

**နေပြည်တော် ဇူလိုင် ၁၃**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ရွှေကူမြို့တွင် ခြောက်စင်တီမီတာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**လေးမြို့မြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေ**

အလားတူ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင်နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

**မိုး/ဇလ**

## ကုလားတန်မြစ်ရေအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၃**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**မိုး/ဇလ**

### ○ ကျောဖုံးမှ

ရေဘေးသင့်မှုကြောင့် အံတော်ရှင်ကျောင်းတိုက်၌ လယ်ကုန်း၊ ကြက်ပေါင်ခြံ၊ ရမ်ပူ၊ ရွှေညောင်ပင်ရပ်ကွက်များမှ ရေဘေးသင့်အိမ်ထောင်စု ၁၆၂ စု၊ လူဦးရေ ၇၇၃ ဦး၊ မြေမြင့်ဘုန်းတော်ကြီးကျောင်း၌ ကြက်ပေါင်ခြံ၊ ရမ်ပူ၊ မြို့သစ်ကြီးရပ်ကွက်များမှ အိမ်ထောင်စု ၉၀၊ လူဦးရေ ၄၅၄ ဦးတို့ အပါအဝင် လယ်ကုန်းရပ်ကွက်အတွင်း၌ အိမ်ထောင်စု ၄၉၅ စု၊ လူဦးရေ ၂၈၉၀၊ စီတာပူရပ်ကွက်၌ အိမ်ထောင်စု ၁၃၀၊ လူဦးရေ ၇၉၂ ဦး၊ ရမ်ပူရပ်ကွက်အတွင်း အိမ်ထောင်စု ၆၀၉ စု၊ လူဦးရေ ၂၅၉၄ ဦးနှင့် ရမ်ပူမေတ္တာစိမ့်စမ်းရေမိဘမဲ့ဂေဟာတွင် လူဦးရေ ၄၂ ဦး၊ ကြက်ပေါင်ခြံရပ်ကွက်တွင် အိမ်ထောင်စု ၁၆၆ စု၊ လူဦးရေ ၈၆၉ ဦး၊ မြို့သစ်ကြီးရပ်ကွက်အတွင်း အိမ်ထောင်စု ၁၅၉ စု၊ လူဦးရေ ၈၅၂ ဦး၊ ပမ္မတီးရပ်ကွက်အတွင်း အိမ်ထောင်စု ၁၂၈ စု၊ လူဦးရေ ၅၈၇ ဦးနှင့် ရွှေညောင်ပင်ရပ်ကွက်အတွင်း အိမ်ထောင်စု ၉၆ စု၊ လူဦးရေ ၄၅၀ တို့အား သက်ဆိုင်ရာရပ်ကွက်များအတွင်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ နှစ်ခြင်း၊ ကက်သလစ် ခရစ်ယာန်အသင်းတော်များ၊ ဂေါ်ရခါးမွှောရုံ၊ ကွန်ဖြူးရှပ်ကျောင်း စသည်ဖြင့် ယာယီကယ်ဆယ်ရေးစခန်းပေါင်း ၂၆ ခုတွင် အိမ်ထောင်စု စုစုပေါင်း ၂၀၃၅ စုနှင့် လူဦးရေ ၁၀၃၀၃ ဦးတို့ကို ရွှေ့ပြောင်းနေရာချထားပေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုများအပြင် မုန့်၊ ထမင်းထုပ်များနှင့် ရေသန့်ဘူးများ ထောက်ပံ့ပေးထားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

### ✻ ရခိုင်နှင့် ရောဝတီအသင်းမှ

မကွေးနောက်တန်း အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့ပြီး တိုက်စစ်မှာလည်း ရတနာပုံခံစစ်ကို ဖိအားပေးနိုင်ခဲ့သည်။ ၃၅ မိနစ်တွင် မကွေးအသင်း ဦးဆောင်ဂိုးရခဲ့ပြီး ညာခြမ်းမှ ဖြတ်တင်ပေးသောဘောလုံးကို ဇင်မင်းထွန်းက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းအတွက် ချေပဂိုးကို ၇၇ မိနစ်တွင် ဝင်းနိုင်ထွန်းက သွင်းယူခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးရနိုင်သည့် အခွင့်အရေးများရသော်လည်း အသုံးမချနိုင်၍ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

မော်လမြိုင်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းက Southern အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရခိုင်အသင်းသည် အဝေးကွင်း၌ နိုင်ပွဲဆက်ခဲ့ပြီး ၅၄ မိနစ်တွင် ဆင်မြူရယ်သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းက ဒဂုံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရောဝတီအသင်းသည် ပွဲအစ ၂ မိနစ်တွင် နန္ဒလင်းကျော်ချစ် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ထိပ်ပိုင်းမှ အသင်းများကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

ပွဲစဉ် (၁၆) ဒုတိယနေ့ကို ဇူလိုင် ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ဇွဲကပင်အသင်း၊ သုဝဏ္ဏကွင်း၌ Chinland အသင်းနှင့် စစ်ကိုင်းအသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဘုန်းသော်**

## သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းမိသားစု မိုးရာသီသစ်ပင်စိုက်ပျိုး



**နေပြည်တော် ဇူလိုင် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းမိသားစု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းစာတိုက်များတည်ရှိရာ နေရာများ၌ ယနေ့ညနေ ၄ နာရီက ကျင်းပသည်။

**နှစ်ရှည်ပင်များ စိုက်ပျိုး**

ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ နေပြည်တော်သတင်းစာတိုက် ဝန်ထမ်းအမျိုးသမီးအဆောင်ရှေ့၌ ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် ဦးဆောင်၍ ဝန်ထမ်းမိသားစုဝင်များက အုန်း၊ မဲဇလီ၊ စိန်ပန်း၊ အရိပ်ရအပင်များနှင့် နှစ်ရှည်ပင်များကို တပျော်တပါး စိုက်ပျိုးပေးခဲ့ကြသည်။(**အပေါ်ပုံ**)

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်နှင့် နေပြည်တော်သတင်းစာတိုက်တို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များက နေရာသုံးနေရာခွဲ၍ စိုက်ပျိုးခဲ့ကြသည်။

**ကြေးမုံ**

## မအူပင်မြို့တွင် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

**မအူပင် ဇူလိုင် ၁၃**

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် စားသုံးသူရေးရာဦးစီးဌာနက ဦးဆောင်ကျင်းပသည့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက်က တိုးရွှေဝါခန်းမ၌ ကျင်းပသည်။

**စာတမ်းများဖတ်ကြား**

ဆွေးနွေးပွဲတွင် တာဝန်ရှိသူများက ဘဏ္ဍာနှစ်အလိုက် ပြည်တွင်းပြည်ပသို့ ဆန်စပါးတင်ပို့နိုင်မှု နှိုင်းယှဉ်ချက်စာတမ်း၊ ဆန်အမျိုးအစားနှင့် ဈေးနှုန်းဈေးကွက်ရရှိမှုသုံးသပ်ချက်၊ အနာဂတ်ကာလတွင် ဆန်တင်ပို့နိုင်မှုဆိုင်ရာစာတမ်း၊ ရွှေဘိုပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်တင်ပို့မှုစာတမ်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးစပါးပြောင်းလဲစိုက်ပျိုးနိုင်ရေးစာတမ်း၊ မျိုးရွေးချယ်ခြင်း၊ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစာတမ်းများကို ဖတ်ကြားကာ တက်ရောက်လာသည့် လုပ်ငန်းရှင်များ၊ ဆန်စက်ပိုင်ရှင်များ၊ တောင်သူများက အစုအဖွဲ့အလိုက် ဆွေးနွေးကြသည်။ ယင်းနောက် ဆွေးနွေးရရှိသည့် ရလဒ်နှင့် အကြံပြုချက်များ၊ အခက်အခဲများကို တစ်ဦးချင်းပြောကြားရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ခိုင်၊ အောင်မြင့်မြတ် (မအူပင်)**

## ကံမမြို့နယ်ရှိ မြစ်ချောင်းများအတွင်းပြေးဆွဲလျက်ရှိသည့် ကူးတို့ရေယာဉ်များ သတ်မှတ်ခွင့်ပြုချက်နှင့်အညီ မောင်းနှင်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး



**ကံမ ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်ရှိ ရောဝတီမြစ်၊ မင်းတုန်းချောင်း၊ မဒေးချောင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ကူးတို့ရေယာဉ်များအား သတ်မှတ် ခွင့်ပြုချက်နှင့်အညီ မောင်းနှင်မှု ရှိ၊ မရှိ မြို့နယ်ရေယာဉ်ငယ်များအသင်း ကြီးကြပ်မှုကော်မတီက ယနေ့နံနက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ကူးတို့ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်စေရေး၊ သတ်မှတ်ခွင့်ပြုထားသည့် မြင်းကောင်ရေ ၂၀ အောက်စက်တပ်ရေယာဉ်ဖြင့် အသုံးပြုမောင်းနှင်စေရေး ရေယာဉ်ကြံ့ခိုင်မှု ရှိ၊ မရှိနှင့် အသက်ကယ်အင်္ကျီ၊ အသက်ကယ်ဖော၊ ဝါးများသတ်မှတ်အရေအတွက်အတိုင်း တင်ဆောင်ထားခြင်း ရှိ၊ မရှိတို့ကို မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်ကော်မတီနှင့် ရေယာဉ်ငယ်အသင်းဝင်များပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### ◆ မြန်မာ ယူ-၁၉ မှ

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကသာ ပွဲကိုစိုးမိုးနိုင်ခဲ့ပြီး ၃၅ မိနစ်တွင် ဆွေမာအောင်က ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဒုတိယပိုင်းတွင် ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့သော်လည်း ပွဲကိုဆက်လက်ထိန်းချုပ်နိုင်ခဲ့ပြီး အနိုင်ဂိုးများ ထပ်မံရရှိခဲ့သည်။ စင်ကာပူအသင်းသည် မြန်မာအသင်းတိုက်စစ်ကို ဖျက်ထုတ်ရင်းဖြင့်သာ အချိန်ကုန်ဆုံးခဲ့ပြီး ဂိုးပေါက်ခြိမ်းခြောက်မှု ပြုလုပ်နိုင်ခြင်းမရှိခဲ့ပေ။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းအတွက် အနိုင်ဂိုးများကို ၄၆ မိနစ်တွင် လင်းမြင့်မိုရ်၊ မိနစ် ၅၀ တွင် သဇင်အောင်နှင့် မိနစ် ၇၀ တွင် စန်းသော်သော်တို့က သွင်းယူခဲ့သည်။ စန်းသော်သော်သွင်းယူသည့်နောက်ဆုံးဂိုးမှာ ပြိုင်ဘက်နောက်ခံလူများကို ကျော်ဖြတ်ကာ သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအောင်မြင်ထားသည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး စင်ကာပူလက်ရွေးစင်အသင်းမှာမူ ဩဂုတ်လတွင် ကျင်းပမည့် ၂၀၁၉ အာဆီယံ အမျိုးသမီးပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် မြန်မာနိုင်ငံ၌ ခြေစမ်းပွဲလာရောက်ကစားခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဘုန်းသော်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ဗင်နီဇွဲလားအရေး သမ္မတ မာဒူရိုနှင့် အတိုက်အခံခေါင်းဆောင် ဂွါအီဒိုတို့အကြား သဘောတူညီမှုမရသေး

**ကာရာကတ် ဇူလိုင် ၁၃**

ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ် မာဒူရိုနှင့် အတိုက်အခံခေါင်းဆောင် ဂျူအန် ဂွါအီဒိုတို့အကြား အာဏာခွဲဝေမှုအပေါ် စေ့စပ်ညှိနှိုင်းမှုသည် သဘောတူညီမှုထွက်ပေါ်ခြင်းမရှိဘဲ အဆုံးသတ်ခဲ့ရကြောင်း သိရသည်။



သမ္မတ မာဒူရိုနှင့် ခေါင်းဆောင် ဂွါအီဒိုတို့၏ ကိုယ်စားလှယ်များသည် ကာရေဘီယံနိုင်ငံ ဘာဘာဒိုစ်တွင် တွေ့ဆုံကာ နိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများ အဆုံးသတ်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

သမ္မတမာဒူရိုအား တရုတ်နှင့် ရုရှားနိုင်ငံတို့က ကျောထောက်နောက်ခံပေးလျက်ရှိပြီး အတိုက်အခံခေါင်းဆောင် ဂွါအီဒိုအား အမေရိကန်က ထောက်ခံအားပေးလျက်ရှိသည်။

နိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသည့် အာဏာလွန်ဆွဲပွဲ၏ နောက်ဆက်တွဲပြဿနာများနှင့် စီးပွားရေးပျက်ကပ်များကြောင့် ဗင်နီဇွဲလားပြည်သူ လေးသန်းကျော်သည် အိမ်နီးချင်းနိုင်ငံများသို့ နေရပ်စွန့်ခွာသွားခဲ့ကြသည်။

နှစ်ဖက်ကိုယ်စားလှယ်များသည် နိုင်ငံအတွင်း သမ္မတအသစ်တင်မြှောက်ရန်၊ ရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပရန်နှင့် အခြားသောကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်ဟု အစိုးရကိုယ်စားလှယ်အဖွဲ့က ဆိုသည်။

ယခုဆွေးနွေးပွဲတွင် သဘောတူညီမှုရရှိခဲ့ခြင်းမရှိသော်လည်း နောက်ထပ်စေ့စပ်ညှိနှိုင်းမှုများ ထပ်မံလုပ်ဆောင်သွားရန် သမ္မတမာဒူရိုအစိုးရက အတိုက်အခံခေါင်းဆောင်အား ကမ်းလှမ်းခဲ့သည်။

နိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသည့် အရေးအခင်းကို ပြေလျော့စေရန် သမ္မတ မာဒူရိုက သံတမန်နည်းအရ ဖြေရှင်းရန်ကြိုးပမ်းမှုကြောင့် အပြန်အလှန်အားဖြင့် အမေရိကန်က စီးပွားရေးပိတ်ဆို့မှုများကို ပြန်လည်ဖြေလျှော့ပေးမည်ဟု သမ္မတ မာဒူရိုက မျှော်လင့်ထားဖွယ်ရှိသည်။ သို့သော် ဇူလိုင် ၁၁ ရက်တွင် ဗင်နီဇွဲလား စုံစမ်းစစ်ဆေးရေးအေဂျင်စီအား ဝါရှင်တန်က ပိတ်ဆို့မှုအသစ်များ ထပ်မံချမှတ်ခဲ့သည်။

ဗင်နီဇွဲလားအရေးနှင့်ပတ်သက်ပြီး စေ့စပ်ညှိနှိုင်းကာ ဆွေးနွေးပွဲများကျင်းပခြင်းဖြင့် နိုင်ငံ၏ပြဿနာများကို ဖြေရှင်းနိုင်မလားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဆိုမာလီတွင် ဟိုတယ်တစ်လုံးကို စစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် ၂၆ ဦးသေဆုံး၊ ၅၆ ဦး ဒဏ်ရာရ

**မိုဂါဒစ်ရှူး ဇူလိုင် ၁၃**

ဆိုမာလီနိုင်ငံတောင်ပိုင်းရှိ လူသိများ ထင်ရှားသည့် ဟိုတယ်တစ်လုံးကို အယ်လ်ရှာဘတ်စစ်သွေးကြွများက အသေခံဗုံးဖောက်ခွဲပြီး ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခဲ့ခြင်းကြောင့် နိုင်ငံခြားသားအချို့အပါအဝင် လူ ၂၆ ဦးထက်မနည်း သေဆုံးပြီး ၅၆ ဦး ဒဏ်ရာရခဲ့ကြောင်း ဒေသဆိုင်ရာ အထက်တန်းတာဝန်ရှိသူတစ်ဦးက ဇူလိုင် ၁၃ ရက်တွင် ပြောကြားသည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။



ဇူလိုင် ၁၂ ရက်တွင် အသေခံဗုံးဖောက်ခွဲရေးသမားတစ်ဦးမောင်းနှင်သည့် ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးသည် ဆိုမာလီနိုင်ငံတောင်ပိုင်းရှိ ပင်လယ်ဆိပ်ကမ်းမြို့ ကစ်မေးယိုရှိ မီဒီနာဟိုတယ်အတွင်းသို့ အရှိန်ပြင်းစွာ မောင်းဝင်လာပြီးနောက်တွင် လက်နက်ကြီးများကိုင်ဆောင်ထားသည့် သေနတ်သမားများသည် ဟိုတယ်အတွင်းသို့ ဝင်ရောက်လာပြီး တွေ့မြင်သမျှကို ပစ်ခတ်ခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူက ပြောကြားသည်။

အယ်လ်ရှာဘတ်စစ်သွေးကြွများ၏ ဟိုတယ်အား စီးနင်းမှုသည် ၁၂ နာရီမျှကြာမြင့်ခဲ့ပြီး ဆိုမာလီလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပစ်ခတ်တိုက်ခိုက်မှုများမှာ ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် ပြီးဆုံးသွားခဲ့သည်။

စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ကင်ညာနိုင်ငံသားသုံးဦး၊ တန်ဇန်းနီးယားနိုင်ငံသား သုံးဦး၊ အမေရိကန်နိုင်ငံသား နှစ်ဦးနှင့် ဗြိတိန်နှင့် ကနေဒါနိုင်ငံသားတစ်ဦးစီအပါအဝင် လူ ၂၆ ဦး သေဆုံးခဲ့ကြောင်း ဂျူဘာလန်းတစ်စိတ်တစ်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အကြီးအကဲ အာမက်မိုဟာမက်အစ္စလာမ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ထို့အပြင် တရုတ်နိုင်ငံသားနှစ်ဦးလည်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဆိုမာလီလုံခြုံရေးတပ်ဖွဲ့များသည် လက်ရှိအချိန်တွင် ဟိုတယ်အား ထိန်းချုပ်ထားပြီဖြစ်ကြောင်းနှင့် နောက်ဆုံးအကြမ်းဖက်သမားကို ပစ်ခတ်သတ်ဖြတ်လိုက်ပြီဖြစ်ကြောင်း လုံခြုံရေးတပ်ဖွဲ့မှ တာဝန်ရှိသူ မိုဟာမက် အဗ္ဗဒူဝါယီက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် အကြမ်းဖက်သမား လေးဦးပါဝင်သည်ဟု ဆိုမာလီတာဝန်ရှိသူများက ယုံကြည်ထားသည်ဟု ၎င်းက ပြောကြားသည်။ သေနတ်သမားများသည် ဆိုမာလီရဲတပ်ဖွဲ့ဝတ်စုံများကို ဝတ်ဆင်ထားကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

အယ်လ်ကိုင်ဒါအဖွဲ့နှင့်ချိတ်ဆက်မှုရှိသည့် အယ်လ်ရှာဘတ် စစ်သွေးကြွအုပ်စုက ယင်းဟိုတယ်စီးနင်းမှုကို ၎င်းတို့လုပ်ဆောင်ခဲ့သည်ဟု ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# အမေရိကန်ကုမ္ပဏီများအား ပေကျင်းက ပိတ်ဆို့မှုများ ချမှတ်မည်

**ပေကျင်း ဇူလိုင် ၁၃**

တရုတ်တိုင်ပေအား ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ ကာကွယ်ရေးလက်နက်ရောင်းချမှုတွင် ပါဝင်ပတ်သက်ခဲ့သည့် အမေရိကန်ကုမ္ပဏီများကို တရုတ်အစိုးရက ပိတ်ဆို့မှုများ ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်အနေဖြင့် တရုတ်တိုင်ပေသို့ ကာကွယ်ရေးလက်နက်ရောင်းချမှုသည် နိုင်ငံတကာကျင့်သုံးလျက်ရှိသည့် ဥပဒေများနှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ စံနှုန်းများကို ဖောက်ဖျက်ရာရောက်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကျင်ရှုအန်က ဆိုသည်။

တရုတ်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်သည့်အနေဖြင့် တရုတ်တိုင်ပေသို့ လက်နက်ရောင်းချမှုတွင် ပါဝင်ပတ်သက်သည့် အမေရိကန်စီးပွားရေးလုပ်ငန်းများအား ပိတ်ဆို့မှုများ လုပ်ဆောင်ခြင်းဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူ ကျင်ရှုအန်က ပြောကြားခဲ့သည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားလျက်ရှိစဉ် ယခုလက်နက်ရောင်းချမှုသည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုထိခိုက်စေခဲ့သည်။ ယခုရက်သတ္တပတ်အစောပိုင်းက အမေရိကန်နိုင်ငံအား တရုတ်တိုင်ပေသို့ လက်နက်ရောင်းချရန် စီစဉ်ထားရှိမှုကို ရုတ်သိမ်းဖျက်သိမ်းပေးပါရန် ပေကျင်းအနေဖြင့် တောင်းဆိုခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။

သို့သော် တရုတ်တိုင်ပေသို့ လက်နက်ရောင်းချပေးမှုသည် အာရှတစ်လွှား၌ တည်ငြိမ်အေးချမ်းရေးရရှိရန် ရည်ရွယ်ခြင်းဖြစ်သည်ဟုပြောကြားကာ ပေကျင်း၏တောင်းဆိုမှုကို ဝါရှင်တန်က လျစ်လျူရှုခဲ့သည်။

**အေအက်ဖ်ပီ**

# အီရတ်မြောက်ပိုင်း၌ ညွန့်ပေါင်းတပ်ဖွဲ့ လေကြောင်းမှတိုက်ခိုက် အိုင်အက်စ်စစ်သွေးကြွကိုးဦး သေဆုံး

**ဘဂ္ဂဒက် ဇူလိုင် ၁၃**

အီရတ်နိုင်ငံမြောက်ပိုင်းရှိ နင်ဗက်ချ်ပြည်နယ်တွင် ဇူလိုင် ၁၃ ရက်က အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့က လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့ရာ အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) စစ်သွေးကြွကိုးဦး သေဆုံးခဲ့ကြောင်း အီရတ်စစ်ဘက်က ပြောကြားသည်။

နင်ဗက်ချ်ပြည်နယ်အနောက်တောင်ပိုင်း တောင်ကြားဒေသ၌ အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းလေတပ်မှ စစ်လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့် စစ်သွေးကြွများ သေဆုံးခဲ့ကြောင်း ထောက်လှမ်းရေးသတင်းများအရ သိရှိရသည်ဟု ယင်းပြည်နယ်အတွင်းရှိ စစ်ဆင်ရေးဌာနချုပ်မှ သတင်းထုတ်ပြန်သည်။

ယင်းပြည်နယ်တွင်းရှိ အိုင်အက်စ်စစ်သွေးကြွစခန်းများကို လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုအတွင်း ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ စစ်သွေးကြွများသည် အဆိုပါစခန်းများ၌ ပုန်းခိုပြီး အရပ်သားများနှင့် အီရတ်စစ်ဘက်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုများပြုလုပ်ရန် ပြင်ဆင်နေကြောင်း အမည်ဖော်ပြခြင်းမရှိသည့် အီရတ်လုံခြုံရေးတာဝန်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

၂၀၁၇ ခုနှစ်အကုန်ပိုင်းတွင် အီရတ်နိုင်ငံတစ်ဝန်းလုံး၌ အိုင်အက်စ်စစ်သွေးကြွများအပေါ် အီရတ်လုံခြုံရေးတပ်ဖွဲ့က အောင်ပွဲများရခဲ့ပြီးနောက် အီရတ်နိုင်ငံ၏ လုံခြုံရေး အလျင်အမြန် တိုးတက်လာခဲ့သည်။

အီရတ်နိုင်ငံအတွင်းမှ ပြိုကွဲသွားသည့် အိုင်အက်စ်စစ်သွေးကြွများသည် သဲကန္တာရနယ်မြေများနှင့် မြေပြင်ကြမ်းတမ်းသောဒေသများ၌ ပြန်လည်စုဖွဲ့ကာ အရပ်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

**ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပြည်နယ်သုံးခုတွင် မိုးကြိုးပစ်ခံရမှုကြောင့် လူ ၁၀ ဦးကျော် သေဆုံး



**ဒါကာ ဇူလိုင် ၁၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ပြည်နယ်အချို့၌ မိုးကြိုးပစ်ခံရမှုကြောင့် လူ ၁၀ ဦးအနည်းဆုံး သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူများသည် ပတ်ဘ်နာ၊ မိုင်မန်ဆင်းနှင့် ချူရာဒန်ဂါပြည်နယ်တို့မှဖြစ်ပြီး လယ်ယာလုပ်ငန်းများ လုပ်ဆောင်လျက်ရှိစဉ် မိုးကြိုးပစ်ခံရမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ဒေသန္တရသတင်းရင်းမြစ်များအရ သိရသည်။

ဒါကာမြို့၏ အနောက်ဘက် ၂၁၆ ကီလိုမီတာခန့် အကွာတွင်ရှိသော ပတ်ဘ်နာပြည်နယ်၌ ဂုန်လျှော်များ စုဆောင်းလျက်ရှိစဉ် မိုးကြိုးပစ်ခံရမှုကြောင့် လူလေးဦး သေဆုံးခဲ့သည်။

ဒါကာမြို့အနောက်ဘက် ၂၁၅ ကီလိုမီတာ အကွာတွင်ရှိသော ချူရာဒန်ဂါပြည်နယ်၌ ငှက်ပျောသီးများအား ကုန်တင်ကားပေါ်သို့ တင်ဆောင်ပေးလျက်ရှိစဉ် မိုးကြိုးပစ်ခံရမှုကြောင့် အလုပ်သမားသုံးဦး သေဆုံးခဲ့သည်။

ဒါကာမြို့မြောက်ဘက် ၁၂၂ ကီလိုမီတာကွာဝေးသော မိုင်မန်ဆင်းပြည်နယ်၌ မိုးကြိုးပစ်ခံရမှုများကြောင့် လူသုံးဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မုတ်သုံရာသီကူးပြောင်းချိန်တွင် မိုးကြိုးပစ်ခံရမှုများကြောင့် လူသေဆုံးမှုများ နှစ်စဉ်ဖြစ်ပေါ်လေ့ရှိသည်။

မေနှင့်ဇွန် နှစ်လအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း၌ မိုးကြိုးပစ်ခံရမှုကြောင့် သေဆုံးသူအရေအတွက် ၁၂၆ ဦးထက်မနည်းရှိကြောင်း စစ်တမ်းတစ်ရပ်အရ သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# အစ္စရေးနိုင်ငံအား ဖျက်ဆီးနိုင်စွမ်းရှိဟု ဟစ်ဇ်ဘိုလာ ခေါင်းဆောင်ပြောကြား

**ဘေရွတ်(လက်ဘနွန်) ဇူလိုင် ၁၃**



အစ္စရေးနိုင်ငံက လက်ဘနွန်နိုင်ငံကို တိုက်ခိုက်ရဲမည်ဆိုပါက ဟစ်ဇ်ဘိုလာအုပ်စုသည် အစ္စရေးနိုင်ငံကို ဖျက်ဆီးနိုင်စွမ်းရှိကြောင်း ဟစ်ဇ်ဘိုလာအုပ်စုခေါင်းဆောင် ဆေယက်ဒဟာ ဆန်နာဆရာလာ၏ ပြောကြားချက်ကို အယ်လ်မာနာရုပ်သံလိုင်းက ဇူလိုင် ၁၂ ရက်တွင် ကိုးကားဖော်ပြထားသည်။

အစ္စရေးနိုင်ငံသည် ဖြစ်လာနိုင်ခြေရှိသည့် မည်သည့်စစ်ပွဲကိုမဆို အစ္စရေးနိုင်ငံအား မျိုးသုဉ်းသည့် အနေအထားအထိ ဖြစ်ပွားနိုင်သည်ကို ကောင်းကောင်း သဘောပေါက်နားလည်ထားကြောင်း နာဆရာလာက ပြောကြားသည်။

၂၀၀၆ ခုနှစ် နွေရာသီက အစ္စရေးနှင့် လက်ဘနွန်(သို့မဟုတ်) အစ္စရေးနှင့် ဟစ်ဇ်ဘိုလာအုပ်စုအကြား ဖြစ်ပွားခဲ့သည့် ၃၄ ရက်ကြာ စစ်ပွဲ၏ ၁၃ ကြိမ်မြောက် နှစ်ပတ်လည်နေ့ အခါသမယ၌ပြုလုပ်သော တွေ့ဆုံမေးမြန်းခန်းတစ်ရပ်တွင် ဟစ်ဇ်ဘိုလာအုပ်စုခေါင်းဆောင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

တစ်ဆက်တည်းမှာပင် နာဆရာလာက ဟစ်ဇ်ဘိုလာအုပ်စုသည် ၂၀၀၆ ခုနှစ်က ဖြစ်ပွားခဲ့သည့် အစ္စရေးနှင့် လက်ဘနွန်စစ်ပွဲကတည်းက ဟစ်ဇ်ဘိုလာအုပ်စု၏ စစ်အင်အားသည် အလွန်တရာ တိုးတက်လာခဲ့သည်ဟု ထည့်သွင်းပြောကြားလိုက်သည်။

စင်စစ်အားဖြင့် အစ္စရေးနိုင်ငံသည် လက်ဘနွန်နိုင်ငံကို စစ်ပွဲဆင်နွှဲရဲမည်မဟုတ်ကြောင်း၊ အကြောင်းမှာ အစ္စရေးနိုင်ငံသည် မြေပြင်တပ်ဖွဲ့အင်အား အလုံအလောက်မရှိသောကြောင့်ဖြစ်ကြောင်း၊ စစ်ပွဲတစ်ခုတွင် မြေပြင်တပ်ဖွဲ့၏ ကူညီပံ့ပိုးပေးမှု အလုံအလောက်မရှိဘဲ လေတပ်အင်အားတစ်ခုတည်းဖြင့် အောင်မြင်မှု မရရှိနိုင်သည်ကို အစ္စရေးအစိုးရက ကောင်းကောင်း သိရှိနားလည်ထားကြောင်း ၎င်းက ထပ်မံပြောကြားလိုက်သည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန် - ဂျေတီ**

# ဘာရာဇီးသမ္မတက သားဖြစ်သူကို အမေရိကန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်မည်

**ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၃**

ဘာရာဇီးသမ္မတ ဘိုလ်ဆိုနာရိုက သားဖြစ်သူ လွှတ်တော်အမတ် အက်ကွာဒိုဘိုလ်ဆိုနာရိုအား အမေရိကန်နိုင်ငံဆိုင်ရာ ဘာရာဇီးသံအမတ်ကြီးအဖြစ် ခန့်အပ်မည်ဖြစ်ကြောင်း အတည်ပြုပြောကြားလိုက်သည်။

"သူ ရာထူးကို တာဝန်ကျေကျေထမ်းဆောင်နိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီရာထူးနေရာခန့်အပ်ဖို့ ဖြစ်နိုင်ခြေ ရှိ၊ မရှိကို ပြီးခဲ့တဲ့နှစ်ကတည်းက ကျွန်တော်တို့ စဉ်းစားခဲ့ပြီး ကောင်းကျိုး၊ ဆိုးကျိုးတွေကို ဆန်းစစ်လေ့လာခဲ့ပါတယ်"ဟု သမ္မတ ဘိုလ်ဆိုနာရိုက ဘာရာဇီးထောက်လှမ်းရေးအဖွဲ့ ညွှန်ကြားရေးမှူးသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနား၌ ပြောကြားသည်။ အက်ကွာဒိုအား သံအမတ်အဖြစ်ခန့်အပ်ရန်မှာ အထက်လွှတ်တော်က အတည်မပြုမီ ဆီးနိတ် နိုင်ငံခြားဆက်ဆံရေးကော်မတီ၏ အတည်ပြုမှုရရှိရန် လိုအပ်သည်။ အမေရိကန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးရာထူးရယူရန် လွှတ်တော်ကို စွန့်ခွာလိုသည့် ဆန္ဒရှိကြောင်း အက်ကွာဒိုက ပြောကြားသည်။

လက်ရှိအချိန်တွင် အောက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီ၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်နေသော်လည်း အက်ကွာဒိုမှာ ယခင်က သံတမန်ရာထူး မရယူခဲ့ဖူးပေ။ သမ္မတ ဘိုလ်ဆိုနာရိုက ယခင် ဘာရာဇီးသံအမတ်ကြီးကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခဲ့သည့် ဧပြီလနောက်ပိုင်း ဝါရှင်တန်မြို့တော်ရှိ ဘာရာဇီးသံရုံး၌ သံအမတ်ကြီးရာထူး လစ်လပ်လျက်ရှိခဲ့သည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- ကျော်ထိုက်စိုး**

# နီပေါနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်း လူ ၃၂ ဦး သေဆုံး၊ ၁၇ ဦး ပျောက်ဆုံးနေ

**ခတ္တမန္ဒူ ဇူလိုင် ၁၃**

ဇူလိုင် ၁၁ ရက် ညနေပိုင်းကတည်းက ရွာသွန်းသော မုတ်သုံမိုးကြောင့် နီပေါနိုင်ငံ၌ မြေပြိုမှုနှင့် ရေကြီး ရေလျှံမှုများ ဖြစ်ပွားခဲ့ရာ လူ ၃၂ ဦးထက်မနည်း သေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိကာ ၁၇ ဦး ပျောက်ဆုံးနေကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

အဆက်မပြတ် ရွာသွန်းသောမိုးကြောင့် ဖြစ်ပွားသည့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများသည် နီပေါနိုင်ငံရှိ ခရိုင်ပေါင်း ၂၁ ခု ကို ပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယနေ့ မွန်းလွဲအချိန်ကတည်းက ပြည်သူ ၈၃၁ ဦးတို့သည် ဘေးလွတ်ရာဒေသသို့ ပြောင်းခဲ့ကြသည်။ ရဲတပ်ဖွဲ့ဝင် ၂၇၈၃၀ တို့သည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် နိုင်ငံအတွင်းရှိ ဒေသအသီးသီးတွင် အဆင်သင့်ရှိနေကြကြောင်း သိရသည်။

နီပေါ ဗဟိုဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးကော်မတီသည် ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးနှင့် နေရာထိုင်ခင်းချပေးရေးလုပ်ငန်းများ စတင်ဆောင်ရွက်ရန် အရေးပေါ်အစည်းအဝေးတစ်ရပ်ကို မြို့တော် ခတ္တမန္ဒူမြို့တွင် ယနေ့ ကျင်းပခဲ့သည်။

အစည်းအဝေးအတောအတွင်း ပြည်ထဲရေးဝန်ကြီး ရမ်ဘဟာဒူရ်သာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများ သွက်လက်မြန်ဆန်ပြီး အဆင်ပြေချောမွေ့ရေးအတွက် အစိုးရတာဝန်ရှိသူများအား တိုက်တွန်းနှိုးဆော်လိုက်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - ဂျေတီ**

# အာသံပြည်နယ်၌ ရေကြီးရေလျှံမှုများကြောင့် လူခြောက်ဦး သေဆုံး၊ ၉၀၀၀၀ ခန့် ရေဘေးသင့်

**နယူးဒေလီ ဇူလိုင် ၁၃**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် ရေကြီးရေလျှံမှုများကြောင့် လူခြောက်ဦးထက်မနည်း သေဆုံးခဲ့ပြီး ၉၀၀၀၀ ဝန်းကျင် ရေဘေးသင့်ခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့ ပြောကြားလိုက်သည်။



"ပြည်နယ်အတွင်း ခရိုင် ၂၁ ခုတွင် မကြာသေးမီက ရေကြီးမှုများကြောင့် ပြည်သူ ၉၀၀၀၀ ခန့် ရေဘေးသင့်ခဲ့ပါတယ်။ ယနေ့အချိန်ထိ ရေကြီးရေလျှံမှုတွေကြောင့် လူခြောက်ဦး သေဆုံးခဲ့ပါတယ်" ဟု ဒေသန္တရအစိုးရ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ကမ္ဘာပေါ်တွင် အကြီးဆုံးမြစ်များအနက် တစ်ခုဖြစ်သည့် ဗြဟ္မပုတ္တရမြစ်အပါအဝင် ပြည်နယ်အတွင်းရှိ မြစ်များစွာမှာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စိုးရိမ်ရေမှတ်အထက်ရောက်ရှိနေပြီး ဒေသများစွာ၌ ရေလွှမ်းမိုးခဲ့သည်။ အာဏာပိုင်များက ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးတပ်ဖွဲ့ကို ရေဘေးသင့်ဒေသများသို့ စေလွှတ်ခဲ့သည်။

"လက်ရှိအချိန်မှာ ကယ်ဆယ်ရေးစခန်း ၆၈ ခု ဖွင့်လှစ်ထားပြီး အစားအစာတွေ၊ ရေသန့်ဘူးတွေကို ရေဘေးသင့်ပြည်သူတွေထံ ပေးဝေနေပါတယ်"ဟု ၎င်းက ပြောသည်။ ရေကြီးရေလျှံမှုများအပြင် မြေပြိုမှုများကြောင့် ဒေသအများအစုတွင် ကားလမ်း၊ ရထားလမ်းများ ပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သည်။ "ဒီမာဟာဆိုအိုခရိုင်မှာ မြေပြိုမှုတွေ ဖြစ်နေလို့ လွမ်ဒင်းနဲ့ ဆီလ်ချာကြား ရထားလမ်းဆက်သွယ်မှုကို ပိတ်ထားဆဲဖြစ်ပါတယ်။ ရထားပြေးဆွဲမှု ပုံမှန်အတိုင်းဖြစ်ဖို့ ကြိုးပမ်းနေပါတယ်" ဟု သူက ဆိုသည်။ အာသံပြည်နယ်အထက်ပိုင်းရှိ ကာဇီရန်ဂါ အမျိုးသားဥယျာဉ်အတွင်း ရေများဝင်ရောက်ခဲ့ရာ တိရစ္ဆာန်များမှာ ပလက်ဖောင်းများပေါ်တွင် ခိုလှုံနေရကြောင်း သတင်းများက ဖော်ပြသည်။

ကာဇီရန်ဂါ အမျိုးသားဥယျာဉ်မှာ မျိုးသုဉ်းပျောက်ကွယ်တော့မည့် ဦးချိုတစ်ဖက်ပါ ကြံ့များရှိရာ နေရာဖြစ်သည်။ စိုက်ပျိုးမြေ ဟက်တာ ၂၇၀၀၀ ကျော်ကို ရေလွှမ်းမိုးနေဆဲဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ မိုးရာသီကာလအတွင်း အာသံပြည်နယ်၌ ရေကြီးရေလျှံမှုများ နှစ်စဉ်ဖြစ်ပွားလေ့ရှိသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- ကျော်ထိုက်စိုး**

# မိုးရွာသွန်းမှုကြောင့် ဆော့လော်မြို့နယ်အတွင်း မြေပြိုမှုများဖြစ်၍ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်လျက်ရှိ

**မြစ်ကြီးနား ဇူလိုင် ၁၃**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆော့လော်မြို့နယ်အတွင်း ဇူလိုင် ၈ ရက်မှ ၁၀ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာချင်းဆက်လမ်းများ ချောင်းရေတိုက်စားမှု၊ မြေပြိုမှုများကြောင့် လမ်းပိတ်ဆို့ခြင်းနှင့် တံတားများ မျောပါပျက်စီးခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခဲ့ကြောင်း သိရသည်။

**ဧက ၂၀၀ ရေထဲပါ**

ဆော့လော်မြို့နယ်အတွင်း ရေကြီးမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ဆော့လော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခေါ်မာဂူက "မိုးက မေခမြစ်အခြမ်းမှာ ပိုပြီးရွာတာဆိုတော့ မိုးရေကြောင့် ရေကြီး၊ မြေပြိုပြီးလမ်းအားလုံးပိတ်သွားတယ်လို့ ပြောလို့ရတယ်၊ လန်ဆယ်ရွာက ရေထိန်းနံရံပေ ၃၀၀၀ တစ်ခု၊ ပေ ၂၀၀၀ တစ်ခုကတော့ တော်တော်များများ ရေတိုက်စားသွားတယ်၊ မြေထိန်းနံရံရှိတော့ လူတွေ အန္တရာယ်ကင်းသွားပါတယ်၊ ဟန်းကောကျေးရွာအုပ်စုမှာလည်း မနှစ်ကစိုက်ပျိုးမြေဖော်ထုတ်ဖို့ ဘတ်ဂျက်ဧက ၇၀၀ ရခဲ့တာ ဟန်းကောအုပ်စုထဲက ဧက ၂၀၀ က ရေထဲပါသွားတယ်"ဟု ပြောသည်။

**မြေပြိုပြီး လမ်းများပိတ်**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆော့လော်မြို့နယ်အတွင်း လခမ်ကျေးရွာအုပ်စု၊ မောင်လော်ကျေးရွာနှင့် ဆမ်ဇင်ရွာကြားလမ်းတွင် အမြင့်ပေ ၂၀ ခန့် မြေပြိုခြင်း၊ ဆမ်ဇင်ကျေးရွာအောက်လမ်းမပေါ်တွင် အမြင့် ရှစ်ပေ၊ အရှည် ၁၀ ပေခန့် ကျောက်တုံးများပြိုကျခြင်း၊ မောင်လော်နှင့် ဆမ်ဇင်ရွာကြား မရှမ်ချောင်း ရေတိုက်စားမှုကြောင့် အမြင့် ပေ ၆၀ ခန့် မြေများပြိုကျကာ လမ်းများပိတ်ဆို့ခြင်းတို့အပြင် ယော်ဂျော်ကျေးရွာအုပ်စုတွင် ချောင်းရေကြီးမှု၊ ဆတ်ကောက်ကျေးရွာအနီး ချောင်းကူးတံတားများ ချောင်းရေဖြင့် မျောပါပျက်စီးခဲ့သည်။

**ကျောင်းပိတ်ထားရ**

အလားတူ ဟန်းကောကျေးရွာအုပ်စု ချော်မွန်ကျေးရွာတွင် လမ်းမြေပြိုကျမှုကြောင့် ရှောက်ကောစိုက်ခင်း တစ်ဧကပျက်စီးခဲ့ခြင်းနှင့် မြို့မရပ်ကွက်နှင့် ကျီရှင်းကျေးရွာကြား မြေပြိုကျမှု လေးနေရာ၊ အောက်ဆော့လော်နှင့် ကျီးရှင်ရွာကြားတွင် အမြင့် ၁၅ ပေခန့် မြေပြိုခဲ့ခြင်းနှင့် ချောင်းရေတိုက်စားမှုကြောင့် မြေပြိုလမ်းပိတ်ခြင်းများ ဖြစ်ပွားခဲ့ပြီး မန်ဗျော့ကျေးရွာအုပ်စု ဘမ်ခမ်၊ မန်ဗျော့နှင့် ငါမောဇပ်ကျေးရွာများတွင် ချောင်းရေလျှံမှုကြောင့် အခြေခံပညာမူလတန်းလွန်ကျောင်း- မျောဂျောင်းကို ပိတ်ထားခဲ့ရသည်။ **မျိုးမြင့်စိုး(ပြည်နယ်ပြန်/ဆက်)**

## ဗန်းမောက်မြို့နယ်အတွင်းမှ စိတ်ကြွဆေးပြား ၄၀၀၀ သိမ်းဆည်းရမိ

**ဗန်းမောက် ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကနန်းဒေသရှိ ကဇောက်ဖာကျေးရွာအတွင်းမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၂ နာရီခန့်က ဗန်းမောက်မြို့ ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်တင်မင်းလှိုင်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် ဗန်းမောက်မြို့နယ် ကနန်းဒေသရှိ ကဇောက်ဖာကျေးရွာနေ ဖိုးစိန်(ခ)ဘိုးစိန်၏ နေအိမ်ကို မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက် ရှာဖွေရာ ၎င်းနေအိမ်အတွင်းမှဘိန်းဖြူ ဂရမ် ၂၀နှင့် စိတ်ကြွဆေးပြား ၄၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါး လက်ဝယ်ထားရှိသူ ဖိုးစိန်(ခ)ဘိုးစိန်အား ဗန်းမောက်မြို့မရဲစခန်းက မူးယစ်ဆေးဝါးဥပဒေအရ ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ကသာခရိုင်ရဲတပ်ဖွဲ့**



သိမ်းဆည်းရမိသည့် ယာဉ်နှင့် လက်ဖက်ခြောက်အိတ်များဖြင့် ထုပ်ပိုးထားသည့် မူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

## လွိုင်ကော်၌ မူးယစ်ဆေးဝါး၊ ICE ၅၀၀၀၀၀ ဂရမ်၊ ကတ်တမင်း ၆၄၉၀၀၀ ဂရမ်နှင့် ကဖင်း ဂရမ် ၁၁၅၀၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၃**

မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့တို့က ဇူလိုင် ၁၂ ရက် နံနက် ၄ နာရီခွဲတွင် လွိုင်ကော်မြို့နယ် လင်ဖုံလေးရွာလမ်းခွဲအနီး၌ နန့်စန်- မိုးနဲ- ဆီဆိုင်- လွိုင်ကော်လမ်း အတိုင်း စိုင်းအောင်ကျော်မိုး အနောက်ရပ်ကွက် မိုင်းပန်မြို့နေသူအပါ ယာဉ်မောင်း/ ယာဉ်နောက်လိုက် အမျိုးသားခြောက်ဦး မောင်းနှင်လိုက်ပါလာသော Dongfeng ထရပ်ယာဉ် သုံးစီးအား ဖမ်းဆီးစစ်ဆေးခဲ့ရာ အဆိုပါ ယာဉ်သုံးစီး၏ ကိုယ်ထည်အံ့ဝှက်များအတွင်း ဆာလာအိတ်များဖြင့်ထည့်လျက် ICE ၅၀၀၀၀၀ဂရမ်၊ ကတ်တမင်း ၆၄၉၀၀၀ ဂရမ်နှင့် ကဖင်း ၁၁၅၀၀၀၀ ဂရမ်အား သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား လွိုင်ကော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

## စက်လှေတိမ်းမှောက်ရာတွင် ချောင်းရေဖြင့်မျောပါသွားသော ကျောင်းသူလေးဦးအနက် တစ်ဦးအား သေဆုံးလျက်တွေ့ရှိ

**မင်းတုန်း ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့တွင် ယမန်နေ့က ကူးတို့စက်လှေတိမ်းမှောက်ရာ၌ မင်းတုန်းချောင်းရေဖြင့် မျောပါသွားသော ကျောင်းသူလေးဦးအနက် တစ်ဦးသေဆုံးလျက် ယနေ့နံနက် ၁၀ နာရီက ကင်းပုန်ကိုင်းကျေးရွာအနီး၌ ရှာဖွေကယ်ဆယ်ရေးအဖွဲ့က ပြန်လည်တွေ့ရှိခဲ့သည်။

ရေစီးဖြင့်မျောပါသွားသူများ ရှာဖွေကယ်ဆယ်ရေးကို တိုင်းဒေသကြီး (၂)လွှတ်တော်ကိုယ်စားလှယ် ဦးအေးလှိုင်ဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူစိုးတို့၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးအရာရှိ ဦးခင်ဇော်အောင်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှူး ဒု-ရဲမှူး စိန်သောင်းနှင့် ရဲတပ်ဖွဲ့ဝင်များသည်ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ချောင်းရိုးတစ်လျှောက် စက်လှေငါးစင်းဖြင့် ရှာဖွေလျက်ရှိပြီး ယမန်နေ့က တိမ်းမှောက်သွားသော ကူးတို့စက်လှေမောင်း ဇာနည်အောင်အား မင်းတုန်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ချင်းကလေး(မင်းတုန်း)**

## ကလိန်အောင်မြို့၌ လင်မယားချင်း စကားများရာမှ လူသတ်မှုဖြစ်

**ကလိန်အောင် ဇူလိုင် ၁၃**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ မိကျောင်းလှောင်းကျေးရွာ၌ ယမန်နေ့ညက လင်မယားချင်း စကားများရာမှ လူသတ်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောင်ပိုင်စိုး မိကျောင်းလှောင်းကျေးရွာနေသူနှင့် ၎င်း၏ဇနီး မဝေဝေဖြိုး(ခ)ဖြိုးဖြိုးတို့ လင်မယားချင်းစကားများကြရာ ဇနီးဖြစ်သူ ဖြိုးဖြိုးအား အောင်ပိုင်စိုးက ခါးကြားတွင် အသင့်ပါလာသည့် ဓားဖြင့် ထိုးခဲ့ပြီး ဖြိုးဖြိုး၏ အမေ ဒေါ်လှကြည်အား ဓားဖြင့်ထိုးရာ ဒေါ်လှကြည်မှာ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ပိုင်စိုးအား ကလိန်အောင်နယ်မြေရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကလိန်အောင်(ပြန်/ဆက်)**

## အင်းစိန်နှင့် လှိုင်သာယာအတွင်း ဆိုင်ကယ်နှင့် ဖုန်းခိုးယူသူသုံးဦး ဖမ်းမိ

**ရန်ကုန် ဇူလိုင် ၁၃**

မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၆ ရက် ည ၇ နာရီ ၁၅ မိနစ်က အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက် ပြင်စည်မင်းသားကြီးလမ်း၌ ခိုးမှုပြစ်ချက်ဟောင်းရှိပြီး ခိုးမှုသတင်းရရှိထားသူ မင်းနွယ်ထွန်း(ခ) ဗိုက်ပူ၊ သက်နိုင်ဦး(ခ) အုန်းစိန်နှင့် စောဘွဲ့မှူး(ခ)လှအေးတို့သုံးဦးအား တွေ့ရှိ စစ်ဆေးရာ စောဘွဲ့မှူး(ခ) လှအေး၏ လက်အတွင်း ကိုင်ဆောင်ထားသော ZTE ဖုန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာမပြနိုင်သဖြင့် ဆက်လက်စစ်မေးရာ ၎င်းတို့သုံးဦးသည် ဇွန်လပိုင်းအတွင်း အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက် ဘူတာနောက်ကျော (ကျူးကျော်တဲ)အတွင်းမှ ခိုးယူခဲ့ကြောင်းစစ်ဆေး ပေါ်ပေါက်ခဲ့သည်။

ဖမ်းဆီးရမိသူ မင်းနွယ်ထွန်း(ခ) ဗိုက်ပူ၊ သက်နိုင်ဦး(ခ) အုန်းစိန်နှင့် စောဘွဲ့မှူး(ခ)လှအေးတို့သုံးဦးအား အခြားပြစ်မှုများ ကျူးလွန်ခဲ့ခြင်းရှိ၊ မရှိ အသေးစိတ် တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၎င်းတို့သုံးဦးသည် မေလအတွင်း အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက် ရွာလယ်လမ်းရှိ နေအိမ်တစ်အိမ်အတွင်းမှ Redmi 6A ဖုန်းတစ်လုံး၊ တညင်းကုန်းရပ်ကွက် ဘိုခြံကားမှတ်တိုင်အနီး ရပ်ထားသော Sumbo-125 ဆိုင်ကယ်တစ်စီး၊ ရွာမအရှေ့ရပ်ကွက် အင်းစိန်ဆေးရုံဝင်းအတွင်းရပ်ထားသော Zeniz-125 ဆိုင်ကယ်တစ်စီး၊ ဈေးကုန်းအနောက်ရပ်ကွက် လှိုင်မြစ်လမ်းဘေးတွင် ရပ်ထားသော New Asia CZI-125 ဆိုင်ကယ်တစ်စီး၊ လှိုင်သာယာမြို့နယ် (၅)ရပ်ကွက် ပီမိုးနင်းလမ်းမဘေးတွင် ရပ်ထားသော Super Ambo ဆိုင်ကယ်တစ်စီး၊ (၇)ရပ်ကွက် အောင်မင်းခေါင်လမ်းရှိ နေအိမ်တစ်အိမ်အတွင်းမှ JLM-110 ဆိုင်ကယ်တစ်စီး၊ ဇွန်လအတွင်း အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက် ဘူတာနောက်ကျော (ကျူးကျော်တဲ)အတွင်းမှ Huawei G-730 ဖုန်းတစ်လုံး၊ အောင်ဆန်းရပ်ကွက် အောင်မင်္ဂလာဒုံလမ်းမဘေး ဈေးဆိုင်အတွင်းမှ Huawei ဖုန်းတစ်လုံး၊ ရွာမအရှေ့ရပ်ကွက် လက်ဖက်ရည်ဆိုင်အတွင်း၌ အားသွင်းထားသော Vivo ဖုန်း တစ်လုံး၊ တညင်းကုန်းလမ်းဆုံအနီး လက်ဖက်ရည်ဆိုင်အတွင်းမှ အားသွင်းထားသော Huawei ဖုန်းတစ်လုံး၊ စဉ့်ငူရပ်ကွက် ဘူတာရုံလမ်းဘေးတွင် ရပ်ထားသော Canda-125 ဆိုင်ကယ်တစ်စီး၊ အောင်ဆန်းရပ်ကွက် ရွာသစ်(၁)လမ်းဘေးတွင် ရပ်ထားသော Smash-110 ဆိုင်ကယ်တစ်စီး၊ လှိုင်သာယာမြို့နယ် (၇)ရပ်ကွက် ဖိုးရာဇာလမ်းဘေးတွင် ရပ်ထားသော Kenbo-110 ဆိုင်ကယ်တစ်စီး၊ (၁၆)ရပ်ကွက် ဦးပုညလမ်းရှိ နေအိမ် တစ်အိမ်အတွင်းမှ Zongshen ဆိုင်ကယ် တစ်စီး၊ (၆)ရပ်ကွက် ကျန်စစ်သားလမ်းရှိ နေအိမ်တစ်အိမ်အတွင်းမှ Kenbo-110 ဆိုင်ကယ်တစ်စီးတို့ကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းပြီး ၎င်းတို့ သုံးဦးအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

## သရက်ချောင်းမြို့နယ် ကျွဲခြံကျေးရွာတွင် ဇနီးဖြစ်သူနှင့် သားသမီး နှစ်ဦးကို ဓားဖြင့် ခုတ်သတ်

**သရက်ချောင်း ဇူလိုင် ၁၃**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျွဲခြံကျေးရွာတွင် ဇနီးဖြစ်သူနှင့် သားသမီး နှစ်ဦးကို ဓားဖြင့် အသေခုတ်သတ်သည့်အမှု ဇူလိုင် ၁၃ ရက် မွန်းတည့် ၁၂ နာရီခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဥယျာဉ်ခြံလုပ်ငန်းကို လုပ်ကိုင်နေသူ ကျွဲခြံကျေးရွာနေ ဝင်းဇော်သည် လွန်ခဲ့သည့် တစ်လခန့်က စိတ်ဖောက်ပြန်နေပြီး ယနေ့ နေအိမ်တွင် ရှိနေစဉ် ရုတ်တရက်စိတ်ဖောက်ပြန်ကာ ဇနီးဖြစ်သူ ဒေါ်ကျင်စန်း၊ သားဖြစ်သူ မောင်စွမ်းထက်သီဟ ခြောက်နှစ်နှင့် သမီးဖြစ်သူ မရွှန်းလဲ့လဲ့ရှိန် နှစ်နှစ်တို့ သုံးဦးအား ဝါးခုတ်သည့် ဓားမဖြင့် ခုတ်သတ်ခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

## သထုံမြို့နယ် လမ်းဘေးမြောင်းအတွင်း အမျိုးသမီးအလောင်း တွေ့ရှိ

**သထုံ ဇူလိုင် ၁၃**

သထုံမြို့နယ် ဈေးမသွယ်ကျေးရွာအုပ်စု သရက်ညီနောင် ဈေးမသွယ်သွားကားလမ်းဘေး ရေပေးဝေသည့် ဆည်မြောင်းအတွင်း၌ ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီခန့်က ရေနစ်သေဆုံးနေသော အမျိုးသမီးအလောင်းတွေ့ရှိကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**



## မွန်ပြည်နယ်ဝန်ကြီးချုပ် မော်လမြိုင်တက္ကသိုလ်နှင့် နည်းပညာအထက်တန်းကျောင်းများ ကွင်းဆင်းကြည့်ရှု

**မော်လမြိုင် ဇူလိုင် ၁၃**
မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက မော်လမြိုင်တက္ကသိုလ် အစည်းအဝေးခန်းမ၌ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က မော်လမြိုင်တက္ကသိုလ်အတွက် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ရေပေးဝေနိုင်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် အခြားလိုအပ်သည်များ အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ပြီး အခက်အခဲများရှိပါက ပညာရေးဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ကျောင်းသား ကျောင်းသူအဆောင်များအခြေအနေ၊ အမှိုက်စွန့်ပစ်မှု၊ လျှပ်စစ်ဓာတ်အား၊ ရေရရှိရေးနှင့် ကျောင်းအဝင်လမ်းအခြေအနေတို့ကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး တက္ကသိုလ်ဝင်းအတွင်းသို့ လှည့်လည်ကြည့်ရှုခဲ့သည်။

ဆက်လက်၍ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်လမြိုင်မြို့နယ်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၊ နည်းပညာတက္ကသိုလ်နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (မော်လမြိုင်)သို့ သွားရောက်၍ ဆရာ ဆရာမများနှင့်တွေ့ဆုံကာ ကျောင်းလိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ချင်းပြည်နယ်ဝန်ကြီးချုပ် ချင်းကော်ဖီအသင်းဖွဲ့စည်းခြင်းနှင့် ပျိုးပင်ပေးအပ်ပွဲတက်ရောက်

**ဟားခါး ဇူလိုင် ၁၃**
ချင်းပြည်နယ်အတွင်း ဥယျာဉ်စိုက်ပျိုးခြံများနှင့် တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ချင်းကော်ဖီအသင်း (CCA) ဖွဲ့စည်းတည်ထောင်ခြင်းနှင့် ပျိုးပင်များပေးအပ်ခြင်း၊ လယ်ယာသုံး စက်ကိရိယာပစ္စည်းများပြသခြင်း အခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက ချင်းပြည်နယ် ဟားခါးမြို့ ကျောဘုတ်ဥယျာဉ်ခြံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ပြည်နယ်မှာ မြေဧရိယာဧက ၈၉ သိန်းကျော် ကျယ်ဝန်း၍ အသားတင်စိုက်ပျိုးမြေဧက နှစ်သိန်းကျော်နှင့် မစိုက်ပျိုးနိုင်သေးသော မြေဧကများအား စိုက်ပျိုးနိုင်သော မြေဧကများဖော်ထုတ်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်ကို အစားထိုးနိုင်မည့် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ခြင်း၊ နှစ်ရှည်သီးပင်များ စိုက်ပျိုးခြင်းနှင့် အခြားဒေသ ဝမ်းစာဖူလုံရေးအတွက် အစီအမံကောင်းများ ချမှတ်ဆောင်ရွက်ကြရန်လိုအပ်ပြီး ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်၏ အဓိက ဒေသထွက်ကုန်များ ပြည်ပသို့ တင်ပို့ရောင်းချရာတွင် အရေးပါသောဥယျာဉ်ခြံလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရေး၊ သဘာဝတောတောင်များ၊ ရေမြေကောင်းများဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်စေရန် တက်ကြွစွာဆောင်ရွက်ကြစေရေးတို့ကို ပြောကြားခဲ့သည်။

ဆက်လက်၍ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့က ပြည်နယ်အတွင်း စိုက်ပျိုးထားရှိသော ကော်ဖီခြံများနှင့် ကော်ဖီပင်မှ ထုတ်ကုန်ပစ္စည်းများ၏ ဈေးကွက်အခြေအနေ၊ ဒေသတွင်း ဥယျာဉ်ခြံထွက်ကုန်ပစ္စည်းများကို ကုန်ကြမ်းအနေဖြင့်သာမဟုတ်ဘဲ ကုန်ချောအဖြစ် ပြည်ပတင်ပို့နိုင်ရေး၊ အထွက်နှုန်းကောင်းပြီး ဈေးကွက်ဝင်သော ကော်ဖီစေ့များရရှိရေး ဆောင်ရွက်ရမည့် နည်းလမ်းများ၊ တောင်သူများ လေ့လာဆောင်ရွက်နိုင်ရေးလမ်းညွှန်စကားပြောကြားပြီးနောက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးမာန်ဟင်းဒါးလ်က စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများက နည်းပညာနှင့် စိုက်ပျိုးစရိတ်များ ထောက်ပံ့ ကူညီဆောင်ရွက်နေမှုများ၊ တောင်သူလယ်သမားများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းအားထုတ်ကြရန် ပြောကြားသည်။

မြန်မာနိုင်ငံကော်ဖီအသင်းဒုတိယဥက္ကဋ္ဌ ဒေါ်စုစုအောင်က အသင်း၏ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ အသင်းဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကော်ဖီပျိုးပင်များနှင့် လိမ္မော်ပျိုးပင်များကို မြို့နယ်အလိုက် ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **မြင့်နိုင်စိုး (ထီးလှိုင်မြေ)**






## MPT U-14 Football Tournament 2019 ဗိုလ်လုပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၃**
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်နှင့် MPTတို့ ကြီးမှူး၍ အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်းကျင်းပသည့် MPT U-14 Football Tournament 2019 မန္တလေးတိုင်းဒေသကြီးအဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင် ၁၂ ရက် ညနေ၃ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အဆင့်မြင့် အားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ဗိုလ်လုပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ MFF, MPT နှင့် မြန်မာဘရူဝါရီလီမိတက်နှင့် ပညာရေးတို့မှ တာဝန်ရှိသူများ၊ မြန်မာဘောလုံးအကယ်ဒမီ ကျောင်းအုပ်ကြီး၊ အား/ကာသိပ္ပံကျောင်းအုပ်ကြီး၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြရာ မန္တလေး(က) အသင်းက မန္တလေး (ခ) အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် ဘောလုံးပြိုင်ပွဲတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသည့် ဒိုင်လူကြီးများကို ဂုဏ်ပြုဆုငွေနှင့် အမှတ်တရလက်ဆောင်များ၊ ရွှေတန်းဆုရ မန္တလေး(ခ)အသင်းမှ အောင်ဟိန်းမင်း၊ အလယ်တန်းဆုရ ကျောက်ဆည်အသင်းမှ အောင်မြင့်မြတ်၊ နောက်တန်းဆုရ မန္တလေးခရိုင် (က) အသင်းမှ ဖုန်းမြတ်သူ၊ ဂိုးသမားဆုရ Social Welfare အသင်းမှ ဝေဖြိုးအောင်၊ ဂိုးသွင်းအများဆုံးဆုရ မန္တလေး (က)အသင်းမှ ဖြိုးဟိန်းချစ်၊ အကောင်းဆုံးကစားသမားဆုရ SocialWelfare အသင်းမှ ရှိုင်းကိုကိုထက်၊ အသန့်ရှင်းဆုံးဆုရ မန္တလေးခရိုင် (က) အသင်း၊ တတိယဆုရ Social Welfare အသင်း၊ ဒုတိယဆုရ မန္တလေးခရိုင် (ခ) အသင်း၊ ပထမဗိုလ်စွဲခဲ့သည့် မန္တလေး (က)အသင်းတို့အား ဆုများ အသီးသီးချီးမြှင့်ခဲ့ကြသည်။ **တင်မောင် (မန်းကိုယ်ပွား)**

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်အား လက်ခံတွေ့ဆုံ



**ရန်ကုန် ဇူလိုင် ၁၃**
ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်နှင့် စီးပွားရေး၊ လူမှုရေး၊ ကုန်စည်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍများတွင် တရုတ်နိုင်ငံအနေဖြင့် ပူးပေါင်းကူညီပေးရေးတို့နှင့် စပ်လျဉ်း၍ ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီခွဲက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သံတမန်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရများ၏ သဘောတူညီချက်ဖြင့် တရုတ်-မြန်မာ စီးပွားရေး စင်္ကြံလမ်းမစီမံကိန်းနှင့် ပိုးလမ်းမစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ရန်ကုန်မြို့အား ကူမင်း၊ နန်နင်း၊ ရန်ကျိုးတို့နှင့် Sister City အဖြစ် သဘောတူလက်မှတ် ရေးထိုးထားပြီး ယူနန်ပြည်နယ်နှင့် Sister State အဖြစ် လက်မှတ်ရေးထိုးထားနိုင်ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေး၊ ကုန်စည်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍများတွင် တရုတ်နိုင်ငံအနေဖြင့် ပူးပေါင်းကူညီပေးရေးတို့ကို တရုတ်နိုင်ငံ သံအမတ်ကြီးက ဆွေးနွေးခဲ့သည်။

**ပူးပေါင်းပါဝင်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တရုတ်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းများ စနစ်တကျ တင်ပို့နိုင်ရန် ရန်ကုန်မြို့တွင် ဈေးကွက်တစ်ခု တည်ထောင်သွားရေး၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများကို ပူးပေါင်းဖွင့်လှစ်သွားရေး၊ မြန်မာ့ရုပ်ရှင်နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်တွင်လည်း တရုတ်နိုင်ငံအနေဖြင့် ပူးပေါင်းပါဝင်ပေးစေရေးနှင့် မြန်မာနိုင်ငံ၏ ကဏ္ဍရပ်အသီးသီးအပေါ် တရုတ်နိုင်ငံမှ အားပေး ရပ်တည်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။


**တက်ရောက်**


တွေ့ဆုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်း၊ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမျိုးအောင်ဌေး နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။


**ဆန်းကျော်ဦး (ပြန်/ဆက်)**













# တိုက်စစ်မှူး ဂရစ်ဇ်မန်းအား ဘာစီလိုနာအသင်း စာချုပ်ချုပ်ဆိုခေါ်ယူ

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းဟာ အက်သလက်တီကိုမက်ဒရစ်အသင်းရဲ့ တိုက်စစ်မှူး ဂရစ်ဇ်မန်းကို စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီး ပြောင်းရွှေ့ကြေးပေါင် ၁၀၇ သန်း(ယူရို သန်း ၁၂၀)နဲ့ ခေါ်ယူစာချုပ်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ အခုလိုစာချုပ်ချုပ်ဆိုခဲ့တာကြောင့် တိုက်စစ်မှူး နေမာ၊ တိုက်စစ်မှူး အမ်ဘတ်ပီ၊ တိုက်စစ်မှူး ကော်တင်ဟို၊ တိုက်စစ်မှူး ဂျာအိုဖီးလစ်နဲ့ တိုက်စစ်မှူး ဒမ်ဘီလီတို့ပြီးတဲ့နောက်မှာ ကမ္ဘာ့ခြောက်ဦးမြောက်စျေးအကြီးဆုံးကစားသမားလည်းဖြစ်လာခဲ့ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းကတော့ ယခုလအစောပိုင်းက ဘင်ဖီကာအသင်းမှ ပေါ်တူဂီကြယ်ပွင့် ဖီးလစ်ကို ပြောင်းရွှေ့ကြေးပေါင် ၁၂၆ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းကတော့ ဒီဂျောင်၊ နီတိုး၊ အီမာဆင်တို့ကို ခေါ်ယူထားပြီးဖြစ်ပါတယ်။






# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ရော်ဂျာဖက်ဒဲရားနဲ့ ဂျိုကိုဗစ်တွေ့ဆုံနေ

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲစဉ်၌ ရော်ဂျာဖက်ဒဲရားနဲ့ ဂျိုကိုဗစ်တို့ ထိပ်တိုက်တွေ့ဆုံနေပါတယ်။

ရော်ဂျာဖက်ဒဲရားဟာ ဆီမီးဖိုင်နယ်အဆင့်မှာ စပိန်တင်းနစ်အကျော်အမော် ရာဖေးနာဒယ်ကို အနိုင်ရရှိခဲ့တာကြောင့် နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းလာခဲ့တာဖြစ်ပြီး ရာဖေးနာဒယ်ကို ၇-၆(၇-၃)၊ ၁-၆၊ ၆-၃၊ ၆-၄ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်ကတော့ ဘောတစ်စတာအောဂတ်ကို ၆-၂၊ ၄-၆၊ ၆-၃၊ ၆-၂ နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲရဲ့အမျိုးသမီးတစ်ဦးချင်းပွဲစဉ်မှာတော့ ဆီမီးဖိုင်နယ်အဆင့်မှာ ဆရီနာဝီလျံက စထရိုင်းကိုဗာကို ၆-၁၊ ၆-၂ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ဆဗီတိုလိုင်းနားနဲ့ ဟာလက်တို့ရဲ့ပွဲစဉ်မှာတော့ ဟာလက်က စဗီတိုလိုင်းနားကို ၆-၁၊ ၆-၃ နဲ့ အနိုင်ရရှိခဲ့တာဖြစ်လို့ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဆရီနာဝီလျံနဲ့ ဟာလက်တို့ တွေ့ဆုံမှာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## အနုပညာ

# ဟောမာန်ဆောင်းရဲ့ချစ်သံစဉ် ဇာတ်ဝင်တေးအယ်လ်ဘမ်ရဲ့စံချိန်ကို ချိုးဖျက်လိုက်တဲ့ "BTS WORLD"

တစ်ချိန်က အလွန်ကို ကျော်ကြားခဲ့တဲ့ တောင်ကိုရီးယားဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ "Winter Sonata (ဟောမာန်ဆောင်းရဲ့ချစ်သံစဉ်)" ဇာတ်လမ်းတွဲရဲ့ဇာတ်ဝင်တေးသီချင်းအယ်လ်ဘမ်ဟာ ရောင်းအားအကောင်းဆုံးသော ဇာတ်ဝင်တေးအယ်လ်ဘမ်အဖြစ် ဒေသတွင်းမှာ ၁၇ နှစ်ကြာ စံချိန်တင်ထားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ "BTS" အဖွဲ့ရဲ့တေးအယ်လ်ဘမ် "BTS WORLD" ဟာ ရောင်းအားအကောင်းဆုံးသော ဇာတ်ဝင်တေးအယ်လ်ဘမ်အဖြစ် စံချိန်သစ် တင်နိုင်ခဲ့တာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"BTS WORLD" ဟာ တေးအယ်လ်ဘမ်ပေါင်း ငါးသိန်းရောင်းချခဲ့ရပြီးဖြစ်ကာ စံချိန်သစ်တင်ခဲ့တာဖြစ်ပါတယ်။ "Winter Sonata" ဇာတ်ဝင်တေးအယ်လ်ဘမ်ကတော့ လေးသိန်းခန့်ရောင်းချခဲ့ရပြီး ၁၇ နှစ်ကြာ စံချိန်ထိန်းထားနိုင်ခဲ့ကာ လတ်တလောမှာမှ "BTS WORLD" က စံချိန်သစ် တင်ခဲ့တာဖြစ်ပါတယ်။





ဇူလိုင် ၁၂ ရက်က ဆောင်းနန်းမှာ ပြုလုပ်ခဲ့တဲ့ အဝတ်အစားအမှတ်တံဆိပ်တစ်ခုရဲ့အရောင်းမြှင့်တင်ရေးအခမ်းအနားကို တက်ရောက်လာခဲ့တဲ့ စူလီ၊ ပီအိုနဲ့ အာဂျေယန်း (ဝဲမှယာ)တို့ကို တွေ့ရစဉ်။

## လက်ထပ်လိုက်ပြီဖြစ်ကြောင်း အက်ဒ်ရှီရန် အတည်ပြု

ဗြိတိန်ပေါ့ပ်ကြယ်ပွင့် အက်ဒ်ရှီရန်က လတ်တလောမှာ သူဟာ လက်ထပ်ခဲ့ပြီဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ပါတယ်။ အက်ဒ်ရှီရန်နဲ့ ချယ်ရီဆီးဘွန်းတို့ လက်ထပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့တာ အတော်လေးကြာခဲ့ပြီဖြစ်ပေမယ့် ပေါ့ပ်ကြယ်ပွင့်က လတ်တလောမှာမှ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အက်ဒ်ရှီရန်က လတ်တလောမှာ "iHeartRadio" နဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ တေးအယ်လ်ဘမ်သစ်အကြောင်း ပြောကြားရင်းက လက်ထပ်လိုက်ပြီဖြစ်ကြောင်းကိုလည်း တစ်ပါတည်း အတည်ပြုခဲ့တာဖြစ်ပါတယ်။ အက်ဒ်ရှီရန်က သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Remember My Name" ဟာ သူ့ရဲ့ဇနီးဖြစ်သူ ချယ်ရီဆီးဘွန်းကို ရည်ရွယ်ထားတာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

## မင်းသား ဆောင်းဆန်ဝန် ထောင်ဒဏ်လေးနှစ်ကျခံခဲ့ရ

တောင်ကိုရီးယားမင်းသားတစ်ဦးဖြစ်သူ ဆောင်းဆန်ဝန်ဟာ ယာဉ်မောင်းလိုင်စင်မရှိဘဲ ယာဉ်မောင်းပြီး အရက်သောက်ကာ မောင်းခဲ့တာကြောင့် တရားရင်ဆိုင်ခဲ့ရပါတယ်။ လတ်တလော ဒုတိယအကြိမ် အယူခံဝင်အပြီးမှာ မင်းသားကို ထောင်ဒဏ်လေးနှစ် ချမှတ်ခဲ့တာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၁၂ ရက်မှာ ဒုတိယအကြိမ်အယူခံကို ကြားနာခဲ့တာဖြစ်ပြီး ဆိုးလ်ဗဟိုခရိုင်တရားရုံးက ဆောင်းဆန်ဝန်ကို ထောင်ဒဏ်လေးနှစ် ကျခံစေဖို့ရာ အမိန့်ချမှတ်ခဲ့တာဖြစ်ပါတယ်။ ပထမအကြိမ် အယူခံမှာပင် ထောင်လေးနှစ်ကျခံဖို့ရာ အမိန့်ချမှတ်ခံခဲ့ရတာဖြစ်ပြီး ဒုတိယအကြိမ် အယူခံမှာလည်း ဒီပြစ်ဒဏ်ကိုပင် ကျခံစေခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။



**အေးပြည့် - စုစည်းသည်**

## တိုတိုထွာထွာဖတ်စရာ

### မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ဗန်းမောက်**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မကျည်းကုန်းကျေးရွာရှိ မူလတန်းကျောင်းတွင် ဇူလိုင် ၁၁ ရက် ညနေ ၃ နာရီခွဲက မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲပြုလုပ်ခဲ့ရာ ဗန်းမောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကို၊ မံစီနယ်မြေရဲကင်းစခန်းမှူး ရဲအုပ်ဇော်လင်းထွန်း၊ မကျည်းကုန်းကျေးရွာ မူလတန်းကျောင်းအုပ်ကြီး ဦးဝင်းနိုင်တို့က မူးယစ်ဆေးဝါးအန္တရာယ်၊ မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမဖြစ်ပွားရေး စသည့် အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ရာ ပြည်သူ ၂၀၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**လှအောင်(ကသာ)**

### အသိပညာပေးနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲပြုလုပ်

**ကော့သောင်း**

(၇၂)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းက ကော့သောင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကော့သောင်းမြို့ အလက (ခွဲ) (သီရိမြိုင်) ကျောင်းရှေ့၌ ပြုလုပ်ခဲ့သည်။

ကော့သောင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေဇင်ဦးက လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် သိမှတ်ဖွယ်ရာများ၊ အာဇာနည်နေ့ဖြစ်ပေါ်လာပုံ အစရှိသည်များကို အသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများအား အာဇာနည်နေ့နှင့်ပတ်သက်သည့် ဉာဏ်စမ်းပဟေဠိမေးခွန်းများ ဖြေကြားစေခဲ့ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏မှတ်တမ်းဓာတ်ပုံများ၊ ကိုယ်ရေးအကျဉ်းနှင့် အာဇာနည်နေ့နှင့်ပတ်သက်သည့် စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များ ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

### မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲဆုချီးမြှင့်

**တနင်္သာရီ**

၂၀၁၉ ခုနှစ် ဇူလိုင် ၁၉ ရက်တွင်ကျရောက်မည့် (၇၂)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်၏ကိုယ်တစ်ပိုင်းဓာတ်ပုံကို မူလတန်းအဆင့် ဆေးရောင်စုံခြယ်ပြိုင်ပွဲတွင် မြို့နယ်လူထုအခြေပြုဇဟိုဌာန၌ ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပရာ အမက (ချောင်းငယ်)မှ တတိယတန်း ကျောင်းသား ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုရရှိသူများအား မြို့နယ်သမဝါယမဦးစီးဌာနဦးစီးမှူး ဒေါ်ကြည်မြင့်နှင့် အမက-ချောင်းငယ်ကျောင်းမှ ဆရာမတို့က ဆုများချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများသည် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် (၇၂)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

**ထိန်ဝင်း(ပြန်/ဆက်)**



မြန်မာနိုင်ငံဆရာဝန်များအသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်အဖြစ် လစဉ် မြို့နယ်အသီးသီးတွင် တစ်လလျှင် ရပ်ကွက်တစ်ခုစီ၌ အခမဲ့စမ်းသပ်ရှာဖွေကုသပေးလျက်ရှိရာ တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက်အတွင်းရှိ အောင်မင်္ဂလာဓမ္မာရုံ၊ သုဒဿီဓမ္မာရုံနှင့် လူထုဓမ္မာရုံတို့တွင် ဇူလိုင် ၉ ရက်မှ ၁၃ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ ရင်ခေါင်းဓာတ်မှန်အခမဲ့ရိုက်ပေးခြင်း၊ အဆုတ်၊ ရင်ခေါင်းနှင့်ပတ်သက်သော ရောဂါများကို အခမဲ့စမ်းသပ်ရှာဖွေကုသပေးစဉ်။

**ကိုဝဏ္ဏ ( တောင်ဥက္ကလာ )**

## အနုပညာပျိုးခင်းအစပျိုးခြင်းအနေဖြင့် ပြဇာတ်နှင့် သရုပ်ဆောင်ခြင်းအနုပညာ ဟောပြော



**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တက္ကသိုလ်မှ ထူးချွန်ထက်မြက်သော အနုပညာရှင်များ ပေါ်ထွက်လာရေးအတွက် အနုပညာပျိုးခင်းအစပျိုးခြင်းအနေဖြင့် ရန်ကုန်တက္ကသိုလ်အနုပညာအသင်းက စီစဉ်သည့်ပြဇာတ်နှင့် သရုပ်ဆောင်ခြင်းအနုပညာဟောပြောပွဲကို ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် လူရွှင်တော်အရိုင်းက မျိုးဆက်သစ်များကို ကြိုလင့်ခြင်းခေါင်းစဉ်ဖြင့် ပြဇာတ်၏ အပြင်အဆင်၊ မီးအလင်းအမှောင်၊ တေးဂီတ၊ ဇာတ်ဝင်သီချင်း၊ ပါဝင်ကပြသူများ၏ သရုပ်ဆောင်မှုအတတ်ပညာများအကြောင်းကို အဓိကထားဟောပြောခဲ့ပြီး အကယ်ဒမီငြိမ်းမင်း (ဇာတ်ညွှန်း)က စကားလုံးများနှင့်ကစုန်ခြင်းခေါင်းစဉ်ဖြင့် ပြဇာတ်၏တန်ဖိုးရှိသော ယဉ်ကျေးမှုအကြောင်း၊ မြန်မာနိုင်ငံတွင် ပြဇာတ်များအစပျိုးခဲ့မှု အခြေအနေ၊ ပြည်သူလူထု၏ ခံစားမှုကို ထင်ဟပ်စေသော ပြဇာတ်များအကြောင်း၊ ပုဂံခေတ် နံရံဆေးရေးပန်းချီများမှ အစပြုခဲ့သော ပြဇာတ်များအကြောင်း၊ ပြဇာတ်သုံးစကားလုံးအပြောအဆို အဖွဲ့အနွဲ့များအကြောင်း စသည်တို့ကို အသေးစိတ်ဟောပြောခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ် အနုပညာအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးမြမြအေးက "ကျွန်မတို့အသင်းအနေနဲ့က အသင်းသားဟောင်းတွေရဲ့ပူးပေါင်းပါဝင်ကူညီမှုနဲ့ ကလေးတွေကို နှစ်စဉ် အကသင်တန်း၊ အဆိုသင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးပါတယ်။ အတီးသင်တန်းမှာဆိုရင် ပတ္တလား၊ စောင်းအတီးသင်တန်းတွေ ဖွင့်ထားပါတယ်။ အခုပြဇာတ်ဟောပြောပွဲလုပ်ပြီးရင်တော့ နောက်ပိုင်းစိတ်ဝင်စားတဲ့ကလေးတွေအတွက် ပြဇာတ်သင်တန်းဖွင့်ဖို့ရည်ရွယ်ထားပါတယ်" ဟု ပြောသည်။

ရန်ကုန်တက္ကသိုလ် အနုပညာအသင်းအနေဖြင့် ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်အခမ်းအနားတွင် ပါဝင်တင်ဆက်သွားနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး လူအင်အားစုဆောင်းမှုများလည်း စတင်ပြုလုပ်လျက်ရှိကြောင်း၊ ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်ပွဲအကြိုအနေဖြင့် အနုပညာသင်တန်းသားများ သင်တန်းဆင်းပွဲတွင် အနုပညာကပွဲ ကျင်းပသွားရန် စီစဉ်ထားကြောင်း၊ ထို့ပြင် ဩဂုတ် ၃၀ ရက်တွင် တက္ကသိုလ်ပေါင်းစုံ မြန်မာသံစဉ် အဆိုပြိုင်ပွဲတစ်ရပ်ကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ရာမည**

## အခြေခံပညာကျောင်းသား ကျောင်းသူများအား ကျောင်းကျန်းမာရေး အသိပညာပေးဟောပြော



**ပျဉ်းမနား ဇူလိုင် ၁၃**

နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံပညာ ကျောင်းသား ကျောင်းသူများအား ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောခြင်းကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့ရှိ ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက အဖွင့်အမှာစကားပြောကြား၍ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ရွှေဇင်နွယ်က ရာသီတုပ်ကွေး အကြောင်းအရာကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလှိုင်လှိုင်ဌေးက ဆယ်ကျော်သက်နှင့် လူငယ်လူရွယ်အကြောင်းအရာကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ခင်စံပယ်အေးက သွားနှင့်ခံတွင်း အကြောင်းအရာကိုလည်းကောင်း၊ ဒေါက်တာမျိုးမင်းဦးက မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်ပပျောက်ရေးအကြောင်းအရာကိုလည်းကောင်း အသိပညာပေးဟောပြောရာ ကျောင်းသား ကျောင်းသူ ၈၅၀ တက်ရောက်ခဲ့သည်။

ထို့နောက် ပညာပန်းတိုင်တည်ထောင်သူ ဆရာဦးကောင်းထက်အောင်က နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသို့ အလှူငွေ ၁၀ သိန်း လှူဒါန်းရာ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလှိုင်လှိုင်ဌေးက လက်ခံခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ (နေပြည်တော်)**

## အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းမှုသင်တန်းဖွင့်

**မုဒုံ ဇူလိုင် ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖြစ်သည့် အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းမှု နည်းပညာသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီခွဲတွင်မွန်ပြည်နယ် မုဒုံမြို့နယ် နိုင်လုံလက်တက်ကျေးရွာ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းနှင်းယုက အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းမှ အသေးစားစက်မှုလုပ်ငန်းများ ကိုယ်တိုင်လုပ်ကိုင်နိုင်စေရန် ခေတ်မီစက်ရုံ၊ အလုပ်ရုံကြီးများတွင် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေများရရှိစေရန်နှင့် လျှပ်စစ်ဓာတ်အားကို အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်အသုံးပြုနိုင်ပြီး လျှပ်စစ်သွယ်တန်းမှုနည်းပညာများ လက်ဆင့်ကမ်း သင်ကြားပေးနိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် သင်တန်းနည်းပြ မွန်ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးသက်နောင်နောင်ဦး (လက်ထောက်အင်ဂျင်နီယာ)နှင့် ဦးကျော်ဇင်ထက်(ဦးစီးမှူး) တို့က ဇူလိုင် ၁၀ ရက်မှ ၂၃ ရက်ထိ ၁၀ ရက်ကြာ အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား ၂၀ ရှိကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**

## လျှပ်စစ်ဓာတ်အားပြည့်ဝစွာအသုံးပြုနိုင်ရေး ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်တွင် ပြည်သူများ မိုးရာသီ၌ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး၊ လျှပ်စစ်ဓာတ်အား လေလွင့်မှုမဖြစ်ပေါ်စေရေးနှင့် ဓာတ်အားများ ပြည့်ဝစွာအသုံးပြုနိုင်ရေးအတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထွန်းအေးဦးဆောင်၍ သဃ်န်းကျွန်းမြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်လေးဆွေနှင့်အဖွဲ့သည် ဇူလိုင် ၁၁ ရက် နံနက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုပန်းခြံအနီးတွင် 83 KV နှင့် အခြားလျှပ်စစ်ပစ္စည်းအသစ်တို့ဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခဲ့ကြသည်။

**တင်ကြည် (သဃ်န်းကျွန်း)**



# ငွေကြေးစစ်ပွဲသို့

**ခင်မောင်ညို(ဘောဂဗေဒ)**

ကမ္ဘာမှာ အတိုးနှုန်းတွေကျနေတာရယ်၊ စီးပွားရေး တိုးတက်မှုနှုန်း နှေးကွေးနေတာရယ်က ငွေကြေးစစ်ပွဲ (Currency Wars) တစ်နည်းအားဖြင့် ငွေစက္ကူစစ်ပွဲကို ဦးတည်စေမယ့်အခြေအနေတွေဖြစ်နေတာ တွေ့ရပါတယ်။ ၂၀၁၀ ပြည့်နှစ်တုန်းက ယူရိုဇုန်မှာ နိုင်ငံတွေရဲ့ အကြွေးအကျပ်အတည်းနဲ့ကြုံတွေ့ရချိန်မှာ ယူရိုငွေရဲ့ ဈေးနှုန်းဟာ ၁ ဒသမ ၄၅ ဒေါ်လာကနေ ၁ ဒသမ ၁၉ ဒေါ်လာအထိ ကျသွားခဲ့တယ်။ သိပ်မကြာမီမှာပဲ အမေရိကန်ဘဏ်က ဒုတိယအကျော့ ဈေးကွက်ထဲကို ငွေတွေထည့်မယ်လို့ လုပ်ပြန်ပါတယ်။ ဒီလိုလုပ်တာကို လူအတော်များများက တိုက်ဆိုင်မှုလို့မမြင်ကြပါဘူး။ ဒေါ်လာငွေ ထပ်ပြီးဈေးကျအောင်လုပ်တာလို့ပဲ မြင်ကြတယ်။ မကျေမနပ်ဖြစ်တာတွေကလည်း ဥရောပမှာပဲ မဟုတ်ဘူး။ ဘရာဇီးဘဏ္ဍာရေးဝန်ကြီးက သူ့နိုင်ငံဟာ ငွေကြေးစစ်ပွဲထဲမှာ အပစ်ခံနေရပြီလို့ဆိုတယ်။

**ငွေကြေးမူဝါဒ**

ဒီတစ်ခါတော့ အမေရိကန်က စတယ်။ ဇွန်လ ၁၈ ရက်နေ့မှာ ဥရောပဗဟိုဘဏ်ဥက္ကဋ္ဌက ပေါ်တူဂီမှာကျင်းပတဲ့အစည်းအဝေးမှာ ယူရိုဇုန်ရဲ့ စီးပွားရေးအခြေအနေ ကောင်းမလာဘူးဆိုရင် ငွေကြေးမူဝါဒကို လျှော့ချပေးမယ်လို့ ဆိုလာတယ်။ ချက်ချင်းပဲ အမေရိကန်သမ္မတက အခုလိုလုပ်ရင် မတရားဘူးဆိုပြီး ချက်ချင်းအပြစ်တင်ရှုတ်ချတော့တယ်။ ဒီလအစောပိုင်းတုန်းကလည်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးက တရုတ်နိုင်ငံကို ငွေကြေးမူဝါဒနဲ့ပတ်သက်လို့ သတိပေးစကား ပြောကြားခဲ့သေးတယ်။ တကယ်လို့ တရုတ်နိုင်ငံက တရုတ်ငွေကြေးယွမ်ကို ကျားကန်ဖို့ ကြိုးစားတာမရပ်ဘူးဆိုရင် ယွမ်ငွေကို အားနည်းအောင် ကြိုးစားတာလို့ နားလည်မယ်တဲ့။

**ကုန်သွယ်ရေးစစ်ပွဲ**

တရုတ်နဲ့ အမေရိကန်ခေါင်းဆောင်တွေ ဂျပန်မှာ တွေ့ကြရင် အနည်းဆုံးတော့ ကုန်သွယ်ရေးစစ်ပွဲအရှိန် မြင့်မလာလောက်ဘူးလို့ တွက်ဆကြတယ်။ ကုန်သွယ်ရေးစစ်ပွဲ အတိုက်အခိုက်ရပ်ရင် ငွေလဲနှုန်းနဲ့ပတ်သက်လို့ စကားစစ်ထိုးနေကြတာတွေ ကြာရှည်ကြာများမဖြစ်လောက်ဘူးလို့ တွက်ဆနေကြပါတယ်။ အတိုးနှုန်းတွေက ကျနေတယ်။ ဘဏ္ဍာရေးမူဝါဒကိုကျင့်သုံးဖို့ဆိုတာက နိုင်ငံရေးအခြေအနေအရကြောင့်သော်လည်းကောင်း၊ ကြွေးမြီဝန်ထုပ်ဝန်ပိုးကြောင့်သော်လည်းကောင်း သုံးဖို့အခက်အခဲရှိနေတယ်။ စီးပွားရေးအဆောက်အအုံကို ပြန်ပြီးဦးမော့အောင်လုပ်တဲ့နည်းက ကိုယ့်ငွေတန်ဖိုးကျအောင်လုပ်တဲ့နည်းတစ်နည်းရှိနေသေးတယ်။ တိုင်းပြည်ဝင်ငွေတိုးတက်မှုနှုန်း နှေးကွေးနေတယ်ဆိုတဲ့ အကြောင်းတရားတစ်ခုကလည်း ငွေကြေးစစ်ပွဲဆင်နွှဲဖို့ အကြောင်းဖန်လာတယ်။

**ငွေဖလှယ်နှုန်း**

တကယ်တမ်းစောင့်ကြည့်ရမယ့် ငွေဖလှယ်နှုန်းက ယူရိုနဲ့ဒေါ်လာ လဲတဲ့နှုန်းမဟုတ်ဘဲ ယွမ်ငွေနဲ့ ဒေါ်လာလဲလှယ်တဲ့နှုန်း ဖြစ်ပါတယ်။ ကမ္ဘာ့ငွေကြေးဈေးကွက်နဲ့ ဘဏ္ဍာရေးဈေးကွက်မှာ ယွမ်ငွေကပဲ ဦးဆောင်နေတာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ဩဂုတ်လကတည်းက တရုတ်ဟာ ဈေးကွက်အခြေအနေပေါ်မူတည်ပြီး ပြောင်းလဲခွင့်ကို အတိုင်းအတာတစ်ခုအထိ ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမယ့် ဒေါ်လာနဲ့လဲလှယ်တဲ့နှုန်းကိုတော့ အတော်လေး တင်းတင်းကျပ်ကျပ်ထားခဲ့ပါတယ်။ ဒီလိုအပြောင်းအလဲ သေးသေးလေးတွေဟာ အရေးပါပါတယ်။ တရုတ်နဲ့ အဓိကကုန်သွယ်ဖက်ရဲ့ငွေကြေး (ယူရို) လို ငွေကြေးတွေဟာ ယွမ်ရဲ့တန်ဖိုးနောက်ကိုလိုက်ပြီး တက်ရ၊ ကျရပါတော့တယ်။ ဒါကြောင့် ယွမ်နဲ့ဒေါ်လာလဲတဲ့နှုန်းဟာ အခြေခံကျတယ်လို့ မြင်ကြတာပါ။ ယွမ်နဲ့ဒေါ်လာလဲလှယ်တဲ့နှုန်း ကျဆင်းရင် အခြားငွေကြေးတွေရဲ့တန်ဖိုးကိုပါ ဆွဲချသွားလို့ပါ။ အခုက တစ်ဒေါ်လာကို ခုနစ်ယွမ်ဆိုတဲ့နှုန်းဟာ အရေးကြီးပါတယ်။ ခုနစ်ယွမ်နှုန်းထက် တန်ဖိုးကျသွားရင် တခြားငွေကြေးတွေလည်း လိုက်ပြီးတန်ဖိုးကျနိုင်ပါတယ်။ ဒါကြောင့် တစ်ဒေါ်လာကို ခုနစ်ယွမ်နှုန်းထက် ကျခွင့်ပြုမယ့် အရိပ်အယောင်တွေပေါ်လာရင် ဒါဟာ အရေးကြီးပါတယ်။

**ဆွေးနွေးဖို့ ခက်ခဲတဲ့ကိစ္စ**

တချို့ပညာရှင်တွေက အမေရိကန်နဲ့ တရုတ်ဆွေးနွေးကြရာမှာ ခက်ခဲနေတဲ့ကိစ္စက ယွမ်ငွေရဲ့တန်ဖိုးပါတဲ့။ တရုတ်က ယွမ်ငွေကို လုပ်သာကိုင်သာ တိုးသာဆုတ်သာ (Flexibility) ရှိစေချင်တာဟာ ပို့ကုန်တွေ အရောင်းသွက်ချင်လို့မဟုတ်ဘူး။ တည်ငြိမ်မှုရချင်တာ၊ ဒါကို အမေရိကန်က မညှာတာဘူး။ ဇွန်လ ၇ ရက်နေ့မှာ တရုတ်ဗဟိုဘဏ်ဥက္ကဋ္ဌက တိုးသာဆုတ်သာရှိတဲ့ငွေကြေးဟာ နိုင်ငံရဲ့ စီးပွားရေးအဆောက်အအုံကို အလိုအလျောက် တည်ငြိမ်အောင်လုပ်ပေးတဲ့အတွက် လိုလားအပ်တယ်လို့ ပြောတယ်။ ခုနစ်ယွမ်နဲ့ပဲလဲရမယ်လို့ ပုံသေမသတ်မှတ်ထားဘူးတဲ့။

ငွေကြေးစစ်ပွဲတွေမှာ တန်ဖိုးကျတဲ့ငွေကြေးတွေဟာ အောင်ပွဲခံသူတွေပါ။ အောက်ခြေရောက်အောင် ဆင်းဖို့ ကြိုးစားရာမှာ ရင်းနှီးမြှုပ်နှံသူတွေကလည်း ပါဝင်ကူညီလေ့ရှိကြတယ်။ အကျပ်အတည်းတွေ့ပြီဆိုရင် ယန်းငွေ၊ ဆွစ်ဖရန့်တို့၊ ရွှေတို့နောက်ကို အပြေးလိုက်လေ့ရှိကြတယ်။ အခက်အခဲတွေ့ပြီဆိုရင် သူတို့ရဲ့ ဈေးတွေက ထောင်တက်ရော။

> **“ငွေကြေးစစ်ပွဲတွေမှာ တန်ဖိုးကျတဲ့ငွေကြေးတွေဟာ အောင်ပွဲခံသူတွေပါ။ အောက်ခြေရောက်အောင် ဆင်းဖို့ ကြိုးစားရာမှာ ရင်းနှီးမြှုပ်နှံသူတွေကလည်း ပါဝင်ကူညီလေ့ရှိကြတယ်။ အကျပ်အတည်းတွေ့ပြီဆိုရင် ယန်းငွေ၊ ဆွစ်ဖရန့်တို့၊ ရွှေတို့နောက်ကို အပြေးလိုက်လေ့ရှိကြ”**

**ကုန်သွယ်ရေးလိုငွေ**

ချမ်းသာတဲ့နိုင်ငံတွေထဲမှာ အမေရိကန်က အတိုးနှုန်းမြင့်နေတာရယ်၊ နိုင်ငံစီးပွားရေးအားကောင်းနေတာရယ်ကြောင့် ဒေါ်လာက ခိုင်မာတယ်။ ဒါပေမယ့် စီးပွားရေးတိုးတက်မှုနှုန်းရယ်၊ အတိုးနှုန်းရယ် ကျဆင်းလာပြီဆိုရင် တခြားအကြောင်းတရားတွေက အရေးပါလာပါလေရော။ အဲဒီအထဲမှာ ကုန်သွယ်ရေးလိုငွေတို့ တန်ဖိုးဖြတ်မှုတွေလည်း ပါတယ်။

အဲသလိုကြည့်လိုက်တော့ ထူးထူးခြားခြားဂျပန်ယန်းငွေကိုတွေ့ရတယ်။ ဂျပန်က သာမန်စာရင်း(ပြည်ပငွေပေးငွေယူရှင်းတမ်း) မှာ ပိုငွေပြနေတယ်။ ဝယ်နိုင်စွမ်းအားကိုအခြေခံပြီးတွက်ရင် ဂျပန်ယန်းငွေက ဈေးပေါနေတယ်။ ဆွစ်ဖရန့်က ပြည်ပငွေပေးငွေယူရှင်းတမ်း ပိုငွေပြနေပေမယ့် ဈေးကြီးနေတယ်။ ဒေါ်လာကလွဲရင် တခြား ရွေးချယ်စရာသိပ်မရှိတာရယ်ကြောင့် ရွှေကို မျက်စိကျကြတယ်။

**ငွေကြေးစစ်ပွဲ**

၂၀၁၀ ပြည့်နှစ်တုန်းက အမေရိကန်ရဲ့အပြင်ဘက်မှာ လူတိုင်းက ဒေါ်လာကိုသဘောကျကြတယ်။ အခုတော့ ဈေးကြီးတဲ့ ဒေါ်လာက အမေရိကန်ကိုရော၊ အမေရိကန်သမ္မတကိုရော ဒုက္ခပေးနေပြီ။ ငွေကြေးစစ်ပွဲ တဖြည်းဖြည်း အရှိန်ရလာချိန်မှာ အမေရိကန်ဟာ သားကောင်လည်းဟုတ်၊ မုဆိုးလည်းဟုတ် ဖြစ်နေလေရဲ့။ ကိုယ့်ရဲ့အကြီးဆုံး ကုန်သွယ်ဖက်နဲ့ ကုန်သွယ်ရေးစစ်ပွဲစမယ်ဆိုရင် သူတို့ဘက်က ငွေကြေးက အားနည်း (တန်ဖိုးကျ)ပြီး ကိုယ့်ငွေက အားကောင်း (တန်ဖိုးမြင့်) နေတတ်တယ်။ တကယ်လို့ အမေရိကန်သမ္မတက သူ့ငွေကို တန်ဖိုးကျစေချင်တယ်ဆိုရင် ကုန်သွယ်ရေးစစ်ပွဲ အတိုက်အခိုက်ရပ်စဲလို့ ငြိမ်းချမ်းရေးယူလိုက်တာဟာ အကောင်းဆုံးနည်းဖြစ်တယ်။ မဟုတ်ရင်တော့ အမေရိကန်ဟာ ငွေကြေးစစ်ပွဲနဲ့ရင်ဆိုင်ရမယ့် အန္တရာယ်ရှိတယ်လို့ The Economist က ဆိုထားပါတယ်။ ။

---

## သဘာဝဘေး ရေကြီး ရေလျှံမှုများ

### စစ်ကိုင်းတိုင်းဒေသကြီးတွင် လူဦးရေ ၁၀၀ ခန့် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်

**စစ်ကိုင်း ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် လူဦးရေ ၁၀၀ ခန့် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်နေရကြောင်း တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

ချင်းတွင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ခန္တီးမြို့နယ်တွင် အိမ်ထောင်စု ၁၃ စု လူဦးရေ ၄၄ ဦး၊ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ကသာမြို့တွင် အိမ်ထောင်စု ကိုးစု လူဦးရေ ၅၅ ဦး ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်နေရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးစဝီလီဖရန့်က ပြောသည်။

“ခန္တီးနဲ့ ကသာမြို့နယ်တွေမှာ စိုးရိမ်ရေအမှတ်တော့ မရောက်သေးဘူး၊ ခန္တီးကတော့ နှစ်ပေလောက်ပဲ လိုတော့တယ်။ ကသာဆိုရင် တစ်ပေလောက်ပဲ လိုတော့တယ်။ အခု မြစ်ရေတွေ ကြီးလာတဲ့အတွက် ခန္တီးမြို့နယ်က အိမ်ထောင်စုက ၁၃ စု လူဦးရေ ၄၄ ဦး၊ ကသာကတော့ အိမ်ထောင်စု ကိုးစု လူဦးရေ ၅၅ ဦး လောလောဆယ် ရွှေ့ပြောင်းနေထိုင်တာပါ။ အခြားမြို့နယ်တွေက စာရင်းတက်လာတာမရှိသေးပါဘူး။လောလောဆယ်က ကသာနဲ့ခန္တီးပဲ ရှိပါသေးတယ်။ ဆန်ရိက္ခာဖိုးတွေတော့ ထောက်ပံ့ပေးထားပါတယ်။ ပြီးတော့ သတိပေးဆော်ဩတာတွေ တောက်လျှောက်လုပ်နေပါတယ်”ဟု ၎င်းက ပြောသည်။

**လှအောင်(ကသာ)**



### မြောက်ဦးမြို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်

**မြောက်ဦး ဇူလိုင် ၁၃**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လေးမြို့မြစ်ရေ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာသည့်အတွက် ယနေ့နံနက်ပိုင်းမှစ၍ မြို့ပေါ်နှင့် ကျေးရွာမြေနိမ့်ပိုင်းဒေသများ ရေနစ်မြုပ်လျက်ရှိသည်။

လေးမြို့မြစ်ရေမှာ စိုးရိမ်ရေမှတ်အထက်ကျော်လွန်လာပြီး ရန်ကုန်-စစ်တွေ ကားလမ်း မြောက်ဦး-မင်းပြား လမ်းပိုင်းကြားတွင်ရှိသော မြောင်းဘွေကျေးရွာနှင့် နန်းကျားကျေးရွာအနီးတစ်ဝိုက်တွင် ရေကျော်လျက်ရှိသည်။ မြောက်ဦးမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများဖြစ်သော စင်ဘောကိုင်း၊ မြတန်ဆောင်းနှင့် တိန်ညိုတိုက်ပွဲရှောင်စခန်းများ ရေနစ်မြုပ်မှုကြောင့် စခန်းရှိပြည်သူများကို ဘေးလွတ်ရာ ဘုန်းတော်ကြီးကျောင်းများသို့ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိသည်။

မြောက်ဦးမြို့ပေါ်ရှိ မြေနိမ့်ရပ်ကွက်များဖြစ်သော ကန်ချေစုရပ်ကွက်၊ အလယ်ဈေးရပ်ကွက်၊ မြေနိမ့်ပိုင်းကျေးရွာများဖြစ်သော မြောင်းဘွေ၊ နန်းကျားရွာနှင့် ဇေယျဝတီကျေးရွာများ ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။ အလားတူ မင်းပြားမြို့နယ်တွင်လည်း လေးမြို့မြစ်ရေမှာ စိုးရိမ်ရေမှတ်သို့ ကျော်လွန်လာသောကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ပူတာအို-ဆွမ်ပရာဘွမ်-မြစ်ကြီးနားလမ်း တံတားတစ်စင်း ပျက်စီး

**ပူတာအို ဇူလိုင် ၁၃**

ပူတာအိုခရိုင်အတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီး ရေလျှံမှုဖြစ်ပေါ်ခဲ့ကာ အင်ဂေါမကျေးရွာအနီး တံတားတစ်စင်းပျက်စီးမှုကြောင့် ပူတာအို-ဆွမ်ပရာဘွမ်- မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီး ခရီးသွားလာမှု ယာယီပြတ်တောက်လျက်ရှိသည်။

ဇူလိုင် ၁၂ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပူတာအို-ဆွမ်ပရာဘွမ်- မြစ်ကြီးနားပြည်ထောင်စုလမ်းမကြီး ကီလိုမီတာ ၂၉၆/၀ နှင့် ၃၀၀/၀ ကြားလမ်းမြေသားပဲ့ကျခြင်း၊ ကီလိုမီတာ ၂၈၉/၀ နှင့် ၂၉၄/၀ အကြားနှင့် ကီလိုမီတာ ၃၂၁/၀ နှင့် ၃၂၇/၀ ကြားတွင် တောင်မြေပြိုခြင်း၊ အင်ဂေါမကျေးရွာအုပ်စု ကီလိုမီတာ ၁၄၉/၀ အနီးရှိ တံတားအမှတ် ၄/၁၄၉ မှာ ရေကျော်ပျက်စီးကာ ခရီးသွားလာမှု ယာယီပြတ်တောက်ခဲ့သည်။

**ဆန်းညွန့်(ပူတာအို)**

ဘုရား၊ ရဟန်း၊ ဆွမ်းချက်ဆောင်၊ ဆွမ်းစားကျောင်း ဒါယကာကြီး

**ဦးသိန်းဇံ (ငြိမ်း) (B.A, B.L, DMA)**

မြိတ်မြို့နယ်အသင်း၊ ရန်ကုန် (နာယက)

သဃ်န်းကျွန်း(အရှေ့ခြမ်း)၊ မလွန်ဆန်အလှူအသင်းထောက် (နာယက)

**အသက် (၉၂) နှစ်**

ဒုအထွေထွေမန်နေဂျာ (ငြိမ်း)၊ စား/ဖျော် ကုန်သွယ်ရေး

MEIC (ငြိမ်း)၊ အကောက်ခွန်(ငြိမ်း)၊ ဇက်စပ်(၂)၊ ငြိမ်း

အထက(၁)၊ မြိတ်-ငြိမ်း

မြိတ်မြို့ ကံဖျားရပ်နေ (ဦးဘိုးသင်-ဒေါ်တင်ကြည်)တို့၏သား၊ (ဦးရိန်ဝါ-ဒေါ်ငွေဇင်)တို့၏ သားသမက်၊ ဦးကြီးရွှေ-(ဒေါ်ခင်စော)တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့ (၂၃)ရပ်ကွက်၊ ခရေမြိုင်လမ်းသွယ်၊ အမှတ်(၁၉/၁)နေ (ဒေါ်မြစိန်)၏ခင်ပွန်း၊ ဦးတင်ဝင်း (Powell Service Co.,Ltd)၊ ဒေါ်သိန်းသိန်းဦး (Powell ပညာရေးဘော်ဒါ)၊ ဒေါ်အေးအေးမာ(ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်-ငြိမ်း)၊ ဒေါ်ဝင်းဝင်းမာ (မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်-ငြိမ်း)၊ ဒေါ်လွင်လွင်မာ (Powell Education)၊ ဦးမြင့်ဇော်-ဒေါ်ကေသီခိုင် (Powell-Education)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါက်တာသင်းယုအောင် (Sr.Lecturer STI Myanmar University, Ex UTAR-Malaysia ၊ Ex. ဆေး-၂)၊ မခိုင်မာအောင် (Asst.Manager-M.O.B)၊ မကြည်ဖြူခိုင် (အချိန်ပိုင်းနည်းပြ၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်)၊ မမိုးဖြူခင်မောင်(ညြည)(Grade-11 ၊အထက၊ သုဝဏ္ဏ)တို့၏ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၃-၇-၂၀၁၉ (စနေနေ့) နံနက် ၃း၃၀ နာရီတွင် AR-Yu International ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၁၉ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်သန်းသန်းမေ

## အသက် (၇၀)

## (မာန်အောင်မြို့)

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ဈေးတန်းရပ်နေ (ဦးဘထွန်း-ဒေါ်နှင်းမြ)တို့၏ သမီး၊ (ဦးထွန်းလှ-ဒေါ်မြရှင်)တို့၏ သမီးချွေးမ၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ် မြို့တော်၊ ခရေရိပ်သာလမ်း၊ အမှတ်(၁၄)နေ ဒုတိယဗိုလ်မှူးကြီးတင်အုန်း(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်ဟိန်း-ဒေါ်မြဒါယု(ချမ်းဟိန်းကုမ္ပဏီလီမိတက်)၊ ဒုတိယဗိုလ်မှူးကြီးတင်မောင်မောင်(ငြိမ်း)-ဒေါ်မြဒါလီ၊ ဦးကျော်ဇေယျ-ဒေါ်မြအိန္ဒြာ၊ ဒုတိယဗိုလ်မှူးကြီးဟိန်းထက်-ဒေါ်မြသန္တာတို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၃ ယောက်တို့၏အဘွား ဒေါ်သန်းသန်းမေသည် ၁၁-၇-၂၀၁၉ (ကြာသပတေးနေ့) ည ၁၀း၁၀ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွား ပါသဖြင့် ၁၃-၇-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၁၉ ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးတင်အောင်လှိုင် (ငြိမ်း)

ကြည်း-၁၂၄၁၉၊ OTS (44)

**အသက် (၇၇) နှစ်**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ တိုက်(၉)၊ အခန်း(၁၀၁/၁၀၂)နေ (ဦးသာလှိုင်-ဒေါ်သိန်းကြည်)တို့၏ သားကြီး၊ ဒေါ်မိမိမြတ်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မော်ဆင့်-ဒေါ်လှိုင်မီခိုင် (SAI TRAVEL)၊ ဒေါ်ဝေမီလှိုင်တို့၏ ဖခင်ကြီး၊ မချမ်းမြေ့ဝါဆို(YEAR 5-MIS)၏ ဘိုးဘိုးသည် ၁၃-၇-၂၀၁၉ (စနေနေ့)တွင် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန် သွားပါသဖြင့် ၁၅-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး၊ နတ်လမ်း ဒါယိကာမကြီး

**ဒေါ်ကျင်ဝှက်**

**အသက် (၁၀၂)နှစ်**

၁၀-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ဘဝတစ်ပါးသို့ ပြောင်းသွားသော မိခင်ကြီး ဒေါ်ကျင်ဝှက်၏နာရေးသို့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော ဆွေမျိုးမိတ်သင်္ဂဟများ နှင့် ရပ်ဝေးရပ်နီးမှ လိုက်ပါပို့ဆောင်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအား အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၉ (အင်္ဂါနေ့)တွင် ပဲခူးမြို့ ရုံးကြီး ရပ်ကွက်၊ ရွှေမော်ဓောဘုရားလမ်း၊ အမှတ်(၂၈၇)၊ သရဖီစာရေးကရိယာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်မင်း**

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ငြိမ်း)

**အသက် (၈၇) နှစ်**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးကျော်မင်း အသက် (၈၇)နှစ်သည် ၃၀-၆-၂၀၁၉ ရက်တွင် USA ၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းဟောင်းများအသင်း**

---

## အနိစ္စ

**အရာခံဗိုလ် ထွန်းကြည်(ငြိမ်း)**

ဇဟိုဆေးတပ်

**အသက် (၇၉) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊ ရွှေဖလားကျေးရွာနေ (ဦးအေးဘုံ-ဒေါ်နိုး)တို့၏သားကြီး၊ ဦးဟန်သိန်း၊ (ဒေါ်ခင်အေး)၊ ဦးလှမြိုင်-ဒေါ်ခင်စန်းတို့၏အစ်ကို၊ ဦးတင်ကျော်ကျော် (ဇီဝိတဒါနသံဃာ့ဆေးရုံ၊ အကြောအစစ်ဌာန)၊ ဦးလွင်သော်သော် (Uniteam Marine)-ဒေါ်ခိုင်ဝါဝါကျော်၊ ဦးသွင်မော်ထွန်း (Uniteam Marine)-ဒေါ်စိုးစိုးမွန်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်မင်းခန့်သွင်၊ မဆုပြည့်ရတီထွန်းတို့၏ အဘိုး၊ ဒေါ်လှကြည်၏ချစ်လှစွာသော ခင်ပွန်းသည် ၁၃-၇-၂၀၁၉ (စနေနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၁၉ (သောကြာနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၇)ရပ်ကွက်၊ ညောင်ရမ်းလမ်း၊ အမှတ်(၅၇၈) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

သင့်
သွေး ဖြင့်
အသက်ကယ်ပါ

---

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်သိန်းလှ**

**အသက် (၈၃) နှစ်**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်စိန်မှန်လမ်း၊ အမှတ်(၁၉/၂၁)၊ လေးလွှာနေ (ဦးဂေါင်းဇောက်ကေ-ဒေါ်နီမခိုင်)တို့၏သမီး၊ (ဦးစံသာလှ)၏ ချစ်လှစွာသောဇနီး၊ ကိုစောဝင်း၊ ကိုကျော်ခိုင်၊ ကိုကျော်ကျော်မင်း-မနီလာမြင့်တို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၁၂-၇-၂၀၁၉ (သောကြာနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်စန်း**

**အသက် (၇၁) နှစ်**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာလမ်းမကြီး၊ (၅၂) လမ်းထောင့်၊ အမှတ်(၉၇)၊ အခန်း(၆၀၁)၊ ခြောက်လွှာနေ (ဦးကျော်ခင်-ဒေါ်မြလင်း)တို့၏ သမီးကြီး၊ (ဦးကြည်လှိုင်)၏ဇနီး၊ ကိုထွန်းကျော်-မချိုချို (USA)၊ ကိုအေးစန်း-မအေးအေးခင်၊ ကိုဝင်းကျော်ထူး-မခင်ခင်အေးတို့၏ မိခင်ကြီး၊ Karen Lee၊ မောင်ဝဏ္ဏထူး၊ မောင်သူရအေးဆန်းတို့၏အဘွား ဒေါ်ခင်စန်းသည် ၁၂-၇-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

**ဒေါ်မြင့်သောင်း**

**အသက် (၆၇) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရိုးခွကျေးရွာနေ (ဦးလှမောင်-ဒေါ်တင်ကြည်)တို့၏သမီးကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်နေ (ဦးမြဒင်-ဒေါ်စိန်ရင်)တို့၏သမီးချွေးမ၊ လှိုင်မြို့နယ်နေ ဦးအောင်မြင့်-ဒေါ်ခင်စိန်၊ အင်းစိန်မြို့နယ်နေ (ဦးသိန်းထွန်း-ဒေါ်ခင်အေး)တို့၏တူမ၊ အင်းစိန်မြို့နယ်နေ (ဒေါ်ခင်သောင်း)၊ လှိုင်မြို့နယ်နေ ဦးမောင်မောင်ထွေး-(ဒေါ်မြင့်မြင့်ငွေ)၊ အင်းစိန်မြို့နယ်နေ ဦးမြင့်ဝင်း-ဒေါ်မြင့်မြင့်အေး၊ (ဦးမျိုးမြင့်)၊ ဦးကြီးရွှေ-ဒေါ်ယဉ်ယဉ်လှ၊ (ဦးမင်းလွင်)၊ ဦးခင်ဇော်ထွေး-ဒေါ်ရွှေစင်ဝင်းတို့၏အစ်မကြီး၊ တူ/တူမ ခြောက်ယောက်တို့၏အဒေါ်၊ မဆုဆုလှိုင်ငွေး၏ မွေးသမိခင်၊ ဦးတင်ရီ၏ချစ်လှစွာသောဇနီးသည် ၁၂-၇-၂၀၁၉ (သောကြာနေ့) နံနက် ၁၁း၅၅ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၊ အမှတ်-၅၆(က+ခ)၊ သခင်မြလမ်း၊ (၁၃)ရပ်ကွက်၊ ဆုလှိုင်ငွေးစတိုး နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

**သိက္ခာတော်ရ Rev.Dr. ဦးဇင်လှ**

**(National Director of Every Home for Christ)**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၊ FMI City အိမ်ရာ၊ သဇင်(၄)လမ်း၊ အမှတ်(D-၂၇)နေ (Rev.ဦးအောင်လှ - ဆရာမဒေါ်ခင်မြမူ)တို့၏ သားကြီး၊ ဆရာမကြီး Rev.ဒေါ်ခင်လှလှ-Rev.ဦးခင်မောင်ရင်၊ Rev.ဦးမြင့်လှ-ဒေါ်နန့်ဒီးနာလှ၊ ဒေါ်ချယ်ရီလှရှိန်-ဦးထွန်းထွန်းရှိန်၊ ဦးဘုန်းလှ-ဒေါ်နော်ဆဲဆဲဖော တို့၏ အစ်ကိုကြီး၊ ဆရာမဒေါ်ခင်မာဝင်း၏ ခင်ပွန်း၊ ဆရာဦးကြည်သာလှ၊ ဒေါ်ရူဘီ-ဦးဇော်ဆွတ်ဒူ၊ ဦးဖြူစင်အောင်လှ တို့၏ ဖခင်၊ မောင်နေသန့်လဖိုင် ၏ အဘိုးသည် ၁၀-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၀၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၅-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော် ခန်းမ၌ ဈာပနဝတ်ပြုဆုတောင်းပြီး ပို့ဆောင် မြေမြှုပ်သဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဗိုလ်မှူးဇော်ဝင်းလှိုင် (ငြိမ်း)**

စတသ (၄၁)

ထက်အောင်ကျော်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

**အသက် (၄၂) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြိုင်သာယာစစ်မှုထမ်းဟောင်းအိမ်ရာ၊ အမှတ်(၁)၊ တိုက်(၃၄)၊ အခန်း(၆)နေ ဦးဘိုးလှ-ဒေါ်ခင်သန်းတို့၏ သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်(၃၄)နေ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)-ဒေါ်ခင်သန်းလွင်တို့၏ သားသမက်၊ မငြိမ်းငြိမ်းသီတာ၊ ကိုမျိုးသန့်လွင်တို့၏ အစ်ကို၊ မထူးမြတ်အေး (Grade-V၊ အထက-၂၊ လသာ)၊ မအေးမြတ်ကြည် (Grade-II၊ အထက-၂၊ လသာ)တို့၏ ကျေးဇူးရှင်ဖခင်၊ ဒေါ်စန္ဒာအောင်မြင့်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးဇော်ဝင်းလှိုင် (ငြိမ်း)သည် ၁၃-၇-၂၀၁၉ (စနေနေ့) နံနက် ၃း၃၀ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၁၉ (သောကြာနေ့) နံနက်တွင် ဒလမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်(၃၄) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးဇော်ဝင်းလှိုင် (ငြိမ်း)

စတသ(၄၁)

**အသက် (၄၂) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်(၃၄)နေ ဒေါ်စန္ဒာအောင်မြင့်၏ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ဗိုလ်မှူးဇော်ဝင်းလှိုင် (ငြိမ်း)သည် ၁၃-၇-၂၀၁၉ ရက်နေ့ နံနက် ၃း၃၀ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၄၁)မှ သူငယ်ချင်းများ**

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်မေ**

**အသက် (၉၃) နှစ်**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ စကားဝါပင်လမ်း(အလယ်)၊ အမှတ် (၃၉)နေ (ဦးပွား-ဒေါ်ညီမ)တို့၏ သမီး၊ (ဦးမြမောင်)၏ဇနီး၊ ဒေါ်အေးမြင့်(တရားလွှတ်တော်ရှေ့နေ)၊ ဦးအေးကို-ဒေါ်မြင့်မြင့်ခင်၊ (ဦးသန်းဆွေ-ဒေါ်ရီရီမြင့်)၊ (ဦးဝင်းချို)၊ ဦးထွန်းထွန်းဦး-ဒေါ်ခင်မာသန်း၊ ဒေါက်တာဝင်းညီအောင်-ဒေါက်တာကေကေချိုလတ်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၂ ယောက်တို့၏ အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၂-၇-၂၀၁၉ (သောကြာနေ့) နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၉ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်အုန်းကြည် (ရေစကြို)**

**အသက် (၈၈) နှစ်**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ ရန်ကုန်တက္ကသိုလ်ဝင်း၊ စစ်ကိုင်းလမ်း၊ ခြံအမှတ် (၂)နေ (ဦးဘိုးနှစ်-ဒေါ်မိ)တို့၏သမီးချွေးမ၊ (ဦးဘိုးရွှေ-ဒေါ်အေးစိန်)တို့၏သမီး၊ ဦးကျော်ဇ(ဒုဝန်ကြီး-ငြိမ်း၊ သတ္တုတွင်းဝန်ကြီးဌာန)၏ ချစ်လှစွာသောဇနီး၊ ကပ္ပတိန်ဦးရဲဝင့်ကျော်-ဒေါ်သီရိမာ၊ ဒေါက်တာဒေါ်ဥမ္မာကျော်(ဒု-ပါချုပ်၊ ရန်ကုန်တက္ကသိုလ်)၊ ဦးမျိုးဝင့်ကျော်၊ ဦးဝင့်နိုင်ကျော်-ဒေါ်နှင်းမာလာထွေး၊ (ဦးဇော်နိုင်)-ဒေါ်ယုမာကျော်တို့၏ မွေးသမိခင်၊ မြေးငါးယောက်တို့၏အဘွား ဒေါ်ခင်အုန်းကြည်သည် ၁၃-၇-၂၀၁၉ (စနေနေ့) နံနက် ၉း၁၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကာယကံရှင်၏ ဆန္ဒအရ ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၇-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းကြွယ် (ထားဝယ်)

**အသက် (၇၉) နှစ်**

ရန်ကုန်မြို့နေ (ဦးသင်းနွယ်-ဒေါ်အံ့မေ)တို့၏ သမီး၊ ဦးညွန့်ရှိန်၏ဇနီး၊ ဦးကျော်မျိုးရှိန်၊ ဒေါ်ချိုချိုမြင့်တို့၏ မိခင်၊ မမြတ်သီရိကျော် (အထက-၁၊ ဒဂုံ)၊ မောင်ကျော်ဇော်ရှိန်(F.I.S.C)တို့၏အဘွားသည် ၁၃-၇-၂၀၁၉ (စနေနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေး သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၁၉ ရက် နံနက်တွင် တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ (၁၄၈)လမ်း၊ အမှတ်(၂၉) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးဝင်းမြိုင် (ခ) မိုက်ကယ်စိန်ရိုး**

စိန်ပေါလ်ကျောင်းသားဟောင်း

**အသက် (၆၉) နှစ်**

ရန်ကုန်မြို့နေ (ဦးစိန်ရိုး-ဒေါ်ခင်သန်းသန်း)တို့၏ သားထွေး၊ (ဦးသိန်းရွှေ-ဒေါ်ခင်မေကြူ)တို့၏ သားသမက်၊ ဒေါ်နီလာသိန်းရွှေ၏ ခင်ပွန်း၊ ဦးဆန်နီစိန်ရိုး-ဒေါက်တာမြပွင့်အေး၊ ဦးခင်မောင်ကြင်(ခ)ဦးဖြူ-ဒေါ်ပဂ္ဂီညွန့်တို့၏ ညီ/မောင်၊ ဦးအေးမင်း-ဒေါ်နန်းအိန္ဒြာဝင်း၊ ဒေါ်နန်းသုန္ဒြီဝင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်မြတ်သုထက်၏ဘိုးဘိုးကြီး ဦးဝင်းမြိုင်(ခ) မိုက်ကယ်စိန်ရိုးသည် ၁၃-၇-၂၀၁၉ ရက် နံနက် ၃ နာရီတွင် အမှတ်(၁၁၀)၊ ဝိဇ္ဇာလမ်း၊ ကိုးမိုင်၊ မရမ်းကုန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၇-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၇-၂၀၁၉ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

**ဒေါ်သန်းသန်းမြင့်**

ပန်းဘဲတန်း၊ သ/မ ဆေးခန်း

**အသက် (၆၈) နှစ်**

ထောက်ကြန့်မြို့ ကေရာဇ်ရပ်ကွက်၊ ပဲခူးလမ်း၊ အမှတ်(၁၄)နေ (ဦးငြိမ်းမောင်)-ဒေါ်တင်စောတို့၏ သမီးကြီး၊ ဦးစိန်လှိုင် (ပန်းဘဲတန်း၊ သ/မ မျက်မှန်)၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးဝေဖြိုးနိုင်(ငြိမ်း)-ဒေါ်မေသူထွန်း (UNOPS)၊ ဦးစည်သူအောင်-ဒေါ်သက်ဇွန်ဝင်း၊ ဒေါ်စုလဲ့မွန် (Than Lwin Private School)တို့၏ ချစ်လှစွာသောမိခင်၊ မယွန်းဝတီခင်၏ ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်သန်းသန်းမြင့်သည် ၁၂-၇-၂၀၁၉ (သောကြာနေ့) နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ထောက်ကြန့်မြို့ မြို့ရှောင်လမ်းသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၉ (ကြာသပတေးနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်းမေ (မာန်အောင်)

မာန်အောင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် နာယကကြီး ဦးတင်အုန်း(ဒုတိယဗိုလ်မှူးကြီး-ငြိမ်း)၏ဇနီး ဒေါ်သန်းသန်းမေသည် ၁၁-၇-၂၀၁၉ ရက် ည ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မာန်အောင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

## ကြေးမုံ ယနေ့ ဖတ်စရာ

**ကရင်ပြည်နယ်အတွင်းရှိ နေရပ်ပြန်တိုင်းရင်းသား ပြည်သူများနှင့် မိသားစုဝင်များအား ကြိုဆိုအားပေးခြင်းနှင့် ထောက်ပံ့ခြင်းများ ဆောင်ရွက်**
စာမျက်နှာ » ၇

**ဆိုမာလီတွင် ဟိုတယ်တစ်လုံးကို စစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် ၂၆ ဦး သေဆုံး၊ ၅၆ ဦး ဒဏ်ရာရ**
စာမျက်နှာ » ၁၂

**အာသံပြည်နယ်၌ ရေကြီးရေလျှံမှုများကြောင့် လူခြောက်ဦး သေဆုံး၊ ၉၀၀၀၀၀ ခန့် ရေဘေးသင့်**
စာမျက်နှာ » ၁၃

**ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ရော်ဂျာဖက်ဒဲရားနဲ့ ဂျိုကိုဗစ် တွေ့ဆုံနေ**
စာမျက်နှာ » ၁၈

# မြစ်ကြီးနားမြို့၌ ရေဘေးသင့်ပြည်သူ တစ်သောင်းကျော်အတွက် ကယ်ဆယ်ရေးစခန်း ၂၆ ခု ဖွင့်လှစ်ထား



မြစ်ကြီးနား ဇူလိုင် ၁၃

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေသည် ဇူလိုင် ၁၂ ရက်တွင် စိုးရိမ်ရေမှတ်ထိမြင့်တက်လာခဲ့သဖြင့် မြို့ပေါ်ရပ်ကွက်များအတွင်းရှိလူနေအိမ်များသို့ ရေများဝင်ရောက်ခဲ့သဖြင့် အိမ်ထောင်စုပေါင်း ၂၀၃၅ စု၊ လူဦးရေ တစ်သောင်းကျော် ရေဘေးသင့်ခဲ့ပြီး ယာယီကယ်ဆယ်ရေးစခန်းများတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍



မကွေးနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# ရခိုင်နှင့် ဧရာဝတီအသင်း နိုင်ပွဲဆက် မကွေးနှင့် ရတနာပုံအသင်း သရေကျ

**ရန်ကုန် ဇူလိုင် ၁၃**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) ပထမနေ့ကို ယနေ့ ညနေပိုင်းက ကွင်းသုံးကွင်း၌ ကျင်းပရာ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရတနာပုံအသင်းတို့ တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ရတနာပုံအသင်း နိုင်ပွဲထပ်မံပျောက်ဆုံးခဲ့သောပွဲဖြစ်ပြီး မကွေးအသင်းသည် သရေကျခဲ့သော်လည်း တန်းဆင်းဇုန်အန္တရာယ်မှလွတ်ရန် အဖိုးတန်သရေတစ်မှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ နှစ်သင်းစလုံး အမှတ်လိုနေသောကြောင့် တိုက်စစ်ဖွင့်ကစားသော်လည်း

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✱

# မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း စင်ကာပူလက်ရွေးစင်အသင်းကို ဂိုးပြတ်သွင်းယူ

**ရန်ကုန် ဇူလိုင် ၁၃**

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့် စင်ကာပူလက်ရွေးစင် အမျိုးသမီးအသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ ညနေပိုင်းက ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပရာ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းက စင်ကာပူလက်ရွေးစင် အမျိုးသမီးအသင်းကို ငါးဂိုး - ဂိုးမရှိဖြင့် အနိုင်ရသည်။

နည်းပြ ဒေါ်သက်သက်ဝင်း လက်ထက်တွင် ပုံစံကောင်းရနေသည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအောင်မြင်အပြီး လေ့ကျင့်မှုရပ်နားထားသောကြောင့် လေ့ကျင့်ချိန်အနည်းငယ်သာရသေးသော်လည်း ပုံစံကောင်းပြသကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ စင်ကာပူလက်ရွေးစင်အသင်းမှာမူ မြန်မာအသင်းကို အဘက်ဘက်မှ မယှဉ်နိုင်ဘဲ ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် စန်းသော်သော်၊ လင်းမြင့်မိုရ်၊ ဆွေမာအောင်၊ ပုံ့ပုံ့ပြည့်မောင်၊ ဇွန်ယုယဦး စသည့် ကစားသမားများဖြင့် ပွဲထွက်ခဲ့ပြီး နေမကောင်းသူများနှင့် ဒဏ်ရာရနေသူများရှိသောကြောင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ၁၆ မိနစ်တွင် ဂိုးစရခဲ့ပြီး မိုးမိုးသန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီး နောက်ပိုင်းတွင်လည်း

**စာမျက်နှာ ၁၁ ကော်လံ ၃ သို့** ◆




မြန်မာအသင်း တိုက်စစ်မှူး စန်းသော်သော် စင်ကာပူဘက်သို့ ထိုးဖောက်နေစဉ်။



Yangon (01) 522 723, 09 42 100 2051, 09 2500 100 10
Yangon (Grand Sirius ; Ahlone) 09-776699955,09-776633377
Yangon (Koe Sel Sa Co ; N/Dagon) 09-695090666,09-899925300
Yangon (Cherry MYKO ; S/Oakalapa) 09-441444491-93
Yangon (Green Gate ; N/Oakalapa) 09-780807799
A/S Center 01 522 724
Yangon (JPM & MMM ; Tarmwe) 09-958581111
Yangon (United Dimo ; Thin Gan Gyun) 09-420222821
Yangon (Myint Myat Maung ; Hlaing) 09-785145313, 09-42220552
Mandalay 09 2531 51970, 09 4539 55560
Mawlamying 057 24480, 09 970 164 721
Naypyidaw 067 26416, 09 797939 277
Monywa 09 7921 30 200, 09 2131 200
Magway 09 77777 1616, 09 77777 6161
Taunggyi 09 521 2514
All information and illustrations are based on data available at the time of publication and subject to change without notice.
www.facebook.com/hyundaimm
Hot line - 09 73 500 445

ဝတ္ထုတို

## ■ပန်းမြတ်သော် (ကမ်းလက်)



၁။

ဂျာနယ်ဖတ်ရင်းနဲ့ တွေ့လိုက်တဲ့ လက်ရှိ ရွှေပေါက်ဈေးကို ကြည့်ပြီး မိ တစ်ယောက် မျက်လုံးပြူးပြီး ရင်ဘတ်ကိုပါ ဖိမိလိုက်တယ်။

"ဘုရားရေ. . . ရွှေဈေးတွေကလည်း တက်လိုက်တာဟယ် ရွှေထည်တွေ အသစ် ပြန်လဲပါမယ်ဆိုမှ ဒီလောက် ရွှေဈေးတွေ တက်နေမှတော့ အလျော့တွက်ဖိုးနဲ့ မွဲတော့မှာပဲ"

"ဘာတွေကို မွဲမှာလဲ သမီးရဲ့"

မိ ကိုယ့်ဟာကိုယ် တစ်ယောက်တည်း ညည်းညူပြောနေတဲ့ စကားကိုကြားပြီး အမေက မေးလာတယ်။

"ဒီမှာလေ အမေရယ်၊ ရှေ့တစ်ပတ်ကျရင် သူငယ်ချင်းတွေ တွေ့ဆုံပွဲကို သွားမလို့၊ အဲဒါ သမီးရဲ့ရွှေထည်တွေက မင်္ဂလာဦးကတည်းက ပစ္စည်းတွေဆိုတော့ ခေတ်နောက်ကျနေပြီလေ။ ခေတ်ပေါ်ဒီဇိုင်းတွေနဲ့ ပြန်လဲမလို့ ကုန်ကျမယ့် အလျော့တွက်ဖိုးတွေကို အကြမ်းဖျင်း တွက်ကြည့်နေတာ၊ အမယ်လေး.... ထပ်ဖြည့်ရမယ့် ရွှေသားဖိုးက မပါသေးဘူး၊ အလျော့တွက်ဖိုးတင် ဆယ်သိန်းကျော်တယ် အမေရေ၊ အဲဒါတွေကို ထိုင်ညည်းနေတာ"

"ရွှေချိန်လည်း ထပ်တိုးမရဘဲနဲ့ အလျော့တွက်ဖိုးတင် အဲဒီလောက်တောင်၊ အမယ်လေး အဲဒါဆိုလည်း လဲမနေပါနဲ့တော့အေ၊ ဒီအတိုင်း ရှိတဲ့ဟာတွေပဲ ဝတ်သွားပေါ့"

မိ စကားကို ကြားတော့ အမေက မိ ထက်တောင် ပိုဆိုးနေသေးတယ်။ မိ တွက်ချက်ပြတာတွေကို သေချာကြည့်ပြီး သူက မျက်လုံးပိုပြူးပြနေတယ်။

"မလဲလို့လည်းမရဘူး အမေရေ၊ အခု တွေ့မယ့် သူငယ်ချင်းဆိုတာတွေက ထိတ်ထိတ်ကြဲတွေ၊ သူတို့ ဝတ်လာမယ့် လက်ဝတ်လက်စားကတင် တစ်ဆင်စာကို သိန်းထောင်ချီတန်လောက်ရှိတာ၊ မိ ရဲ့ သိန်းရာကျော်တန် လက်ဝတ်လက်စားတွေက သူတို့ကြားထဲ အရောင်ထွက်ရင်တောင် ကံကောင်း၊ ဟူး. . . . . "

သက်ပြင်းလေးချပြီး ခပ်ညည်းညည်း လေးပြောနေတဲ့ မိ ကိုကြည့်ပြီး အမေက မဲ့ပြတယ်။

"အမေ့သားမက်ရဲ့ပွဲစားအလုပ်ကလည်း ဒီရက်ပိုင်း ခွင်သိပ်မတည့်ပြန်ဘူး၊ တိုက်ခန်းဈေးတွေကျလို့ အဝယ်မလိုက်ဘူးဆိုလား၊ ဟင်း. . . တိုက်ခန်းအရောင်းအဝယ်လေးဖြစ်မှ မိ လိုချင်နေတဲ့ စိန်ထည်အသစ်လေး ထပ်လုပ်ဖြစ်မယ့်ဟာကို၊ အခုတော့ စိတ်ညစ်ပါတယ်"

၂။

"မေမေရေ သားသားကျောင်းက ပြန်လာပြီ၊ အဟွတ်. . . အဟွတ်. . . "

"ဟယ်. . .မေမေ့သားသား ကျောင်းသားကြီး ပြန်လာပြီလား၊ ဟင်. . . ပါးစပ်ထဲမှာလည်း ရဲလို့၊ ဘာတွေ စားလာတာလဲ၊ ချောင်းက လည်း တဟွတ် ဟွတ်နဲ့"

"မမအေးရဲ့ဆီးထုပ်စားလာတာ၊ အဟီ. .ဟီ. . . ဟွတ်. . အဟွတ်. . . " "ဟယ်. . . ဘာလို့ အဲဒီအပေါစားမုန့်တွေ စားလာရတာလဲ၊ အဲဒါတွေက ရောဂါရတတ်တယ်လို့ ပြောထားတဲ့ဟာ၊ အိမ်မှာ ကုန်တိုက်က ဝယ်ပေးထားတဲ့ ကွတ်ကီးတွေ၊ ချောကလက်တွေ စားပါလား သားရယ်. . . ဒုက္ခပါပဲ၊ ဟဲ့. . .မိအေး. . .မိအေး. . . " "ရှင်. . . အန်တီမိ"

"ရှင်ကို နောက်မှာထား၊ လူအရင်လာခဲ့"

အဲဒီမိအေးဟာလေ။ သူ့ကို ကလေးမူကြိုကျောင်းကို သွားကြိုဖို့ ဒရိုင်ဘာနဲ့ ထည့်ပေးလိုက်ပါတယ်။ သူက ကလေးကို ပေါက်ပန်းဈေး မုန့်တွေ ကျွေးလာရတယ်လို့။ ကောင်မ လာပါစေဦး။

မိ ပါးစပ်ကနေ ပွစိပွစိပြောရင်း သားကို ချောင်းဆိုးစာတွေကျွေးလာတဲ့ အိမ်အကူမလေးကို တော်တော်လေး ဒေါသထွက်နေမိတယ်။

"ဟဲ့. . .ကလေးကို ဘာလို့ ပေါက်ပန်းဈေးမုန့်တွေ ကျွေးလာရတာလဲ" "မိအေး မကျွေးဘူး အန်တီမိ၊ မောင်လေးက စားချင်တယ်ဆိုပြီး အတင်းယူစားတာ"

"ဟမ် နင်က ကလေးရှေ့မှာ စားပြနေမှတော့ ကလေးက ဘာမုန့်ညာမုန့်မသိ ယူစားတော့မှာပေါ့ဟဲ့၊ အခု ငါ့သားလေး ချောင်းဆိုးလာပြီ။ နောက်ကလေးရှေ့မှာ အဲဒီလို ပေါက်ပန်းဈေးဟာတွေ မစားပြနဲ့ သိလား. . . သွား. . . "

"ဟုတ်. . .ဟုတ်ကဲ့. . . " မိ ပါးစပ်က ပြောလည်းပြော၊ လက်ကလည်း မိအေးကို မှတ်လောက်သားလောက် ဖြစ်အောင် ဗိုက်ခေါက်လိမ်ဆွဲပေးလိုက်တယ်။

"အလကားဟာတွေ၊ သင်းတို့လုပ်တာနဲ့ ညနေကျရင် ကလေးကို ပန်းချီသင်တန်းဖျက်ပြီး အထူးကုဆေးခန်းပြေးရဦးမယ်၊ တောက်. . . ငါလည်း ညနေ ဆံပင်သွားပြင်ဖို့ ချိန်းထားပါတယ်ဆိုမှ ဖျက်ရတော့မှာပဲ. ..ဟွန်း.."

၃။

အိမ်ရဲ့ တစ်လုံးတည်းသော ပိုင်ဆိုင်မှုဖြစ်တဲ့ ပရိဘောဂပစ္စည်း ထင်းရှူးသေတ္တာလေးကို ဖွင့်ပြီး မြ မျက်လုံးကိုစုံမှိတ်၊ သက်ပြင်းမောကို ရှိုက်ချမိတယ်။ သေတ္တာထဲမှာရှိသမျှ အဝတ်အထည်တွေထဲမှာ တန်ဖိုးအကြီးဆုံးဆိုလို့ မြတို့ မင်္ဂလာဦးအထိမ်းအမှတ်အဖြစ် လက်ဖက်ရည်တိုက်တဲ့နေ့တုန်းက ဝတ်ခဲ့တဲ့ ပိုးထဘီလေး တစ်ထည်သာ ကျန်တော့တယ်။

ဒီထဘီလေးကို ဘယ်နှကြိမ်မြောက်မှန်း မမှတ်မိနိုင်တော့တဲ့ အကြိမ်အရေအတွက်မျိုးနဲ့ တစ်လမ်းကျော်မှာရှိတဲ့ အပေါင်ဆိုင်က ဒေါ်ဘုတ်ဆီ သွားပြန်ထားရဦးမှာပါလား။ ထဘီလေးကို မင်္ဂလာဦးနေ့တစ်ရက်ပဲ မြ ဖြစ်ဖြစ်မြောက်မြောက် ဝတ်ဖြစ်လိုက်တယ်။ မင်္ဂလာဦးပစ္စည်းလေးမို့ တစ်သက်တာ အမှတ်တရအနေနဲ့ သေချာလျှော်ဖွပ်၊ မီးပူထိုးပြီး၊ ပရုတ်လုံးတွေထည့်လို့ တရိုတသေ ထုပ်ပိုး သိမ်းဆည်းထားလာခဲ့တာ။ နှစ်ချီ အောင်လည်း မသိမ်းဖြစ်လိုက်ရပါဘူး။

နပ်မှန်အောင် ဖြည့်ပေးရမယ့် ဝမ်းစာတွေအတွက် အပေါင်ခံပစ္စည်းအနေနဲ့ ဒီထဘီလေးကို အပေါင်ဆိုင်ဆီ သွားပို့ထားလိုက်၊ အလုပ်အကိုင် အဆင်ပြေချိန် ငွေပိုငွေလျှံလေးစုဖြစ်ရင် သွားပြန်ရွေးလိုက်။ အိမ်မှာ သာရေး၊ နာရေး၊ မကျန်းမမာအရေးကိစ္စပေါ်လာရင် ဒေါ်ဘုတ်ဆီ ပြန်ပေါင်ထားလိုက်နဲ့။ သံသရာလည်နေတာ ဘယ်နှကြိမ်မြောက်မှန်းတောင် မသိတော့ဘူး။ နှစ်ကာလကြာညောင်းလို့ ပိုးထဘီလေး အရောင်ပြောင်းလာတာဟာ မြ ဝတ်လိုက်ရလို့ မဟုတ်ဘဲ အိမ်နဲ့အပေါင်ဆိုင် ကူးချည်၊ သန်းချည် လုပ်နေခဲ့ရလို့ပဲ။

ဒီတစ်ခါ အလုပ်အကိုင်ကောင်းရင် မြ အတွက်ရယ်၊ ယောက်ျားနဲ့ သားလေးအတွက်ရယ် ပွဲသွားပွဲလာဝတ်ဖို့ အဝတ်အစား ကောင်းကောင်းလေး တစ်စုံစီလောက် ဝယ်ထားမှလို့ ရည်ရွယ်စဉ်းစားလိုက်ခါမှ မြတို့ လုပ်တဲ့ အုတ်သယ်၊ မဆလာရွက်တဲ့ ပန်းရန်အလုပ်ကလည်း အခြေအနေမကောင်းဘူး။ တိုက်ခန်းဈေးတွေ ကျလို့တဲ့။ ကန်ထရိုက်တွေက အလုပ်တွေ ခဏဆိုင်းထားကြတယ်။

ဒီတိုက်ခန်းတွေ ဆောက်ဖြစ်မှ မြတို့မှာ အလုပ်လည်းရသလို ဝမ်းရေးလည်း အဆင်ပြေလာရမယ့်ဟာကို။

အခုတော့အလုပ်ကနားထားရတဲ့ကြားထဲ ယောက်ျားက နောက်ဆုံး ဝင်ခဲ့တဲ့ဆိုက်မှာ မဆလာပုံးနဲ့ လေးလွှာတက်ရင်း ခြေချော်ကျလို့ ခြေထောက် ကျောက်ပတ်တီးစည်းထားရသေးတယ်။ ကိုယ်တွေချည်းပဲဆို နပ်မှန်အောင် မစားရလည်း အကြောင်းမဟုတ်ပါဘူး။ သားလေးရှိတော့ သူ့ရဲ့ဝမ်းရေးအတွက်က ပူရတယ်။ ပန်းရန်အလုပ်မရှိတုန်းလေး ရပ်ကွက်ထဲမှာ အဝတ်လျှော်၊ မီးပူတိုက်တဲ့ အလုပ်မျိုး မြလည်း မရှိရှိတာလိုက်ရှာလုပ်တာပဲ။

ဟူး..... . .. . မြ အတွေးမောတွေနဲ့အတူ သက်ပြင်း မောပါထပ်ချမိတယ်။

"အင်း. . . ဟင်း. . . ဟင်း. . . အဟွတ်. . .ဟွတ်. . .ဟွတ်. . . . " သားရဲ့ ညည်းသံနဲ့ ချောင်းဆိုးသံက အတွေးမောထဲ မျောနေတဲ့ မြကို သတိပြန် ကပ်စေတယ်။ ဟုတ်သားပဲ။ သားလေးအတွက် စပ်ဆေးလည်းဝယ် ရဦးမယ်။ သားလေးလည်း နေမကောင်းဖြစ်နေတာ ငါးရက်ရှိပြီ။ ပြီးခဲ့တဲ့ ရက်တွေက သူများတွေ ချောကလက်မုန့်စားတာကြည့်ပြီး မအေကို ပူဆာနေတာနဲ့ အဝတ်လျှော်တဲ့ အိမ်က ပေးလိုက်တဲ့ သကြားလုံးတွေ ကျွေးလိုက်မိတာ။ မအေ အဝတ်လျှော်တဲ့နောက် နေပူကြီးထဲ တကောက်ကောက် လျှောက်လိုက်၊ သကြားလုံးတွေစားနဲ့ ဆိုတော့ ချွဲပူတွေထပြီး ဖျားသလားမသိဘူး။ ကိုယ်ပူကလည်းမကျ၊ ချောင်းကလည်း တအားဆိုးနဲ့။ ညကလည်း တရှုံ. . . ရှုံနဲ့ ရင်တွေကျပ်လို့ သားခမျာ တစ်ညလုံး ကောင်းကောင်းမအိပ်ရဘူး။

အင်း. . . ထိုင်ပြီး တွေးနေ၊ ပူနေလို့တော့ ဘာမှ ထူးလာမှာ မဟုတ်ပါဘူးလေ။ အပေါင်ဆိုင် မြန်မြန်ပြေးပြီး သားအတွက် စပ်ဆေးလေး ဝင်ဝယ်ဦးမှပါ။ ညနေစာအတွက် ဆန်ဝယ်၊ ဈေးဝယ်လည်း လုပ်ရဦးမယ်။

မြ အတွေးတွေထဲမှာ တွေးရင်းနဲ့ညည်းတွားနေမိတာတွေကို အဆုံးသတ်ပြီး ထဘီလေးကို သတင်းစာရွက်နဲ့ ထုပ်လိုက်တယ်။

"ယောက်ျားရေ. . . မြ ဒေါ်ဘုတ်ဆီ ပြေးလိုက်ဦးမယ်။ ညနေစာအတွက်ပါ ဈေးဝင်ဝယ်ခဲ့မယ်။ သားလေးအနားမှာ ရေဇလုံနဲ့ ရေပတ်ဝတ်ချထားခဲ့တယ်၊ ယောက်ျား ရေပတ်ဝတ်လေးလဲ လဲပေးထားနော်"

"အေး. . . အေး. . . သွား. . . သွား. . . "

မြ အပြောကြောင့် ယောက်ျားက ရေထမ်းပုံး ဖင်ပေါက်ကို ဖာနေရာကနေ ကျောက်ပတ်တီးစည်းထားတဲ့ ခြေထောက်ကို တရွတ်ဆွဲပြီး သားအနားလာထိုင်တယ်။ ကိုယ်ခွဲမရှိလို့သာ သူ့ခိုင်းခဲ့ရတာ။ သူ့မှာလည်း သူ့ဒုက္ခနဲ့သူ။ ဟင်း. . . ။ မြ သက်ပြင်းကိုသာ ထပ်ချရင်း ထဘီထုပ်ယူပြီး အိမ်ထဲကနေ ထွက်လာလိုက်တော့တယ်။

၄။

"ညည်း ဟာကလဲ ဒါချည်းပဲကို ထပ်နေတာပဲ၊ ပစ္စည်းလေး၊ ဘာလေး ပြောင်းပေါင်ပါဦးအေ့" "လေးထောင့်ငါးရာတော့ ရမယ်၊ ကြိုက်လည်းပေါင်၊ မကြိုက်လည်း ပြန်သာယူသွားတော့အေ"

"အင်းလေ ဒီလောက်ပဲရမယ်ဆိုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ ပေါင်ခဲ့ပါ့မယ် ဒေါ်ဘုတ်" ဒေါ်ဘုတ်က ထဘီကို ဖြန့်ကြည့်လိုက်၊ ခါချလိုက်လုပ်နေပြီး မကြည်ဖြူချင်သလို အနေအထားနဲ့ ပြန်ပစ်တင်ပေးနေတာမို့ မြလည်း ပုံမှန်ရနေကျထက် ငါးရာလျော့ယူခဲ့ရတော့တယ်။

ပုံမှန်လို ငါးထောင်သာရမယ်ဆိုရင် ဆေးဖိုးနဲ့ဈေးဖိုး သုံးရက်စာလောက်ရပြီဆိုပြီး မှန်းထားတာ။ ဒီပုံဆို သဘက်ခါကျရင် ဆန်ဖိုးသာကျန်ပြီး ဟင်းဖိုးက ပူရဦးမယ်။ ပန်းရံအလုပ်လေးပြန်မရခင်စပ်ကြား အဝတ်လျှော်၊ မီးပူတိုက်အလုပ်လေး တစ်အိမ်အိမ်ကတော့ ရတန်ကောင်းပါရဲ့။ မြ လက်ထဲမှာ အပေါင်ဆိုင်ကရလာတဲ့ ပိုက်ဆံလေးထောင့်ငါးရာကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး နောက်ရက်တွေအတွက် ကြိုတွေးပူနေမိရင်း ဆေးဝယ်ဖို့ ရပ်ကွက်ထိပ်ကို ထွက်လာလိုက်တယ်။

၅။

"ဟေး. . . မိ ကလေးဆေးခန်းလာပြတာလား" "ဩော် . . .ကေသီ၊ အေး ဟုတ်တယ်ဟယ်၊ သားက ချောင်းလေးနည်းနည်းဆိုးနေတာနဲ့လေ၊ သူ့ရဲ့ ပြနေကျ ဒေါက်တာဆီ လာပြတာ"

"ကိုယ့်သမီးလည်း နှာရည်လေးတွေ ကျနေလို့လေ၊ ဒီက ဒေါက်တာက သမီးရဲ့ လက်စွဲဆိုတော့ ဝေးလည်း ဒီပဲ လာပြရတာ"

"ဩော် . . ဟုတ်လား၊ အေး. . . အေး. . .ဝင်လိုက်ဦးမယ် ကေသီရေ၊ ကြိုချိန်းထားတဲ့ ဘိုကင်နံပါတ်က ဒီအချိန်မို့လို့လေ"

"အေး. . .အေး. . . သူငယ်ချင်း၊ တို့လည်း မစောင့်ချင်လို့ ဘိုကင်ကြိုယူထားတယ်၊ ရောက်တာနဲ့ တန်းဝင်ရုံပဲ"

အထူးကုဆေးခန်းရှေ့နားက ဖြတ်အလျှောက်မှာ ကြားရတဲ့အသံတွေကြောင့် မြ လှည့်ကြည့်မိတယ်။ ကိုယ်ပိုင်ကားအကောင်းစားတွေနားမှာ ရပ်နေတဲ့ အမျိုးသမီးနှစ်ယောက်၊ လက်ထဲမှာ ကလေးကိုယ်စီဆွဲလို့။ အမျိုးသမီးနှစ်ယောက်ရဲ့ ပြည့်စုံထည်ဝါမှုတွေက လျှောက်လှမ်းနေတဲ့ မြရဲ့ ခြေလှမ်းတွေကို သိမ်ငယ်စိတ်ဝင်သွားစေသလိုလို။ ကလေးလေးတွေက မြ သားလေးနဲ့ အရွယ်ချင်း မတိမ်းမယိမ်းလေးတွေ။

နှာလေးစေးရုံ၊ ချောင်းလေးဆိုးရုံလောက်နဲ့ အထူးကုဆရာဝန်ဆီ လာပြခွင့်ရကြတာ ကလေးလေးတွေ ကံကောင်းလိုက်တာ။ ဒီရာသီက ကလေးတွေ နေမကောင်းအဖြစ်များတဲ့ ရာသီလား မသိဘူး။ အထူးကုဆေးခန်းထဲမှာလည်း ကလေးလူနာတွေက အများကြီး။ ဒါပေမယ့် ကလေးလေးတွေအားလုံးက ပြေးလိုက်၊ ဆော့လိုက်နဲ့ လန်းလန်းဆန်းဆန်းလေးတွေပါပဲ။ အိမ်မှာ ကျန်ခဲ့တဲ့ မြ သားလေးကတော့ ကိုယ်တွေပူ၊ ရင်တွေကျပ်လွန်းလို့ မျက်လုံးတောင် မဖွင့်နိုင်ရှာဘူး။ မြ ငေးရင်းနဲ့ အတွေးလွန်လာလိုက်မိတာ။ စပ်ဆေးရောင်းတဲ့ ဆိုင်တောင်ကျော်သွားတော့မလို့။ ဆေးဆိုင်မှာလည်း လူတွေက များလိုက်တာ။

"ညီမရေ လေးနှစ်သားကလေး၊ ကိုယ်ပူတယ်၊ နှာစေး၊ ချောင်းဆိုးတယ်။ ဆေးသုံးခွက်စာ စပ်ပေးပါနော်၊ ရင်လည်း တအားကျပ်နေလို့ ရင်လူးဆေးလေးပါ တစ်ဘူးထည့်နော်"

"အစ်မ ရှေ့မှာ ငါးယောက်ရှိသေးတယ်၊ ခဏစောင့်နော်" "ဩော် အေး. . .ဟုတ်သား၊ အေးပါဟယ်..ငါ စိတ်တွေ အတွေးလွန်နေလို့ပါ"

နောက်မှလည်းရောက်သေး။ ကြားလည်းဖြတ်ချင်သေးဆိုတဲ့ အကြည့်တွေနဲ့ မြရှေ့က ကြိုရောက်နှင့်ပြီးသား ဆေးဝယ်သူတွေက လှည့်ကြည့်ကြတယ်။ ကိုယ့်အပူနဲ့ကိုယ်ဖြစ်နေတဲ့ မြမှာ ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်အားဘူး။ တော်ရာထောင့်မှာရပ်လို့ လက်ထဲမှာ ပိုတဲ့ ပိုက်ဆံတွေကို စိတ်တွက်နဲ့ တွက်ချက်နေပြီး မနက်ဖြန်ပေါင်းများစွာမှာ စားစရာမရှိ ဖြစ်သွားရမှာကိုပဲ တွေးပူနေမိတော့တယ်။

ဆောင်းပါး

# အာဇာနည်နေ့ တို့မမေ့

■ခင်ဝတီလမင်း

> **ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ အမြော်အမြင်ကြီးစွာ ရယူပေးခဲ့သော "လွတ်လပ်ရေး" နှင့် "တိုင်းရင်းသား စည်းလုံးညီညွတ်ရေး" ကို အစွန့်ရှည်ခိုင်မြဲစေရန်၊ စိတ်ဝမ်းမကွဲစေရန်၊ စစ်မက်မဖြစ်ပွားစေရန်၊ အစဉ်အမြဲ အတူယှဉ်တွဲပြီး အေးချမ်းသာယာစွာ နေထိုင်နိုင်ရန် ကြိုးစားသွားရမည်မှာ ကျွန်ုပ်တို့လူငယ်များ၏ တာဝန်တစ်ရပ်ပင်ဖြစ်**

မိုးများတဖြိုင်ဖြိုင် ရွာသွန်းနေသော ဇူလိုင်လတွင် ကြေကွဲဝမ်းနည်းစရာ၊ မမေ့နိုင်စရာ အဖြစ်အပျက်တစ်ခု မြန်မာ့သမိုင်းတွင် ဖြစ်ပွားခဲ့သည်။ ထိုနေ့က ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သော ဇူလိုင်လ ၁၉ ရက် "အာဇာနည်နေ့" ဖြစ်သည်။

ကျွန်ုပ်တို့ ယခုလိုအေးချမ်းပျော်ရွှင်စွာ၊ နွေးထွေးလုံခြုံစွာ၊ လွတ်လပ်ပွင့်လင်းစွာ "ကမ္ဘာတွင်မြန်မာဟေ့" ဟု ခေါင်းဖော်ဝင့်ကြွားစွာ နေနိုင်ခြင်းမှာ လွတ်လပ်ရေးအရယူပေးခဲ့သော ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ကြီးများ၊ မျိုးချစ်သူရဲကောင်းများ၏ ကျေးဇူးကြောင့် ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေး၏ ဗိသုကာကြီး၊ တပ်မတော်၏ ဖခင်ကြီးဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းကို ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ အဖရှေ့နေဦးဖာ၊ အမိဒေါ်စုတို့က မွေးဖွားခဲ့သည်။ ဗိုလ်ချုပ်၏ ငယ်နာမည်မှာ မောင်ထိန်လင်းဖြစ်သည်။ ဗိုလ်ချုပ်၏ ဇနီးမှာ ဒေါ်ခင်ကြည်ဖြစ်သည်။ ယခုလက်ရှိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သည်။

ဗိုလ်ချုပ်သည် လူထုခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်၊ စစ်ရေးခေါင်းဆောင်ဖြစ်ရုံသာမက ရိုးသားဖြောင့်မတ်ခြင်း၊ ကိုယ်ကျင့်တရားခိုင်မာခြင်း၊ သတ္တိ ဇွဲတွေ နှင့် မလျော့သော ဖွဲ့လုံ့လရှိခြင်း၊ ပြဿနာများကို ဖြေရှင်းနိုင်စွမ်းရှိခြင်း၊ လူ့သဘာဝကို ကောင်းစွာနားလည်သဘောပေါက်ခြင်း၊ အထက်အမိန့်ကို နာခံတတ်ခြင်း၊ မကောင်းသော စိတ်ထားကင်းခြင်း၊ ရဲဘော်ရဲဘက်စိတ် အပြည့်ရှိခြင်း၊ လက်အောက်ငယ်သားတို့အပေါ် စံပြဖြစ်အောင် နေထိုင်ခြင်းစသော အရည်အချင်းကောင်းများစွာကို ပိုင်ဆိုင်သူဖြစ်သည်။ ဗိုလ်ချုပ်သည် ကျောင်းသားဘဝကပင် ကျောင်းသားများ၏ လေးစားယုံကြည်ခြင်းကို ခံခဲ့ရပါသည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ၊ မြန်မာတစ်ပြည်လုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ၊ အိုးဝေမဂ္ဂဇင်း အယ်ဒီတာလည်း ဖြစ်ခဲ့သည်။

အာဇာနည်ဟူသည် "အကြောင်းဟုတ်၊ မဟုတ်ကို ကောင်းစွာသိသူ၊ သာမန်ထက် လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ" ဟူ၍ အနက်အဓိပ္ပာယ်ရပါသည်။

ရှေးမြန်မာတို့သည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းနှင့် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ထည်စွာ နေထိုင်ခဲ့ကြရာမှ နယ်ချဲ့အင်္ဂလိပ်တို့၏ မတရားကျူးကျော်စစ် သုံးကြိမ်ပြု တိုက်ခိုက်မှုများကြောင့် စည်းလုံးညီညွတ်မှု ပြိုကွဲကာ ခရစ်နှစ် ၁၈၈၆ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ လွတ်လပ်ရေး ဆုံးရှုံးကာ သူများလက်အောက် ကျွန်သဘောက်ဘဝသို့ ရောက်ရှိခဲ့ရလေသည်။ သူ့ကျွန်ဘဝရောက်ပြီး နောက်ပိုင်း တစ်နိုင်ငံလုံး စီးပွားရေး၊ လူမှုရေး၊ ပညာရေး အဘက်ဘက်က ဖိနှိပ်ချုပ်ချယ်မှုများ ကြုံတွေ့ခဲ့ရပါသည်။ မခံမရပ်နိုင်သည့်အဆုံး ပြည်ထောင်စုတိုင်းရင်းသားအပေါင်းက ရောက်ရာဒေသတွင် ရရာလက်နက် စွဲကိုင်တော်လှန်ခဲ့ကြပါသော်လည်း အားမတန်၍ မာန်လျှော့ခဲ့ရပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးရရန် ရဲဘော်သုံးကျိပ်နှင့်အတူ ဂျပန်ပြည်သို့ ခက်ခဲဆင်းရဲစွာ သွားရောက်ပြီး စစ်ပညာကို သင်ကြားကာ ဗမာ့လွတ်လပ်ရေး တပ်မတော်(BIA)ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လက်မောင်းသွေးဖောက် သစ္စာရေသောက်ကာ စတင်ဖွဲ့စည်းခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်တို့ထံမှ ပြည်မတောင်တန်းမခွဲခြားဘဲ လွတ်လပ်ရေးကို တစ်ပေါင်းတစ်စည်းတည်း တောင်းဆိုကြရမည်ဟူသော ကတိကြောင့် ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့၌ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် တိုင်းရင်းသားအများစုပါဝင်သော "ပင်လုံစာချုပ်"ကို ချုပ်ဆိုခဲ့ကြသည်။ ထိုစာချုပ်သည် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုကို ပြနိုင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလန်သို့ သွားရောက်ကာ အင်္ဂလိပ် နန်းရင်းဝန်မစ္စတာအက်တလီနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။

"တစ်နှစ်အတွင်း လွတ်လပ်ရေးခြွင်းချက်မရှိ ချက်ချင်းပေး"ဟူသော ကြွေးကြော်သံများ တစ်ပြည်လုံးညံခဲ့ပါသည်။ ဗိုလ်ချုပ်သည် စားချိန်မမှန် အားချိန်မရှိ နေ့ရောညပါ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းအားထုတ်ရင်းပေးဆပ်ခဲ့သည်။

သို့သော် "လှေလှော်ရင်း တက်ကျိုး" ဆိုသကဲ့သို့ လွတ်လပ်ရေးရတော့မည့်ဆဲဆဲတွင် မြန်မာပြည်သူပြည်သားအားလုံး "ကြိမ်မီးအုံးသကဲ့သို့" ပူဆွေးသောက ရောက်ရှိခဲ့ရသည်။ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်မြို့ အတွင်းဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး) ၌ လွတ်လပ်ရေးအတွက် တိုင်ပင်ဆွေးနွေးနေကြသော ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ဦးဘဝင်း၊ ဦးရာဇတ်၊ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ မန်းဘခိုင်၊ ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့သည် နယ်ချဲ့လက်ပါးစေ ဂဠုန်ဦးစောနှင့် အပေါင်းအပါတို့၏ လုပ်ကြံမှုကြောင့် ကျဆုံးခဲ့ရသည်။

ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သော်လည်း ကျန်ရှိသော ခေါင်းဆောင်များက မရောက်သေးသော ပန်းတိုင်ကို ဆက်လက်ချီတက်ပြီး ဗိုလ်ချုပ်ချမှတ်ထားခဲ့သည့်အတိုင်း ဆက်လက်အကောင်အထည်ဖော်ခဲ့သဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးရရှိခဲ့ကြသည်။

တိုင်းပြည်လွတ်လပ်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို ဂုဏ်ပြုသောအားဖြင့် ဇူလိုင် ၁၉ ရက်ကို အာဇာနည်နေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ နှစ်စဉ် အာဇာနည်နေ့ရောက်တိုင်း အာဇာနည်တို့၏ စိတ်ဓာတ်၊ ဂုဏ်ကျေးဇူးကို အစဉ်သတိရနေစေရန်အတွက် ရန်ကုန်-နတ်မောက်လမ်းရှိ ဗိုလ်ချုပ်ပြတိုက်၌ ဖွင့်လှစ်ပြသခဲ့သည်။ တစ်နိုင်ငံလုံးရှိ ရုံးများ၊ ကျောင်းများ၊ အဆောက်အအုံများတွင် နိုင်ငံတော်အလံကို တိုင်ဝက်လွှင့်ထူကြသည်။ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန်တွင် ဗိုလ်ချုပ်နှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုခြင်း၊ နိုင်ငံတော်အလံကို အလေးပြုခြင်း၊ လွမ်းသူ့ပန်းခွေချခြင်းတို့ကို ပြုလုပ်သည်။ အာဇာနည်များ၏ မိသားစုဝင်များ၊ မြန်မာနိုင်ငံရှိအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံတမန်များလည်း တက်ရောက်၍ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။ တစ်နိုင်ငံလုံးရှိ မြို့တိုင်း၊ နယ်တိုင်း၊ ကျောင်းတိုင်းတွင်လည်း အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲများ၊ ပြပွဲများ ပြုလုပ်လေ့ရှိကြသည်။ ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဓာတ်ပုံ၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲများလည်း ကျင်းပကြသည်။ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ ဆွမ်းကပ်ခြင်း၊ ရေစက်ချအမျှဝေခြင်းများလည်း ပြုလုပ်ကြသည်။ ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သော နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဥသြဆွဲကာ အသွားအလာ တစ်မိနစ်ခန့်ရပ်တန့်ပြီး ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြပါသည်။ ယခုနှစ်ကျင်းပမည့် (၇၂) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသည် ယခင်နှစ်များနှင့်မတူ ဗိုလ်ချုပ်အောင်ဆန်း၊ အာဇာနည်ခေါင်းဆောင်ကြီးများနှင့် သက်ဆိုင်သည့် ပုံရိပ်များကို စုံစုံလင်လင် ပြည့်ပြည့်စုံစုံ ခမ်းခမ်းနားနား ပြင်ဆင်လျက်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်းက ပင်လုံညစာစားပွဲတွင် "တစ်တိုင်းပြည်လုံးကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲ အပြားပြားလုပ်နေကြရင် အကျိုးရှိနိုင်မှာ မဟုတ်ဘူး။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ် " ဟု ပြောကြားခဲ့သည်။

တက္ကသိုလ်ညိုညိုသန့်၏ အာဇာနည်နေ့အကြောင်း ဖွဲ့ဆိုထားသော ကဗျာတွင် ကျွန်ုပ်နှစ်သက်မိသော စာပိုဒ်တစ်ပိုဒ်ရှိပါသည်။ ထိုစာပိုဒ်မှာ

"ယနေ့ထက်တိုင် မမေ့နိုင်သည့်
ဇူလိုင်ဆယ့်ကိုး အဖြစ်မျိုးကို
အမျိုးသားရေးသတ္တိသွေးဖြင့်
စုပေါင်းညီညာ တားဆီးပါအံ့
စဉ်လာကောင်းရန် အဓိဋ္ဌာန်သည်
မြန်ပြည်ငြိမ်းချမ်း လန်းစေသတည်း" ဟူ၍ ဖြစ်ပါသည်။

ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ အမြော်အမြင်ကြီးစွာ ရယူပေးခဲ့သော "လွတ်လပ်ရေး" နှင့် "တိုင်းရင်းသား စည်းလုံးညီညွတ်ရေး" ကို အစွန့်ရှည်ခိုင်မြဲစေရန်၊ စိတ်ဝမ်းမကွဲစေရန်၊ စစ်မက်မဖြစ်ပွားစေရန်၊ အစဉ်အမြဲ အတူယှဉ်တွဲပြီး အေးချမ်းသာယာစွာ နေထိုင်နိုင်ရန် ကြိုးစားသွားရမည်မှာ ကျွန်ုပ်တို့လူငယ်များ၏ တာဝန်တစ်ရပ်ပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် တစ်နှစ်တစ်ခါ သတိရသည့် အာဇာနည်စိတ်မျိုးမဟုတ်ဘဲ အစဉ်အမြဲသတိရနေသည့် တစ်နေ့မှ မမေ့နိုင်သည့် အာဇာနည်စိတ်ဓာတ်များ တိုးပွားရှင်သန်လာမည်ဖြစ်သည်။ မည်သည့်အခါမှ မမေ့အပ်သော အာဇာနည်နေ့ပင် ဖြစ်ပါသည်။

---

■ခင်လပြည့်ဝန်း

# အလေးပြုပါတယ်

မိုးကလည်းရွာ ရွာနိုင်လွန်း
အို.. မိုးကိုလည်း အပြစ်တင်နေလို့ ဘယ်ဖြစ်ပါ့မလဲ။

မိုးရာသီပဲ မိုးရွာမှာပေါ့ နိယာမတရားကို ဆန့်ကျင်ရင် သဘာဝတရားကို ပိတ်ပင်သလို ဖြစ်သွားမှာလေ။

အမှန်မှာ မိုးရွာတာ အပြစ်တစ်ခုမဟုတ်ပါ။ မိုးရွာလို့ လွမ်းဆွေးနေတဲ့ စိတ်ကိုက ဓာတ်ခံအားနည်းလို့ပိုလွမ်းနေတာ၊

တကယ်ဆို..ခုလို မိုးတစိမ့်စိမ့်ရွာနေတာကိုက လွမ်းနေပြီလေ။ ဝါဆိုမိုးနဲ့အပြိုင် ဒီသီချင်းလေးက လွမ်းချင်စိတ်ကို ပိုပြီးတိုးလို့လာတယ်။

နှစ်၊ လ၊ နာရီ ခါရာသီရွေ့ပေမယ့်
အာဇာနည်နေ့ကိုဖြင့် မမေ့သင့်ပါသလေ...

ကြားရပြီ၊ ကြားရပြီ၊ နှစ်စဉ်နှစ်တိုင်း အာဇာနည်နေ့နီးတိုင်း ဒီသီချင်းကို ထာဝရမရိုးနိုင်တဲ့ ဆွေးခြင်းနဲ့နားထဲကို အလွမ်းသင့်အောင် ဝင်လာတတ်တာကြောင့် မျက်ရည်က အလိုလို စို့တက်လာတော့တယ်။ အဲဒီခံစားချက်က တစ်နှစ်လုံး ဒီလောက်ဝမ်းနည်းပြီး ဆွေးတေးတေးမဖြစ်၊ ဒီလ၊ ဒီရက်ပိုင်း အာဇာနည်နေ့ နီးလာတာနဲ့အမျှ ဒီသီချင်းကြားနေရပြီ။

နှစ်၊ လ၊ နာရီ ခါရာသီရွေ့ပေမယ့်
အာဇာနည်နေ့ကိုဖြင့် မမေ့သင့်ပါသလေ...
ယနေ့ဖြင့် သတိတရားထားဖို့အခြေ...

အများပြည်သူတွေ ... အများပြည်သူတွေ ... အာဇာနည်နေ့ကိုလေ ...တွေးရှုကာပဲ ... အလေးပြုပါတယ်လေ ...

ဆွေးဆွေးမြည့်မြည့် လွမ်းတသသနဲ့ ဆွဲဆွဲငင်ငင်ဆိုလိုက်တဲ့၊ ဆိုတတ်လွန်းတဲ့ အဆိုတော် ဒေါ်မေလှမြိုင်ရဲ့ အသံကလည်းကောင်း၊ အဆွေးဓာတ်ခံရှိတဲ့ ပြည်သူတွေကလည်း ဆို့နစ်ကြေကွဲရ၊ စဉ်းစားပြီး တွေးကြည့်မိတာတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းတိတိကျကျ ပြောရရင် လွန်ခဲ့တဲ့ ၇၂ နှစ် ဇူလိုင်လ ၁၉ ရက် မနက်ပိုင်း ၁၀ နာရီ ၃၇ မိနစ်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင် ကိုးဦးတို့ မသမာသူတွေရဲ့လက်ချက်ကြောင့် သေဆုံးကြတဲ့ သတင်းကြားလိုက်ရတော့ ဘယ်လောက်များကြေကွဲ ပူဆွေးယူကျုံးမရ ဖြစ်လိုက်မလဲ၊ တွေးမိလိုက်ရုံတင် ရင်ထဲ ကြေကွဲလာမိတယ်။

စနစ်အခြေပြောင်းခဲ့ပေမယ့်
အဖြစ်ဟောင်းများတော့ ဖြေသော် မပြေ
လွမ်း...မျက်ရည်မြေခပြီမို့
ဆွေးတသသ တွေးဆမရှင်ပေ

အမှန်တကယ်ပါပဲ နှစ်တွေလည်းပြောင်း စနစ်တွေလည်းပြောင်းပေမယ့် ဇူလိုင် ၁၉ ရက်ကိုတော့ မမေ့နိုင်တာ မြန်မာပြည်သူပြည်သားတွေရဲ့ အောက်မေ့တသသ လွမ်းတမြမြ ဖြစ်နေတာက ကမ္ဘာတည်သမျှပါ။ တွေးရင်းတွေးရင်း ဆွေးရင်းသာ ဖြစ်နေပါတော့တယ်။

ရွှေရင်ဆူကဲ ကြေကွဲဝမ်းနည်းကြပုံတွေ
ယနေ့ထက်တိုင် အခြေ
ဩော်... မမေ့ရက်နိုင်ပါပေ။

မျက်ဝန်းထဲမှာ ဗိုလ်ချုပ်တို့ရဲ့ ဈာပနအခမ်းအနားကို ဝမ်းနည်းစရာမြင်လာတယ်။ ဈာပနအခမ်းအနားနဲ့ ရုပ်အလောင်းသယ်ယူလာတဲ့ လမ်းတစ်လျှောက် ပြည်သူတွေ အံကြိတ်ပြီး 'တောက်' ခေါက်သူတွေခေါက်ပေါ့၊ လက်သီးဆုပ်ထားသူတွေလည်း အများကြီး ရင်ဘတ်ကိုထုပြီး ငိုသူငိုကြနဲ့ ကမ္ဘာကြီးပျက်နေသလိုပါပဲ။

အာဇာနည်ခေါင်းဆောင်ကြီးတွေ
အာဇာနည်ခေါင်းဆောင်ကြီးတွေ

အားကျအတုယူဖွယ်စံထားရတဲ့ တကယ့်ခေါင်းဆောင်ကြီးတွေပါ။ အာဇာနည်ခေါင်းဆောင်ကြီးတွေကို တွေးမြင်ပြီး တိုင်းပြည်အပေါ် သစ္စာရှိဖို့၊ တိုင်းပြည်ကို ချစ်မြတ်နိုးဖို့ အသိစိတ်တွေ နိုးကြားလာပါတယ်။

အာဇာနည်ခေါင်းဆောင်ကြီးတွေ
အာဇာနည်ခေါင်းဆောင်ကြီးတွေ
ကောင်းရာသုဂတိ ရောက်ရှိကြပြီလေ
တေးကဗျာအနုစာခွေ ရေးကာတေးပြု
အလေးပြုပါတယ်လေ...

မြင့်မြတ်တဲ့ ကျွန်မတို့ တိုင်းပြည်ရဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကောင်းရာသုဂတိရောက်ရှိကြဖို့လည်း ပြည်သူပြည်သားတွေက အမျှဝေတောင်းဆုပြုကြပါတယ်။

ဦးညွတ်အလေးပြုပါတယ်။ ဒီနေ့လူငယ်၊ ကလေးငယ်တို့ကိုလည်း တိုင်းပြည်အတွက် 'စံ' ထားထိုက်တဲ့၊ အာဇာနည်ခေါင်းဆောင်များရဲ့ အားကျဖွယ်ကောင်းတဲ့ အတ္ထုပ္ပတ္တိတွေ အကျယ်တဝင့် ပြောပြနေတယ်၊ ပြောပြရဦးမယ်...၊ ကျွန်မတို့ တိုင်းပြည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးတွေ ဘယ်လိုကြိုးပမ်းခဲ့တယ်၊ ကိုယ်ကျိုးစွန့် အနစ်နာခံပြီး အသက်သွေးတွေနဲ့ လွတ်လပ်ရေး၊ တိုင်းရင်းသားတွေ စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းခဲ့ရတယ်ဆိုတာ တိုင်းပြည်ရဲ့ မျိုးဆက်သစ်ကလေးငယ်တွေ လေ့လာသင့်တယ်လေ။

"တိုင်းပြည်တစ်ပြည် ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံ အမျိုးမျိုးတွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့ လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါ့ကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက်ဘဲ ရသမျှအခွင့်အရေးကိုရတုန်း မိမိရရ ယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာရောက်မယ်။ ကျုပ်တို့မြန်မာပြည် ထူထောင်နိုင်မယ်။"

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

ကျွန်မတို့ရဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကတော့ တိုင်းပြည်အတွက် တာဝန်ကျေခဲ့ပြီ။ ကျွန်မတို့ ပြည်သူပြည်သားတွေကလည်း ကြိုးစားပြီး တာဝန်ကျေပါ့မယ်။

# (၇၂)နှစ်မြောက် အာဇာနည်နေ့အတွက် မျိုးဆက်သစ်လူငယ်များ ရေးဖွဲ့သည့် ကဗျာများ

## ကိုးဦးဇာနည်မမေ့ပြီ

မြန်မာပြည်မှာ မော်ကွန်းတည်
ကိုးဦးအာဇာနည်၊
ရဲစွမ်းညီညီ စိတ်ဓာတ်ထား
သက်စွန့်ပေးဆပ်သွား။

နယ်ချဲ့လက်ပါးရန်းထွက်ရန်
ဖန်ဖန်အားထုတ်ကြံ၊
ဇွဲစိတ် ထန်ထန်လျှော့မပေး
သူ့ကျွန်လွတ်မြောက်ရေး။

မသမာတွေး လုပ်ကြံစည်
ဂဠုန်ဦးစောမည်၊
ငါတို့မြန်ပြည် သူရိန်မင်း
ကွယ်ပျောက်စောလေခြင်း။

ကျည်ဆန်ခွင်းလို့ စွန့်ခဲ့ရှာ
ကြွေလွင့်ရုပ်ခန္ဓာ၊
ပိုလ်အောင်ဆန်းပါ ဦးဘဝင်း
သေပွဲတူပြိုင်ခင်း။

ဇွဲစိတ်ပြင်းတဲ့ ဦးဘခိုင်
ရဲရဲသွေးနီအိုင်၊
တစ်ပွင့်သဲခိုင်ခြွေခဲ့ရ
ဇာနည်သခင်မြ။

ထပ်ဆင့်မှတ်ကြ သိစေလို
ဒီးဒုတ်ဦးဘချို၊
ရင်ဝယ်ကိန်းခို မမေ့အပ်
ဆရာ ဦးရာဇတ်။

ဇာတိသွေးမြတ် သတ္တိပြောင်
အတွင်းဝန် ဦးအုန်းမောင်၊
ပြည်ကျိုးရွက်ဆောင်
သွေးစက်သွန်း
မိုင်းပွန်စဝ်စံထွန်း။

ဇာနည်တောက်ရှိန်း ပေးဆပ်ဖော်
ကိုထွေး တို့ရဲဘော်၊
သမိုင်းချီသော် ကမ္ပည်းထိုး
ဇူလိုင်တစ်ဆယ့်ကိုး။

ဇာနည်အမျိုး မမေ့ပြီ
သည်းစိုင်မြဲခိုင်တည်၊
မခန်းမျက်ရည် ဖြိုင်ကာတိုး
ရှေ့ရင်စို့တဲ့မိုး။

အောင်လံမြေ နေရီမိုး

## အာဇာနည်နေ့ တို့မမေ့

တစ်ကိုးလေးခွန် ဇူလိုင်မှာ
ပန်းကိုးပွင့်ကြွေရှာ
စနေနေ့ခါ ဆယ့်ကိုးရက်
မိုးဖွဲဖွဲကျလျက်။

ကြမ္မာမွှေဖျက် ဆယ်နာရီ
မိုးကအုံ့မှိုင်းသည်
ပြည်ထောင်စုအရေး စုကာဝေး
ခေါင်းဆောင်များဆွေးနွေး။

မနေ့အမြန် သေနတ်သံ
ဒုန်းဒုန်းဒိုင်းဒိုင်းညံ
မိစ္ဆာခြွေရံ လူ့ငနွား
သူတို့လုပ်ကြံသွား။

ယမ်းငွေ့များလည်း လွင့်တက်လာ
မိုးထက်အာကာမှာ
ကိုးဦးဇာနည် ပြည်ချစ်သား
အသက်ဆုံးလို့သွား။

ခံစားခဲ့ရ ပြည်သူတွေ
မျက်ရည်မိုးသို့ဆွေ
ကြွေလွင့်ရှာပေ ကိုးပွင့်ပန်း
ဆယ့်ကိုးဇူလိုင်လွမ်း။

မျှော်ရည်မှန်းလို့ တမ်းတကာ
လွမ်းရ အခါခါ
အာဇာနည်နေ့ ဘယ်မမေ့
အစဉ်ဦးညွတ်ပေ့။

ကိုကျော်စွာ(ကျိုက်ပိ)

## အာဇာနည်များနေ့ တို့မမေ့

ဇူလိုင်ဆယ့်ကိုး ရောက်လို့လာ
လွမ်းမျက်ရည်တွေဖြာ။
ကိုးဦးဇာနည် ဆုံးရှုံးရ
နှမြောလွမ်းတသ။
သူ့ကျွန်ဘဝ လွတ်မြောက်အောင်
သွေးချင်းချစ်ညီနောင်။
ပိုလ်ချုပ်ခေါင်းဆောင် မြန်မာ့သွေး
ဖော်ဆောင်လွတ်လပ်ရေး။
ပန်းတိုင်မဝေး ရောက်တော့မည်
ကြွေလွင့်ခဲ့ရသည်။
နှစ်ပေါင်းရှည်ကြာ တို့မမေ့
အာဇာနည်များနေ့။

ဇင်မင်းကို(စိန်ပန်းမြေ)

## ဆယ့်ကိုးဇူလိုင်

ဆယ့်ကိုးဇူလိုင် မမေ့နိုင်
ကြေကွဲမျက်ရည်ဖြိုင်။
မခိုင်စိတ်ဝမ်း ကျွမ်းမြေမြေ
တို့...အာဇာနည်နေ့။

အစဉ်မမေ့ တမ်းတကာ
ဦးညွတ်အခါခါ။
မြန်မာပြည် လွတ်လပ်ရေး
သူတို့စွမ်းဆောင်ပေး။

အသက်သွေးချွေး အရင်းတည်
တွန်းလှန်ခဲ့ပါသည်။

အာဇာနည် ရဲဘော်များ
ဇွဲသတ္တိအပြည့်ထား။

တို့များအားလုံး လေးစားနေ
စံပြုထိုက်ပါပေ။

အများအကျိုးတွေ ထမ်းသယ်ပိုး
မြင့်မြတ်ဇာနည်မျိုး။

ထွန်းတောက်ကြယ်(ပခုက္ကူ )

## ဆယ့်ကိုးဇူလိုင်

ဆယ့်ကိုးဇူလိုင် မမေ့နိုင်
စနေမိုးကဖြိုင်၊
မိုးနှင့်အပြိုင် ကြွေကာကျ
မျက်ရည်မြေမှာခ။

ပိုလ်အောင်ဆန်းက ဦးဆောင်သော်
ဦးဘဝင်းလည်း ခေါ်၊
ရဲဘော်ထွေးနှင့် ဦးရာဇတ်
စွန့်လွှတ်စိတ်ထားမြတ်။

လွတ်လပ်ရေးတွက် ကြိုးပမ်းဆောင်
မျိုးချစ်ဦးအုန်းမောင်၊
ရှေ့ဆောင်ကြိုးပမ်း သခင်မြ
နယ်ချဲ့ဖြိုခွင်းကြ။

မန်းဘခိုင်နဲ့ဦးဘချို
တမ်းတမျက်ရည်စို၊
ရန်စွယ်ကို အတူတူတွန်း
စော်ဘွားစဝ်စံထွန်း။

မျက်ရည်သွန်းကာ အလေးပြုသည်
ကိုးဦးအာဇာနည်၊
မျိုးချစ်ဇာနည် ပြည့်သည်းပန်း
လေးမြတ်စိတ်မှာတမ်း။

ခက်ဆစ်ချို(ရန်ကုန်)

## ဆယ့်ကိုးဇူလိုင် မမေ့နိုင်

ဆယ့်ကိုးဇူလိုင် မမေ့နိုင်
လွမ်းရ ယခုတိုင်
မျက်ရည်မခိုင် ဖြိုင်ဖြိုင်ကျ
ဝမ်းနည်းလွန်းပေစွ။

ကျည်ပွင့်သံက မိုးယံဝေ့
ယမ်းခိုးယမ်းငွေ့ဝေ
ဖြိုဖျက်မွှေခဲ့ပေ စနေနေ့
ငါတို့ ဘယ်မမေ့။

အုံ့မှိုင်းပါပေ့ မိုးရိပ်ဆင်
မိုးစက်ဖွဲဖွဲနှင်
လမ်းမပေါ်တွင် ဟိုသည်ပြေး
ရင်တွင်းပူလောင်ဆွေး။

သွေးနီဖုံးလွှမ်း ခန်းမလယ်
လဲကျ အသွယ်သွယ်
လုပ်ကြံရက်တယ် မိစ္ဆာများ
ကိုးဦးဇာနည်အား။

ရက်ကိုလစား အချိန်ကြာ
ငါတို့ မမေ့ပါ
ဦးညွတ်ကာနေ မျက်ရည်ဖြိုး
ဇူလိုင်တစ်ဆယ့်ကိုး။

ဖြူဖြူစုလွင်(ပညာရေး)

## ဆယ့်ကိုးဇူလိုင် မမေ့နိုင်

ဆယ့်ကိုးဇူလိုင် မမေ့နိုင်
စွဲတည်ရင်မှာခိုင်
ပြည်လုံးညှိုးမှိုင် ပူသောက
ဝမ်းနည်းမျက်ရည်ကျ။

ကိုယ့်ကျိုးမငဲ့ ရွက်ဆောင်ညီ
ကိုးဦးကြယ်ပွင့် များဇာနည်
အသက်စတေးတည် ချစ်ခဲ့ကြ
သူတို့ကျေးဇူးအနန္တ။

မိစ္ဆာရန်က လွတ်ခဲ့ပြီ
ကိုယ့်မြေကိုယ့်ရေ ကိုယ့်ကြငှန်းတည်
သူတို့ခင်းသည် လမ်းကလေး
အေးအတူပူအမျှ လျှောက်ပါလေး။

ပြည်ထောင်သွေးချင်း ချစ်ခြင်းညီ
ဆုတောင်းမေတ္တာ ပို့ကိုယ်စီ
ကိုးဦးဇာနည် ဖခင်များ
လေးပြုဦးညွတ်ကြစို့လား။ ။

ဟိဏ်းဦးဆည် (တန့်ဆည်မြေ)

## အာဇာနည် ကိုးဦး

တိုင်းရင်းသားများ တို့ပြည်ထောင်
နယ်ချဲ့လက်က လွတ်မြောက်အောင်၊
သတ္တိဇွဲဆောင် အစဉ်ကြိုးပမ်း
အဘိုးပိုလ်ချုပ် ဦးအောင်ဆန်း။
အံ့မခန်းဘိ စွမ်းဆောင်ရည်
ဦးဘဝင်းလည်း ပါဝင်ပေ၊
မွန်မြတ်စိတ်နေ ဖော်ဆောင်ပြ
ငြိမ်းချမ်းလိုတဲ့ သခင်မြ။
သူ့ကျွန်ဘဝ လွတ်စေလို
အဘိုးဒီးဒုတ် ဦးဘချို၊
မြင့်မြတ်စိတ်ကို ကြံခိုင်လွန်း
ရှမ်းစော်ဘွားကြီး စဝ်စံထွန်း။
တိုင်ပြည်နစ်မွန်း လွတ်ရေးဆောင်
အတွင်းဝန်ကြီး ဦးအုန်းမောင်၊
လက်တွဲကြံဆောင် အထူးမှတ်
ပညာရေးဝန် ဦးရာဇတ်။
တည်ကြည်ဖြောင့်မတ် မန်းဘခိုင်
ကရင်သားကြီး ဇွဲမယိုင်၊
သစ္စာခိုင်ခိုင် အသက်ပေး
လေးစားမိရဲ့ ကိုထွေးလေး။
လွတ်လပ်ရေးရဲ့သမိုင်းမှာ
အသက်ပေးလို့ ကြိုးစားရှာ၊
ကိုယ်ကျိုးမပါ စွန့်လွှတ်သွား
ကိုးဦးဇာနည် သားကောင်းများ။ ။

ညီဟန်(ရွှေဆယ်သား)

## လွမ်းရပါသည် အာဇာနည်

ကြယ်ဖြူကိုးပွင့် ကြွေလွင့်ရှာ
အတွင်းဝန်ရုံးတော်မှာ။
မသမာသူ လူနည်းစု
ဆိုးသွမ်း လုပ်ကြံမှု။
လူထုပေါင်းရဲ့မျက်ဝန်းလွှာ
မျက်ရည်မိုး လျှံကာ။
နှစ်တွေကြာလည်း သတိရ
ယနေ့ထိတိုင် မမေ့ကြ။
လွမ်းသမျှကို မှန်းရည်ရော်
ဦးညွတ်ကာ ပူဇော်။
ဥသြသံဆော် မြည်သံပြင်း
ဝမ်းနည်းတို့ရင်တွင်း။
တစ်ဆယ့်ကိုးရက် လဇူလိုင်
သွေးစက် မိုးနှင့်ပြိုင်။
အလံတိုင်ဝက် လွှင့်ထူထား
လွမ်းဖွယ့်နေ့စွဲများ။

ကောင်းမြတ်သူ( မြန်မာစာ)

ဝတ္ထုတို

## ဆွေး(မြိတ်)



(၁)

'တကယ်လို့ မရိုးသားတဲ့သူ၊ အကျင့်စာရိတ္တမကောင်းတဲ့သူတစ်ယောက်ကို ကလေးတို့ရဲ့ ပတ်ဝန်းကျင်မှာတွေ့ရင် ဘယ်လိုလုပ်မလဲ။ သေချာစဉ်းစားပါ။ ဖြေပါလို့ ဆရာပြောတဲ့အခါ ဖြေချင်တဲ့သူက ထုံးစံအတိုင်း လက်ညှိုးထောင် မတ်တပ်ရပ်ပြီးဖြေပါ'

ဒုတိယတန်း စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်မှ ရိုးသားခြင်း၏ အကျိုးဟူသော သင်ခန်းစာ၏ နောက်ဆုံးစာသင်ချိန်၌ ဆရာလေး ဦးလုံ့လဦးက ဉာဏ်စမ်းမေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်။ အချိန်ပြည့်၍ ဖြေချိန်ရောက်သည့်အခါ ကလေးများက သူတို့၏ သဘောကို ဖြေကြသည်။ အဖြေအများစုက 'သူငယ်ချင်းမလုပ်ဘူး ဆရာ' ဟူ၍ ။ ဆရာလေးပြုံးလိုက်သည်။ လိုချင်သောအဖြေကို ရသွားပြီဖြစ်သဖြင့် သည်နေ့အတွက် သင်ယူမှုပေါက်မြောက်အောင်မြင်ပြီဟု တွေးကာ ပျော်သွားခြင်းဖြစ်၏။ ထိုသို့ပျော်နေခိုက်တွင် ကလေးမလေးတစ်ဦးက လက်ညှိုးထောင်ကာ မတ်တပ်ရပ်လာ၏။ ဆရာလေးသည် ပြောပါဟူသော သဘောနှင့် ခေါင်းကိုညိတ်ပြလိုက်သည်နှင့် ကလေးမလေးသည် သူ၏အဖြေကို စတင်လိုက်သည်။ အဖြေဆုံးသည်နှင့် ဆရာလေးသည် စက္ကန့်များစွာဆွံ့အသွား၏။ သူကိုယ်တိုင်ပင် ထိုသို့မတွေးမိသည်မို့ ပါးစပ်သည် အဟောင်းသား။

(၂)

'ဟေး မိပြန်ပြီကွ။ များနေပြီနော် ကျာဆရောင်း'

လုံ့လဦးနှင့် ခင်ပယင်းတို့ ချစ်သူနှစ်ဦး မြိတ်ကုန်တိုက်ထဲအဝင်နှင့် သန့်ငြိမ်းက ကုန်တိုက်မှအထွက် ဆိုင်ကယ်နှစ်စီးဆုံကြရာတွင် သန့်ငြိမ်းသည် သူငယ်ချင်းဖြစ်သူ လုံ့လဦးကို လှမ်းနောက်၍ ထွက်သွားလေ၏။ ချက်ချင်းဆိုသလိုပင် ခင်ပယင်းသည် လုံ့လဦး၏ ခါးသားကို ဆွဲလိမ်လိုက်သည်။ လုံ့လဦးမချိမဆံ့ပြုံးကာ ဆိုင်ကယ်ကိုအရှိန်လျှော့၍ ပါကင်ထိုးသည်။

'ကိုကို သူနဲ့မပေါင်းရဘူးလို့ ပယင်းပြောထားတယ်လေ' ခင်ပယင်းသည် ဆိုင်ကယ်ထက်က ဆင်းသည်နှင့် ဆတ်ခနဲဆို၏။

'သူက ကိုယ့်သူငယ်ချင်းလေ ချစ်'

လုံ့လဦးသည် သူ၏ခါးကို ပွတ်ရင်း အကြောင်းပြချက်ပေးသည့်အခါ ခင်ပယင်းသည် မျက်နှာကိုညိုချကာ ဆိုးပြန်သည်။

'ချစ်ကလည်းကွာ ကိုတို့ချစ်သူသက်တမ်း တစ်နှစ်ပြည့်တဲ့နေ့မှာ ဒီလိုစိတ်ကောက်နေရင် ဘယ်ကောင်းမလဲကွာ။ လာ အထဲဝင်ကြရအောင်။ကိုယ်ဆင်ခြင်ပါ့မယ်။ ချစ်အတွက် လက်ဆောင်လှလှ ပြင်ထားပြီးသား'

ခင်ပယင်း၏ မျက်နှာသည် ညိုဆဲ။ သန့်ငြိမ်းနှင့် အပေါင်းအသင်းမလုပ်ရန် လွန်ခဲ့သော သုံးလခန့်ကပင် လုံ့လဦးကို ခင်ပယင်း ချစ်မိန့်မြွက်ထားခဲ့သည်။ အကြောင်းမှာ သန့်ငြိမ်း၏ ယောက်ဖတော်သည် မူးယစ်ဆေးရောင်းဝယ်ဖောက်ကားမှုဖြင့် ထောင်နန်းသို့ ဝင်သွားရ၍ ဖြစ်သည်။ သန့်ငြိမ်းနှင့် ရွှေယောက်ဖတော်က အမြဲတပူးပူး တတွဲတွဲနေတတ်သည်ကို ခင်ပယင်းသိထားရသဖြင့် ချစ်သူအတွက် စိုးစိတ်ဝင်၍ ဖြစ်သည်။ တံငါနားနီး တံငါ မုဆိုးနားနီး မုဆိုးပေမို့ သန့်ငြိမ်းလည်း မူးယစ်အရိပ်နှင့် မကင်းနိုင်ဟု ခင်ပယင်း တွေးထား၏။ လာမည့်ဘေး ဝေးဝေးက ရှောင်ဟူသော ရှေးစကားကိုကြားယောင်ရင်း အနီးတွင် မျက်နှာငယ်နှင့် ရပ်နေသည့် ချစ်သူဆီသို့မျက်စောင်းမြားတစ်စင်း ခင်ပယင်း ပစ်ခွင်းလိုက်သည်။ ချစ်မြားမှန်သဖြင့် လုံ့လဦးသည် ရုတ်ခြည်းပြုံး၏။

'တစ်နှစ်ပြည့်မို့ လျှော့ပေးလိုက်မယ်။ နောက်တစ်ခါဆို အပြတ်ပဲ။ အဲဒီကောင်နဲ့နေ'

ခင်ပယင်းသည် နွဲ့ပြောပြောကာ ကုန်တိုက်ထဲသို့ အလျင်ဝင်လေသည်။ လုံ့လဦးသည် နောက်မှ အမြန်လိုက်ရသည်။ ချစ်သူသက်တမ်းတစ်နှစ်ပြည့်သည့် နေ့ကလေးသည် သူငယ်ချင်းတစ်ယောက်၏ အငွေ့ကြောင့် အနည်းငယ်ယိမ်းခဲ့သော်လည်း လုံ့လဦး ပျော်၏။ တစ်နှစ်ပြည့်လက်ဆောင်ကြောမှာ မျောနေသည့် ချစ်သူ၏အပြုံးသည် ပယင်းကျောက်ကို နေထိသည့်နှယ် လင်းခနဲ လက်ခနဲ။

(၃)

'ဟိုမှာ နင့်လူလာပြီ'

လုံ့လဦး၏ ဆိုင်ကယ်ထိုးရပ်လိုက်သည်နှင့် ခင်ပယင်း၏ သူငယ်ချင်းများက လှမ်းပြောလိုက်သည်။ထို့ကြောင့် ချစ်သူပေါင်းကူးဟု တက္ကသိုလ်ကျောင်းသားများခေါ်ကြသည့် မြိတ်တက္ကသိုလ်အတွင်းရှိ တံတားလေးပေါ်တွင် သူငယ်ချင်းများနှင့် အတူရပ်နေရာမှ ခင်ပယင်းထွက်လာလိုက်သည်။ ထို့နောက် လုံ့လဦး၏ ဆိုင်ကယ်နောက်သို့ ဆတ်ခနဲတက်လိုက်သည်။ ချစ်သူနှစ်ဦးကို ကျောပေါ်တင်ထားရသော ဆိုင်ကယ်ကလေးသည် တက္ကသိုလ်မြေထဲမှ အပြေးထွက်လေသည်။ ကျွဲကူး-ကျောက်ဖျာ တံတားကြီးဆီသို့။

လုံ့လဦးသည် ပညာရေးဝန်ထမ်း ကျောင်းဆရာ တစ်ယောက်ဖြစ်သည်မို့ မြိတ်မြို့ပေါ်တွင် အမြဲမရှိ။ တာဝန်ကျရွာတွင် နေ၍ တစ်လတစ်ကြိမ်ခန့်သာ မြို့သို့ပြန်လာတတ်သည်။ ယခုမူကား အဝေးသင်သင်တန်း အနီးကပ်ဆယ်ရက်တက်ရန် မြိတ်မြို့သို့ရောက်နေခြင်းဖြစ်သည်။ ထို့ကြောင့် ရတောင့်ရခဲ အချိန်ကလေးများအနက် ကျောင်းဆင်းချိန်ကလေးများကို ချိုးဖဲ့ကာ သွားချင်သည့်နေရာကလေးများ၊ စားချင်သည့်စားစရာလေးများကို ချစ်သူနှစ်ဦး အတူတူသွားကြစားကြရင်း ပျော်ရွှင်ဖွယ်ရာများကို ခြံခတ်မွေးမြူကြလေသည်။

တံတားဆီသို့ရောက်သော် ရေပြင်ကို ငေးရင်း ရှေ့ရေးကိုတိုင်ပင်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် စနောက်ကြရင်း လွတ်လွတ်လပ်လပ် ရယ်မောကြသည်။ လုံ့လဦးက အဝေးသင်စာမေးပွဲအတွက် စာမရသေးကြောင်း ပြောသည့်အခါ ခင်ပယင်းသည် 'ကျောင်းဆရာက စာမှမကျက်ဘဲ။ ဘယ်ရမလဲ။ ရှုံးရင်တော့ ထားခဲ့မှာပဲ' ဟု ကျီစယ်ကာ သဘောကျလျက် အားပါးတရ ရယ်မောလေသည်။ တံတားပေါ်မို့ လေတိုးသဖြင့် ခင်ပယင်း၏ ဆံနွယ်စအချို့သည် လေထဲ တဝဲဝဲ။ လုံ့လမောင်သည် ထိုဆံနွယ်စများကို တယုတယသိမ်းယူကာ ချစ်သူ၏နားနောက်သို့ ညှပ်ပေးလိုက်သည်။ ပြီးလျှင် မိုးပေါ်၌ လေအဟုန်ဖြင့် ရွေ့နေသော တိမ်စိုင်တစ်ခုကို လက်ညှိုးညွှန်ရင်း 'ဘယ်သူ အရင်သေသေ မီးခိုးဖြစ်ရင်တိမ်ဖွဲ့နေကြေး အမှီလိုက်လာပြီးမှ အတူရှာကြတာပေ့ါ' ဟု ဆရာဆန်းကျော်စွာဝင်း၏ ကဗျာတစ်ပုဒ်ကို ရွတ်ပြသည့်အခါ ခင်ပယင်းသည် တိမ်စိုင်ကိုငေးရင်း ပြုံးနေလေသည်။ နှစ်ယောက်စလုံးပင် စက္ကန့်အနည်းငယ်ကြာသည်အထိ ငေးနေကြသည်။

'ဒီမှာ ချစ်အတွက်'

လုံ့လဦးသည် လွယ်အိတ်ထဲမှ ပန်းသစ်တော်သီးတစ်လုံးကို ထုတ်၍ ခင်ပယင်းကို လှမ်းပေး၏။ သူ့အကြိုက်အသီးပေမို့ ခင်ပယင်း၏ မျက်ဝန်းကလေးတွင် ပျော်ရွှင်ခြင်း အရောင်တို့ လွှားခနဲ ခုန်တက်လာသည်။ သို့သော် ကြာရှည်မခံ။ လုံ့လဦး၏ လက်ထဲမှ ပန်းသစ်တော်သီး ခင်ပယင်းလက်ထဲအရောက်တွင် မကြာမီက ဖြစ်တည်ခဲ့သော ပျော်ရွှင်ခြင်း အရောင်တို့ ချုပ်ငြိမ်းသွားလေသည်။

'စား အဲဒီအသီး ကိုပဲစား။ ကိုယ့်ချစ်သူကို ကျွေးဖို့တောင် ကောင်းကောင်းလေး ဝယ်မလာခဲ့ဘူး'

အသီးကို လုံ့လဦးလက်ထဲ ပြန်ထည့်ပြီး တံတားအောက်သို့အကြည့်လွှဲကာ ခင်ပယင်း စတင်၍ ဆန္ဒပြလေသည်။ သည်ခြေရာမြင်၍ သည်ကျော့ကွင်းဆင်သည်မို့ လုံ့လဦး ပြုံးလိုက်မိသည်။

'မဟုတ်ပါဘူး ချစ်ရာ။ ယူလာတုန်းက အကောင်းပဲ။ ကိုလွယ်အိတ်ကို သန့်ငြိမ်းဆီ ခဏအပ်ထားမိတာ ဘာနဲ့ဘယ်လိုဖိမိလဲ မသိဘူး ဒီလို ဟိုချိုင့် ဒီခွက်နဲ့ မလှဖြစ်သွားတယ်'

သန့်ငြိမ်းဟူသော အမည်ကြောင့် ခင်ပယင်း၏ မျက်လုံးများသည် လုံ့လဦးဆီသို့ ဆတ်ခနဲ ပြန်လှည့်၏။

"ဒီကောင်နဲ့ ထပ်ပတ်သက်ပြန်ပြီလား"

ခင်ပယင်း၏ အသံသည် ဒေါသဖက်နေလေပြီ။

'ဒီကောင်က ကိုနဲ့ပဲ မဟုတ်ဘူး။ ဒီအသီးနဲ့လည်း ပတ်သက်နေတယ်'

'သွား ဘာမှလာမပြောနဲ့။ ဒီကောင်နဲ့ ပတ်သက်ရင် အပြတ်ပဲလို့ပြောထားတာတောင်။ ကို့အဖို့ စိတ်ပူလို့ပြောတာတောင်။ ဒီအတိုင်းဆို ကျွန်မတို့ဇာတ်လမ်း ဒီမှာပဲ ရပ်ရင်ကောင်းမယ်'

ခင်ပယင်းသည် ပြောပြောဆိုဆိုနှင့်ပင် နေရာမှလှည့်ထွက်၏။ သို့သော် လုံ့လဦးက အရှေ့မှ ဆီးကာလိုက်သည်။ ပြီးလျှင် လွယ်အိတ်ထဲသို့ လက်တစ်ဖက်အမြန်ထည့်ကာ တစ်ခုခုကို အမြန်စမ်းယူ၏။ ကျန်လက်တစ်ဖက်၌ကား ညိုကွက်ရှိနေသော ပန်းသစ်တော်သီးသည် ညှိုးငယ်စွာ။စက္ကန့်ပိုင်းလောက်အကြာတွင် လွယ်အိတ်ထဲမှ လုံ့လဦး၏ လက်သည် ပစ္စည်းတစ်ခုနှင့်အတူ အပြင်ပြန်ရောက်လာ၏။ ဓား။ လုံ့လဦး၏ လက်ထဲတွင်ပါလာသော ဓားဦးချွန်ကလေးကို မြင်သည့်အခါ ခင်ပယင်း၏ကိုယ်သည် သိမ့်ခနဲတုန်သွားသလို မျက်နှာအမူအရာသည်လည်း ရုတ်ခြည်းပျက်ယွင်းသွားလေသည်။

'ကို ဘာလုပ်မလို့လဲ'

ခင်ပယင်းအလန့်တကြားအော်မေးပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ ကံဆိုးပေ၏။ တစ်ယောက်မှပင် မတွေ့ရ။ ခင်ပယင်း ကြံ့ရခက်လေပြီ။

'မကြောက်ပါနဲ့ ချစ်ရာ။ ကို ဘာမှမလုပ်ဘူး။ ဒီဓားက သစ်သီးအခွံနွှာတဲ့ဓား။ ကြောက်တတ်လိုက်တာကလည်း။ ဒီဓားနဲ့ ကို ဘာလုပ်မလဲသိချင်ရင် ခဏစောင့်'

လုံ့လဦးသည် ပထမဆုံး ပန်းသစ်တော်သီးကို အခွံနွှာ၏။ ပြီးလျှင် ဖိမိထား၍ ညိုကာ ပုပ်ရောင်စွက်နေသည့် နေရာကို လှီးထုတ်လိုက်သည်။ ထို့နောက် လေးစိတ်စိတ်ကာ တစ်စိတ်ကို ခင်ပယင်းဆီလှမ်းပေးလေသည်။

'စားကြည့် ချစ်'

ခင်ပယင်းလည်း မရဲတရဲပင် လှမ်းယူ၏။ ထို့နောက် ကြောက်ကြောက်နှင့် တစ်ကိုက်ကိုက်ကာစားသည်။ ထိုစဉ် လုံ့လဦးသည် ဓားကို လွယ်အိတ်ထဲပြန်ထည့်သည်။ ပြီးလျှင် နွှာထုတ်ထားသော အခွံနှင့် လှီးထုတ်ထားသည်တို့ကို 'ရေထဲက ငါးတွေစားလို့ရတယ်' ဟုဆိုကာ တံတားအောက်သို့ပစ်ချလိုက်၏။ ခင်ပယင်းအနည်းငယ်အကြောက်ပြေသွားလေသည်။

'ကို့ အပြုအမူကြောင့် လန့်သွားရင်တောင်းပန်ပါတယ် ချစ်ရာ။ တကယ်တော့ ကိုက ချစ်ရဲ့အမှားတစ်ခုကို ပြင်ပေးချင်တာ။ အမှန်တိုင်းပြောရရင် သန့်ငြိမ်းအပေါ် ဖြစ်နေတဲ့ ချစ်ရဲ့စိတ်ကို ပြင်ပေးချင်တာ။ ခုနက ပန်းသစ်တော်သီးလိုပေါ့။ ဝယ်လာတုန်းက အကောင်း။ ဖိမိလို့ ညိုစွဲပြီး ပုပ်သယောင်ဖြစ်တာလေ။ အဲဒီ နည်းနည်းလေးညိုတာကိုပဲ ကြည့်ပြီး တစ်လုံးလုံးပစ်လို့ ဘယ်ဖြစ်မလဲ။ ကိုလုပ်သလို မကောင်းတာကို လှီးပစ် ဖယ်ထုတ် လိုက်ရင် စားလို့ရသေးတယ်လေ။ မဟုတ်ရင် တစ်လုံးလုံး ရှုံး။ ငွေရှုံးသွားမှာပေ့ါ'

ခင်ပယင်းသည် လုံ့လဦးကို နားမလည်သော အကြည့်ဖြင့်ကြည့်ကာ ငြိမ်နေသည်။ လုံ့လဦးသည် စကားကို ဆက်၏။

'သန့်ငြိမ်းကို ပန်းသစ်တော်သီးတစ်လုံး ဆိုပါစို့။ သူ့ယောက်ဖဆေးရောင်းလို့ ဖမ်းခံထိတာက အကြောင်းကြောင့် ဖြစ်တည်လာတဲ့ အကျိုး။ ဖိမိတဲ့အရာလိုပဲပေ့ါ။ တကယ်တော့ သန့်ငြိမ်းလည်း ဆေးမရောင်းဘူး။ ကို သူ့ကို အသေအချာလည်းမေးပြီးပြီ။ စုံလည်း စုံစမ်းပြီးပြီ။ ချစ်က ကို့အတွက် အစိုးရိမ်လွန်ပြီး သူ့အပေါ် သံသယတွေ ဝင်နေတာ။ အဲဒီ သံသယစိတ်ကို ခုနက ကိုလှီးထုတ်ပစ်လိုက်တဲ့ဟာတွေလို ပစ်လိုက်စမ်းပါ။ မဟုတ်ဘူးဆိုရင် သစ်သီးတစ်လုံးရှုံးသလို၊ ငွေတွေရှုံးသလို လူတစ်ယောက်ကို ဆုံးရှုံးရလိမ့်မယ်။ ပြီးတော့ ကို့အထင်တစ်ခုနဲ့တင် သူ့ကိုအပေါင်းအသင်း မလုပ်တော့ဘူးဆိုတာကိုလည်း သူငယ်ချင်းကောင်း ဘယ်ပီသမလဲ'

ခင်ပယင်းသည် မျက်နှာသေကလေးနှင့် လုံ့လဦးကိုကြည့်၏။ ပြီးလျှင် မျက်စောင်းကလေး တစ်ချက်ပစ်ကာ 'သူ့သူငယ်ချင်းထိတော့ မခံဘူး။ အသေအချာကို ပြန်ပစ်တာပဲ။ ကျာဆရောင်း ပီသပါတယ်နော်' ဟု ပြုံးရင်းဆိုသည်။ သို့မှပင် လုံ့လဦးသည် သက်ပြင်းကို ခိုးချနိုင်၏။

'သူငယ်ချင်းဆိုတာ ဘုရားပေးတဲ့ အကောင်းဆုံးသော လက်ဆောင်တစ်ခုပဲ ချစ်။ အပြစ်အနာအဆာလေး သံသယလေး ရှိရုံနဲ့ စွန့်လိုက်ရင် ဘယ်ဖြစ်မလဲ။ ခုဒီပန်းသစ်တော်သီးဝယ်တာတောင် သန့်ငြိမ်းပိုက်ဆံချေးပြီး ဝယ်ထားရတာ။ ဒီမနက်ကျောင်းလာတော့ ကို့ပိုက်ဆံအိတ်က အိမ်မှာကျန်ခဲ့တာ။ ဒီလာဖို့ ဆိုင်ကယ်ဆီ ထည့်ပေးလိုက်တာလည်း သန့်ငြိမ်းပဲ။ ကဲ ဘယ်လိုလဲ သခင်မလေး ကျေနပ်တော်မူပါရဲ့လားခင်ဗျ။ ရွှေစိတ်တော် ရွှင်လန်းပေတော့ဗျ'

လုံ့လဦး၏စကားကို သဘောကျကာ ခင်ပယင်း တခစ်ခစ်ရယ်၏။ ပြီးလျှင်ထုံးစံအတိုင်း ချစ်သူ၏ခါးသားကို ဆွဲလိမ်ကာ ကျီစားသေးသည်။ ထို့နောက် ကျန်သော ပန်းသစ်တော်သီးများကို စားကာ စီးဆင်းနေသည့် ရေပြင်ကို နှစ်ယောက်အတူ ငုံ့ကြည့်၏။ စွန့်ပစ်လိုက်သော အခွံတို့ကို ရှာနေမိသည်ကိုကား တစ်ယောက်မှ ဖွင့်မပြော။ ခဏအကြာတွင် အိမ်အပြန်ခရီးကို စတင်ကြတော့သည်။ ခင်ပယင်းသည် ဆိုင်ကယ်နောက်တွင်ထိုင်ရင်း ချစ်သူ၏ ခါးကိုဖက်၏။ ခါးသားကို လိမ်ပြန်သည်အမှတ်ဖြင့် လုံ့လဦး တွန့်လိုက်သည်။မဟုတ်မှန်းသိသော်မှ ပြုံး၏။

'ပယင်းကို ခုလိုပြောပြပေးလို့ ကျေးဇူးနော် ကို'

ခင်ပယင်း၏ စကားကို ခေါင်းညိတ်ကာ အသိအမှတ်ပြုလိုက်သည်နှင့် 'မရိုးသားတဲ့သူ၊ အကျင့်စာရိတ္တမကောင်းတဲ့သူကို တွေ့ရင် ရိုးသားအောင် အကျင့်ကောင်းအောင်ပြင်ပေးပြီး သူငယ်ချင်းလုပ်ပါ့မယ် ဆရာ' ဟု ဖြေခဲ့သော တပည့်မလေး၏အသံကို ပြန်ကြားယောင် မိသည်။ ထို့နောက် 'အေးပါကွာ ငါလည်း ဒီတရားမဝင်တဲ့ အလုပ်ကြီးကို နားပစ်လိုက်ပြီ။ နောက်လည်း ဆက်မလုပ်တော့ဘူး' ဆိုသည့် သူငယ်ချင်း၏ ကတိပေးစကားသံ။ ။

## ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ကြာမှောက်ကြာလန်တွင် ရွှေစင်ရွှေပြား သင်္ကန်းတော်များကပ်လှူပူဇော်ရန် ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များစာရင်းကို ဂေါပကအဖွဲ့မှဝမ်းမြောက်စွာဖြင့်သာဓုအနုမောဒနာပြုကာ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ဂုဏ်ပြုလွှာ(၇/၂၀၁၉)

| စဉ် | အလှူရှင်အမည် | အလှူငွေ |
|---|---|---|
| [illegible] | [illegible] | [illegible] |

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်-မန္တလေး
## ပြင်ပဆရာဝန်များအတွက် ဘွဲ့လွန်ဒီပလိုမာသင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၀ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်-မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ ပြင်ပဆရာဝန်များလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာဒီပလိုမာDip.Med.Sc (Family Medicine) | ၁-နှစ် |
| (၂) | အခြေခံအရေးပေါ်ကုသမှုဆေးပညာဒီပလိုမာ Dip.Med.Sc (Primary Emergency Care) | ၁-နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာသင်တန်းအတွက် လက်ရှိတရားဝင် ဆမသက်တမ်း(၂)နှစ်ပြည့်ပြီး ဆမသက်တမ်းတိုး ကိုင်ဆောင်ထားသူ အမ်ဘီဘီအက်စ် (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိသူဖြစ်ရမည်။

(ဂ) မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာဒီပလိုမာသင်တန်းအတွက် အသက်သတ်မှတ်ချက်မရှိပါ။

(ဃ) အခြေခံအရေးပေါ်ကုသမှုဆေးပညာ ဒီပလိုမာသင်တန်းအတွက် လက်ရှိတရားဝင် ဆမသက်တမ်း(၂)နှစ် ပြည့်ပြီး ဆမသက်တမ်းတိုး ကိုင်ဆောင်ထားသူ၊ အသက်(၅၀)နှစ်ထက်မကြီးသူ၊ အမ်ဘီဘီအက်စ်(သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိသူဖြစ်ရမည်။

(င) သတ်မှတ်ထားသော သင်တန်းကြေးများကို ပေးသွင်းရမည်။

(စ) အခြေခံအရေးပေါ်ကုသမှု ဆေးပညာဒီပလိုမာသင်တန်းအတွက် သင်တန်းတက်ရောက်ခွင့်ရရှိပါက ဆေးတက္ကသိုလ်-မန္တလေးမှ သတ်မှတ်ပေးသော ဆေးရုံကြီးတွင် သင်တန်းတက်ရောက်နိုင်သူဖြစ်ရမည်။

(ဆ) သတ်မှတ်ထားသော သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၃-၈-၂၀၁၉ရက်၊ (သောကြာနေ့)ဖြစ်ပါသည်။

၄။ လျှောက်လွှာများကို **ငွေသွင်းချလန်**မူရင်းနှင့်တကွ ဆေးတက္ကသိုလ်-မန္တလေး၊ ပါမောက္ခချုပ်ထံလိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၂၇-၉-၂၀၁၉ရက် (သောကြာနေ့) ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ်-၁၀၀၀၀/- (ကျပ်တစ်သောင်း)တိတိကို ဆေးတက္ကသိုလ်-မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)၊ မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၆၃သို့ ပေးသွင်းရမည်။

(**မှတ်ချက်**။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)မန္တလေးမြို့တွင် ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်-မန္တလေး၏ ငွေစာရင်းအမှတ်-MD-၀၁၀၀၆၃ သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၇။ သင်တန်းအလိုက် တက်ရောက်ခွင့်ပြုမည့် လျာထားဦးရေ သတ်မှတ်ချက်ကို ဤတက္ကသိုလ်၏ Website မှတစ်ဆင့် ကြေညာပါမည်။ **လျာထားဦးရေ မည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်းရမှတ် မပြည့်မီပါက ရွေးချယ်ခြင်းမပြုပါ။**

၈။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်-မန္တလေး၏ **Website- www.ummdy.edu. mmနှင့် www.ummdy.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) အောက်ပါဖုန်းနံပါတ်များကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| **ပါမောက္ခချုပ်** | - ၀၂-၄၀၃၆၆၃၄ |
| **ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)** | - ၀၉-၂၀၀၀၂၃၈ |
| **ဒုတိယညွှန်ကြားရေးမှူး** | - ၀၂-၄၀၃၆၆၃၇ |
| **မော်ကွန်းထိန်း(သင်ကြားရေး)** | - ၀၂-၄၀၃၉၀၃၉ |
| **လက်ထောက်မော်ကွန်းထိန်း(သင်ကြားရေး)** | - ၀၂-၄၀၃၉၀၃၈ |
| **ကျောင်းသားရေးရာဌာန** | - ၀၂-၄၀၃၉၀၄၂(လိုင်းခွဲ-၂၂၇) |

**ဆေးတက္ကသိုလ်-မန္တလေး**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၂)၊ မြေကွက်အမှတ်(၃၀၈)၊ မြေအမျိုးအစား(ဂရန်)၊ အလျားပေ၄၀× အနံပေ ၆၀ အမည်ပေါက် ဒေါ်ခင်အုန်းမြင့် [၁၂/မဂတ(နိုင်)၀၆၇၂၇၄]ကိုင်ဆောင်သူထံမှ တရားဝင်ဝယ်ယူခဲ့ရာ ယင်းမြေကွက်ရောင်းခြင်းငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်ရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ယခုကြေညာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းအထောက်အထားများပြသ၍ ကျွန်ုပ်ထံသို့ လာရောက်တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းဌေးလှိုင် [၈/မဘန(နိုင်)၀၇၁၃၃၃]**
**အမှတ်-၆၉၁၊ စစ်အကျဉ်းထောင်လမ်း၊ ဇီးကုန်း၊ ရွှေပြည်သာ။**
**ဖုန်း-၀၉-၅၁၇၂၉၀၆၊ ၀၉-၂၀၅၁၉၇၅**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## ဆေးပညာပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၀-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာပါရဂူဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**(က) ဆေးလက်တွေ့ အခြေခံပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ပါရဂူဘွဲ့(ခန္ဓာဗေဒ) | Ph.D(Anatomy) | ၃နှစ် |
| (၂) | ပါရဂူဘွဲ့(ဇီဝကမ္မဗေဒ) | Ph.D(Physiology) | ၃နှစ် |
| (၃) | ပါရဂူဘွဲ့(ဇီဝဓာတုဗေဒ) | Ph.D(Biochemistry) | ၃နှစ် |
| (၄) | ပါရဂူဘွဲ့(အဏုဇီဝဗေဒ) | Ph.D(Medical Microbiology) | ၃နှစ် |
| (၅) | ပါရဂူဘွဲ့(ဆေးဝါးဗေဒ) | Ph.D(Pharmacology) | ၃နှစ် |

**(ခ) ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေဆေးပညာ)<br>Dr.Med.Sc(General Medicine) | ၃နှစ် |
| (၂) | ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေခွဲစိတ်ကုပညာ)<br>Dr.Med.Sc(General Surgery) | ၃နှစ် |
| (၃) | ဆေးလက်တွေ့ပါရဂူဘွဲ့(သားဖွားမီးယပ်ပညာ)<br>Dr.Med.Sc(Obstetrics & Gynaecology) | ၃နှစ် |
| (၄) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးကျန်းမာပညာ)<br>Dr.Med.Sc(Paediatrics) | ၃နှစ် |
| (၅) | ဆေးလက်တွေ့ပါရဂူဘွဲ့(အရိုးရောဂါပညာ)<br>Dr.Med.Sc(Orthopaedics) | ၃နှစ် |
| (၆) | ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးရောဂါပညာ)<br>Dr.Med.Sc(Cardiology) | ၃နှစ် |
| (၇) | ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ)<br>Dr.Med.Sc(Cardiovascular Surgery) | ၃နှစ် |
| (၈) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာဆေးပညာ)<br>Dr.Med.Sc(Respiratory Medicine) | ၃နှစ် |
| (၉) | ဆေးလက်တွေ့ပါရဂူဘွဲ့(ရင်ခေါင်းခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Thoracic Surgery) | ၃နှစ် |
| (၁၀) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောဆေးပညာ)<br>Dr.Med.Sc(Neurology) | ၃နှစ် |
| (၁၁) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Neuro Surgery) | ၃နှစ် |
| (၁၂) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်ရောဂါပညာ)<br>Dr.Med.Sc(Nephrology) | ၃နှစ် |
| (၁၃) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Urology) | ၃နှစ် |
| (၁၄) | ဆေးလက်တွေ့ပါရဂူဘွဲ့(အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ)<br>Dr.Med.Sc(Gastroenterology) | ၃နှစ် |
| (၁၅) | ဆေးလက်တွေ့ပါရဂူဘွဲ့(အသည်းရောဂါပညာ)<br>Dr.Med.Sc(Hepatology) | ၃နှစ် |
| (၁၆) | ဆေးလက်တွေ့ပါရဂူဘွဲ့(သွေးရောဂါပညာ)<br>Dr.Med.Sc(Clinical Haematology) | ၃နှစ် |
| (၁၇) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Paediatric Surgery) | ၃နှစ် |
| (၁၈) | ဆေးလက်တွေ့ပါရဂူဘွဲ့(မွေးကင်းစကလေးဆေးပညာ)<br>Dr.Med.Sc(Neonatology) | ၃နှစ် |
| (၁၉) | ဆေးလက်တွေ့ပါရဂူဘွဲ့(လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Hand Surgery) | ၃နှစ် |
| (၂၀) | ဆေးလက်တွေ့ပါရဂူဘွဲ့(မီးယပ်ဆိုင်ရာကင်ဆာရောဂါပညာ)<br>Dr.Med.Sc(Gynaecological Oncology) | ၃နှစ် |
| (၂၁) | ဆေးလက်တွေ့ပါရဂူဘွဲ့(မျိုးပွားမှုဆိုင်ရာဆေးပညာ)<br>Dr.Med.Sc(Reproductive Health) | ၃နှစ် |
| (၂၂) | ဆေးလက်တွေ့ပါရဂူဘွဲ့(မေ့ဆေးပညာ)<br>Dr.Med.Sc(Anaesthesiology) | ၃နှစ် |
| (၂၃) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဓာတ်မှန်ပညာ)<br>Dr.Med.Sc(Radiology) | ၃နှစ် |
| (၂၄) | ဆေးလက်တွေ့ပါရဂူဘွဲ့(မျက်စိရောဂါပညာ)<br>Dr.Med.Sc(Ophthalmology) | ၃နှစ် |
| (၂၅) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Otorhinolaryngology Head & Neck Surgery) | ၃နှစ်<br>၃နှစ် |
| (၂၆) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဥပဒေရေးရာဆေးပညာ)<br>Dr.Med.Sc(Medical Jurisprudence) | ၃နှစ် |
| (၂၇) | ဆေးလက်တွေ့ပါရဂူဘွဲ့(အရိုး၊ အကြောအဆစ်ဆေးပညာ)<br>Dr.Med.Sc(Rheumatology) | ၃နှစ် |
| (၂၈) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ)<br>Dr.Med.Sc(Rehabilitation Medicine) | ၃နှစ် |
| (၂၉) | ဆေးလက်တွေ့ပါရဂူဘွဲ့(ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Oral & Maxillo Facial Surgery) | ၃နှစ် |
| (၃၀) | ဆေးလက်တွေ့ပါရဂူဘွဲ့(ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ)<br>Dr.Med.Sc(Plastic Surgery) | ၃နှစ် |
| (၃၁) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောရိုးခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Spine Surgery) | ၃နှစ် |
| (၃၂) | ဆေးလက်တွေ့ပါရဂူဘွဲ့<br>(အသည်းနှင့်သည်းခြေလမ်းကြောင်းဆိုင်ရာခွဲစိတ်ကုပညာ)<br>Dr.Med.Sc(Hepatobiliary & Pancreatic Surgery) | ၃နှစ် |
| (၃၃) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဟော်မုန်းရောဂါများအထူးကုပညာ)<br>Dr.Med.Sc(Endocrinology) | ၃နှစ် |
| (၃၄) | ဆေးလက်တွေ့ပါရဂူဘွဲ့(စိတ်ကျန်းမာပညာ)<br>Dr.Med.Sc(Mental Health) | ၃နှစ် |
| (၃၅) | ဆေးလက်တွေ့ပါရဂူဘွဲ့(အပူပိုင်းကူးစက်ရောဂါပညာ)<br>Dr.Med.Sc(Tropical & Infectious Diseases) | ၃နှစ် |
| (၃၆) | ဆေးလက်တွေ့ပါရဂူဘွဲ့(သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆေးပညာ)<br>Dr.Med.Sc(Geriatric Medicine) | ၃နှစ် |
| (၃၇) | ဆေးလက်တွေ့ပါရဂူဘွဲ့(အရေပြားရောဂါပညာ)<br>Dr.Med.Sc(Dermatology) | ၃နှစ် |
| (၃၈) | ဆေးလက်တွေ့ပါရဂူဘွဲ့(အသားမျှင်ရောဂါဗေဒ)<br>Dr.Med.Sc(Histopathology) | ၃နှစ် |
| (၃၉) | ဆေးလက်တွေ့ပါရဂူဘွဲ့(ဓာတုရောဂါဗေဒ)<br>Dr.Med.Sc(Chemical Pathology) | ၃နှစ် |
| (၄၀) | ဆေးလက်တွေ့ပါရဂူဘွဲ့(သွေးရောဂါဗေဒ)<br>Dr.Med.Sc(Haematopathology) | ၃နှစ် |
| (၄၁) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးသွေးနှင့်ကင်ဆာရောဂါပညာ)<br>Dr.Med.Sc(Paediatric Haemato-Oncology) | ၃နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဂ) **ဇီဝကမ္မဗေဒ၊ ခန္ဓာဗေဒ၊ ဇီဝဓာတုဗေဒ၊ ဆေးဝါးဗေဒ၊ ဥပဒေရေးရာဆေးပညာ** ပါရဂူဘွဲ့သင်တန်းများအတွက် သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူများနှင့် မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူများဖြစ်ရမည်။

(ဃ) လျှောက်လွှာပိတ်သည့်နေ့တွင် သက်ဆိုင်ရာဘာသာရပ်မဟာသိပ္ပံဘွဲ့ ရရှိပြီးနောက် ခွင့်ရက်မပါအနည်းဆုံး လုပ်သက်(၂)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(င) ပြည်ပ၌ မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီးပါရဂူဘွဲ့လွန်သင်တန်း ဝင်ခွင့်လျှောက်ထားလာပါက ပါရဂူဘွဲ့(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာ) သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါစုစုပေါင်း လုပ်သက်(၃)နှစ်ရှိရမည်။ ကျန်ပါရဂူဘွဲ့သင်တန်းများအတွက် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက်(၄)နှစ်ရှိရမည်။

(စ) ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)/(ကလေးကျန်းမာပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဆ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောရိုးခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါ ပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဇ) ဆေးလက်တွေ့ပါရဂူဘွဲ့(ဟော်မုန်းရောဂါများအထူးကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ဆေးပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဈ) ဆေးလက်တွေ့ပါရဂူဘွဲ့(ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ည) ဆေးလက်တွေ့ပါရဂူဘွဲ့ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဋ) ဆေးလက်တွေ့ပါရဂူဘွဲ့(အသားမျှင်ရောဂါဗေဒ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဌ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓာတုရောဂါဗေဒ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဍ) ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါဗေဒ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ပ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးသွေးနှင့်ကင်ဆာရောဂါပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဏ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(တ) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး (၅)နှစ်နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **၂၃-၈-၂၀၁၉ရက် (သောကြာနေ့)** ဖြစ်ပါသည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၅။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ပါမောက္ခချုပ်ထံလိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၆။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ **၂၆-၉-၂၀၁၉ရက်(ကြာသပတေးနေ့)** ဖြစ်ပါသည်။

၇။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး-၁၀၀၀ဝ/-(ကျပ်တစ်ထောင်)တိတိကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်-MD-၀၁၀၀၃၅သို့ ပေးသွင်းရမည်။

(**မှတ်ချက်**။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ငွေစာရင်းအမှတ် MD-၀၁၀၀၃၅သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၈။ သင်တန်းကိုတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပဘွဲ့လွန်သင်တန်းများကို လျှောက်ထားခွင့်မရှိပါ။

၉။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးငွေကိုပေးလျော်ရမည်။

၁၀။ သင်တန်းအလိုက် တက်ရောက်ခွင့်ပြုမည့် လျာထားဦးရေသတ်မှတ်ချက်ကို ဤတက္ကသိုလ်၏ Website မှတစ်ဆင့် ကြိုတင်ကြေညာပါမည်။ လျာထားဦးရေမည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်းရမှတ်မပြည့်မီပါက ရွေးချယ်ခြင်းမပြုပါ။

၁၁။ အသေးစိတ် အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်းနံပါတ် (၀၁-၂၅၁၀၃၂၊ ၀၁-၂၅၁၀၃၇၊ ၀၁-၂၅၁၅၉၆၊ လိုင်းခွဲ-၂၀)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် website-http://www.um1ygn.edu.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

**ဖခင်အမည်မှန်**

လှိုင်သာယာမြို့နယ်၊ အထက(၈) အငှမတန်း(D)မှ မောင်ပြည့်စုံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း [၁၂/မဂဒ(နိုင်)၀၉၃၆၈၈] ဖြစ်ပါကြောင်း။

ဦးထွန်းထွန်းဝင်း

**ကိုဆောင်း** ရွှေပေါက်ကံ။ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်းမြေကွက်များ ဝယ်ယူလိုပါသည်။ Ph:095044836

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# ဆေးတက္ကသိုလ်-မန္တလေး
## ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၀ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်-မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**(က) ဆေးပညာဒီပလိုမာသင်တန်းများ**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ဆေးလက်တွေ့ဆိုင်ရာဆေးဝါးဗေဒဒီပလိုမာ | Dip.Med.Sc (Clinical Pharmacology) | ၁ နှစ် |
| (၂) | တီဘီနှင့်ရင်ခေါင်းရောဂါကုပညာဒီပလိုမာ | Dip.Med.Sc (TB&Chest Diseases) | ၁နှစ် |

**(ခ) ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ဆေးပညာမဟာသိပ္ပံ (ခန္ဓာဗေဒ) | M.Med.Sc (Anatomy) | ၂ နှစ် |
| (၂) | ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ) | M.Med.Sc (Physiology) | ၂ နှစ် |
| (၃) | ဆေးပညာမဟာသိပ္ပံ (ဇီဝဓာတုဗေဒ) | M.Med.Sc (Biochemistry) | ၂ နှစ် |
| (၄) | ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ) | M.Med.Sc (Pharmacology) | ၂ နှစ် |
| (၅) | ဆေးပညာမဟာသိပ္ပံ (အဏုဇီဝဗေဒ) | M.Med.Sc (Microbiology) | ၂ နှစ် |
| (၆) | ဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့် အပူပိုင်းဆေးပညာ) | M.Med.Sc (Preventive and Tropical Medicine) | ၂ နှစ် |
| (၇) | ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ) | M.Med.Sc (Pathology) | ၃ နှစ် |
| (၈) | ဆေးပညာမဟာသိပ္ပံ (နား၊ နှာခေါင်း လည်ချောင်း၊ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုပညာ) | M.Med.Sc (Otorhinolaryngology Head & Neck Surgery) (ORLHNS) | ၃ နှစ် |
| (၉) | ဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ) | M.Med.Sc (Anaesthesiology) | ၃ နှစ် |
| (၁၀) | ဆေးပညာမဟာသိပ္ပံ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ) | M.Med.Sc (Rehabilitation Medicine) | ၃ နှစ် |
| (၁၁) | ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ) | M.Med.Sc (Medical Jurisprudence | ၃ နှစ် |
| (၁၂) | ဆေးပညာမဟာသိပ္ပံ (အရေပြားရောဂါပညာ) | M.Med.Sc (Dermatology) | ၃ နှစ် |
| (၁၃) | ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ) | M.Med.Sc (Orthopaedics) | ၄ နှစ် |
| (၁၄) | ဆေးပညာမဟာသိပ္ပံ (မျက်စိရောဂါပညာ) | M.Med.Sc (Ophthalmology) | ၃ နှစ် |
| (၁၅) | ဆေးပညာမဟာသိပ္ပံ (ဓာတ်မှန်ပညာ) | M.Med.Sc (Radiology) | ၄ နှစ် |
| (၁၆) | ဆေးပညာမဟာသိပ္ပံ (စိတ်ကျန်းမာပညာ) | M.Med.Sc (Mental Health) | ၃ နှစ် |
| (၁၇) | ဆေးပညာမဟာသိပ္ပံ (ဆေးပညာ) | M.Med.Sc (Internal Medicine) | ၃ နှစ် |
| (၁၈) | ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ) | M.Med.Sc (Surgery) | ၃ နှစ် |
| (၁၉) | ဆေးပညာမဟာသိပ္ပံ (သားဖွားမီးယပ်ပညာ) | M.Med.Sc (Obstetrics and Gynaecology) | ၃ နှစ် |
| (၂၀) | ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ) | M.Med.Sc (Paediatrics) | ၃ နှစ် |
| (၂၁) | ဆေးပညာမဟာသိပ္ပံ (အရေးပေါ်ကုသမှုဆေးပညာ) | M.Med.Sc (Emergency Medicine) | ၃ နှစ် |
| (၂၂) | ဆေးပညာမဟာသိပ္ပံ (နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) | M.Med.Sc (Cardiovascular Surgery) | ၄ နှစ် |
| (၂၃) | ဆေးပညာမဟာသိပ္ပံ (ရင်ခေါင်းခွဲစိတ်ကုပညာ) | M.Med.Sc (Thoracic Surgery) | ၃ နှစ် |
| (၂၄) | ဆေးပညာမဟာသိပ္ပံ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) | M.Med.Sc (Neurosurgery) | ၃ နှစ် |
| (၂၅) | ဆေးပညာမဟာသိပ္ပံ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ပညာ) | M.Med.Sc (Urology) | ၃ နှစ် |
| (၂၆) | ဆေးပညာမဟာသိပ္ပံ (ကလေးခွဲစိတ်ကုပညာ) | M.Med.Sc (Paediatric Surgery) | ၃ နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် အမ်ဘီဘီအက်စ်ဘွဲ့(သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဂ) ဒီပလိုမာသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည်နေ့မှစ၍ ခွင့်ရက်မပါ လုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည်နေ့မှစ၍ ခွင့်ရက်မပါ လုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(**မှတ်ချက်။ ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ဆေးဝါးဗေဒ၊ ရောဂါဗေဒ၊ စိတ်ကျန်းမာပညာနှင့် ဥပဒေရေးရာဆေးပညာ** မဟာသိပ္ပံသင်တန်းများအတွက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်။)

(င) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) ဆေးလက်တွေ့ဆိုင်ရာ ဆေးဝါးဗေဒဒီပလိုမာသင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ)ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဆ) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၂)နှစ်နှင့် ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဇ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **၂၃-၈-၂၀၁၉ ရက် (သောကြာနေ့)** ဖြစ်ပါသည်။

၄။ လျှောက်လွှာကိုသက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်း မပြုပါ။

၅။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်မန္တလေး၊ ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက် မကွက်ပေးပို့ရမည်။

၆။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ **၂၇-၉-၂၀၁၉ ရက် (သောကြာနေ့)** ဖြစ်ပါသည်။

၇။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ် ၁၀၀၀ဝ/(ကျပ်တစ်ထောင်)တိတိကို ဆေးတက္ကသိုလ်-မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)၊ မန္တလေးမြို့တွင်ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD-၀၁၀၀၆၃ သို့ပေးသွင်းရမည်။

**(မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂) မန္တလေးမြို့တွင် ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်-မန္တလေး၏ ငွေစာရင်းအမှတ် MD-၀၁၀၀၆၃ သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၈။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၉။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကိုမတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသောလျော်ကြေးငွေကို ပေးလျော်ရမည်။

၁၀။ သင်တန်းအလိုက် တက်ရောက်ခွင့်ပြုမည့် လျာထားဦးရေ သတ်မှတ်ချက်ကို ဤတက္ကသိုလ်၏ Websiteမှ တစ်ဆင့် ကြေညာပါမည်။ **လျာထားဦးရေ မည်မျှရှိစေကာမူ သတ်မှတ်အရည်အချင်းရမှတ် မပြည့်မီပါကရွေးချယ်ခြင်းမပြုပါ။**

၁၁။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်-မန္တလေး၏ Website-www.ummdy.edu.mmနှင့် www.ummdy.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) အောက်ပါဖုန်းနံပါတ်များကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| **ပါမောက္ခချုပ်** | - ၀၂-၄၀၃၆၆၃၄ |
| **ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)** | - ၀၉-၂၀၀၀၂၃၈ |
| **ဒုတိယညွှန်ကြားရေးမှူး** | - ၀၂-၄၀၃၆၆၃၇ |
| **မော်ကွန်းထိန်း(သင်ကြားရေး)** | - ၀၂-၄၀၃၉၀၃၉ |
| **လက်ထောက်မော်ကွန်းထိန်း(သင်ကြားရေး)** | - ၀၂-၄၀၃၉၀၃၈ |
| **ကျောင်းသားရေးရာဌာန** | - ၀၂-၄၀၃၉၀၄၂ (လိုင်းခွဲ-၂၂၇) |

**ဆေးတက္ကသိုလ်-မန္တလေး**

မူးယစ် ဆန့်ကျင် အောင်ပွဲဆင်

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်

## ဝါတွင်းကာလ ဥပုသ်နေ့များတွင် တရားပွဲများ ကျင်းပသွားမည်

သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဆံတော်စစ် ရတနာကိန်းဝပ်တော်မူရာ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် ဝါတွင်းကာလဖြစ်သော (၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်နေ့)၁၆-၇-၂၀၁၉ရက်မှ(သီတင်းကျွတ်လပြည့်နေ့)၁၃-၁၀-၂၀၁၉ရက်အထိ အပတ်စဉ်ဥပုသ်နေ့များ၌ နံနက် ၁၀း၃၀ နာရီတွင် သီလပေးတရားတော်များကို ဆိပ်ကမ်းမြို့နယ်မှ ဆရာတော် အရှင်သူမြတ်များကလည်းကောင်း၊ မွန်းလွဲ ၁၂း၃၀ နာရီတွင် ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ ဓမ္မကထိကဆရာတော်ကြီးများကလည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ဆရာတော်ကြီးများကလည်းကောင်း တရားတော်များ ချီးမြှင့်ဟောကြားတော်မူမည်ဖြစ်ပါ၍ တရားဘာဝနာ ကြည်ညိုသဒ္ဓါတရားပွားများနိုင်ကြစေရန်၊ ကြွရောက်တရားနာယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

တရားဘာဝနာ လာရောက်ပွားများမည့် တရားနာသူတော်စင်များအား အာဟာရဒါနအဖြစ် နေ့စဉ် လူ(၁၀၀၀)စာ ကုသိုလ်ပြုလှူဒါန်းသွားမည် ဖြစ်ပါသည်။

**ဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**

## ဝါတွင်းသုံးလတရားစခန်းပွဲ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ အမှတ်(၁၃)ရပ်ကွက်၊ ရှင်ထွေးညိုလမ်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၃၄၃) ရွှေခြံမဇ္ဈိမရိပ်သာကျောင်း၌ ဝါတွင်းသုံးလတရားစခန်းပွဲကို (၁၃၈၁ခုနှစ်၊ ဝါဆိုလပြည့်မှ သီတင်းကျွတ်လပြည့်နေ့) ထိ ပြုလုပ်ကျင်းပမည်ဖြစ်ပါသောကြောင့် တရားနာ တရားအားထုတ် ကြွရောက်နိုင်ပါကြောင်း နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၃၄၃)**
**ရွှေခြံမဇ္ဈိမရိပ်သာကျောင်း**
**၁၃/ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်း။**
**ဖုန်း-၀၉-၄၂၃၆၆၄၂၈**

## မဟာစည်သာသနာ့ရိပ်သာ၊ ဟိတေသီအဖွဲ့

## နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

ဟိတေသီအဖွဲ့၏ (၅၃)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဟိတေသီဓမ္မာရုံတော်ကြီး၌ (၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ရက်) ၂၀၁၉-ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်၊ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ အကြံဉာဏ်ပေးစာများ ပေးပို့လိုပါက ၁၇-၈-၂၀၁၉ ရက်၊ (စနေနေ့)နောက်ဆုံးထားပြီး ဟိတေသီအဖွဲ့အတွင်းရေးမှူးထံ စာဖြင့်ရေးသား ပေးပို့တင်သွင်းရမည်ဖြစ်ပါသည်။

**(အဖွဲ့ဝင်တစ်ဦးချင်းထံသို့ သီးခြားဖိတ်စာမပို့ပါ)**

**ဟိတေသီအဖွဲ့**
**မဟာစည်သာသနာ့ရိပ်သာ**
**ဖုန်း ၀၁-၅၅၅၄၇၂**

## ထာဝရကုသိုလ် ရယူဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့


City College Yangon
BTEC PEARSON
Center No: 96045

**ရန်ကုန်မှာတက်ရင်း သုံးနှစ်ခွဲအတွင်း UK Degree ရယူနိုင်မည့် အခွင့်အရေး**




*Enroll Now!*
*July Intake*

Next Intakes
➤ September - October
➤ December - January

အဆောင် နှင့် FERRY ကိစ္စများကို ကူညီစီစဉ်ပေးပါသည်။

တက္ကသိုလ်ဝင်တန်း မအောင်မြင်သေးသော်လည်း UK Degree ရယူနိုင်မည့် အထူးအခွင့် အရေး

Diamond Condo, Tower (A), 1st Floor, Hledan, Pyay Road, Yangon. facebook.com/citycollegeyangon 09 450 634 402~3~4

# NAING Group မှ

**နှစ်ပေါင်း(၃၀)ကျော် ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံတို့ဖြင့်**
**လူကြီးမင်းတို့၏အဆောက်အဦးများအား**
**PAE စနစ်ဖြင့် အရည်အသွေးအကောင်းဆုံး**
**စိတ်တိုင်းကျဆောက်လုပ်ပေးလျက်ရှိပါသည်။**

**ဆက်သွယ်ရန်ဖုန်း**
09 5039105
09 977122021
09 799993103
09 964206704
09 965418911
09 965419109
09 977122007


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စက်မှုဇုန်အပိုင်း(၂)၊ ကျန်စစ်သား စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၃/၁)၊ မြေကွက်အမှတ်(၁၃+၁၄)၊ ဧရိယာ အကျယ်အဝန်း (၅.၆၆၇)ဧကရှိသောမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ပိုင်ဆိုင်သူ ဦးစုဝေ[၁၂/ကတန(ဧည့်)၀၀၀၀၀၉]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုရည်လင်း LL.B,LL.M**
**အထက်တန်းရှေ့နေ**
**(စဉ်-၂၅၃၇၄)**
**အမှတ်(၇၀)၊ သုနန္ဒာလမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၂၅၆၄၂၀၇၅၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ ခရေ(၄)လမ်း၊ တိုက်အမှတ်(၃၄)၊ အခန်းအမှတ် (၃၀၃)၊ (၅)ထပ်တိုက်အဆောက်အဦ၏ ၄-လွှာ (တတိယထပ်)၊ ဧရိယာ (၃၀ပေ×၂၀ပေ)ရှိ ရေ/မီးစုံ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးစိုးထွန်း[၁၂/ကမရ(နိုင်)၀၁၅၉၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဦးဝင်းဖြိုးသိန်း**
**အထက်တန်းရှေ့နေ (စဉ်-၅၁၁၂၇)**
**ဖုန်း ၀၉-၅၀၀၀၃၄၉၊ ၀၉-၂၅၂၅၈၈၄၄၀**
**တိုက် (၃၀-ဘီ)၊ အခန်း(စီ-၅)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

## အမည်ပြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၆)လမ်း၊အမှတ်(၁၅)နေအဖ ဦးဂျိမ်းစ်၏ သမီးဆိုဖီယာမာရီယား အား မမေနိုင်အောင်[၁၂/မဂတ(နိုင်)၀၉၄၀၄၈]ဖြစ်ပါသည်။

**မမေနိုင်အောင်**

## အမြန်လိုသည်

## ပေါက်ဈေးပေးငှားမည်

ဗဟန်း၊ ကမာရွတ် (လုံးချင်းအသစ်)၊ ၈ လပိုင်းတက်မည်။(လဆန်း) ပိုင်ရှင်လူကြီးမင်းများ၏အခြားမြို့နယ်ရှိ(ရန်ကင်း၊ ဗဟန်းဦးစားပေးမည်။)ကွန်ဒို၊ တိုက်ခန်းများအတွက်လည်း တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။

**ဆက်သွယ်ရန်**
**+959 428996688**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ်-သာစုကန်စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၁)၊ မြေကွက်အမှတ်(၅၅+၅၈)၊ စုစုပေါင်း ဧရိယာအကျယ်အဝန်း(၅.၆၄၃)ဧက ရှိသောမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်သူ ဦးဝင်းမြင့်[၁၂/လမတ(နိုင်)၀၁၀၉၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုရည်လင်း LL.B,LL.M**
**အထက်တန်းရှေ့နေ**
**(စဉ်-၂၅၃၇၄)**
**အမှတ်(၇၀)၊ သုနန္ဒာလမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၆၄၂၀၇၅၇**

